# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 3 October 2017 (၉၀၆၆)


# ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းရရှိစေရန် မျှော်မှန်းထား

**နေပြည်တော် အောက်တိုဘာ ၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း (GDP growth rate) ကို ၇ ရာခိုင်နှုန်းရရှိစေရန် မျှော်မှန်းထားကြောင်း ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားလိုက်သည်။

ကမ္ဘာ့ဘဏ်က ၇ ရာခိုင်နှုန်း ခန့်မှန်းထားပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ၇ ဒသမ ၅ ရာခိုင်နှုန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်က ၈ ဒသမ ၃ ရာခိုင်နှုန်း ခန့်မှန်းထားရာ မျှော်မှန်းထားသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ရရှိနိုင်ရန် နိုင်ငံတော်ဘတ်ဂျက် အပါအဝင် နိုင်ငံတော်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၇) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**




ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှာစကားပြောကြားစဉ်။

**ဟောင်ကောင်တက္ကသိုလ်နှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး**




စာမျက်နှာ - ၃


**ဘူးသီးတောင်မြို့နယ်မှ ဘင်္ဂါလီ ၁၀၀၀၀ ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့သွားရန် နယ်စပ်အနီး ထပ်မံရောက်ရှိနေ၍ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံညှိနှိုင်း**


စာမျက်နှာ - ၅


**မောင်တောဒေသရှိ နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသော ကျေးရွာများသို့ ဆန်အိတ်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်း**


စာမျက်နှာ - ၉


# ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ မောင်တောဒေသသို့ သွားရောက်ကြည့်ရှုလေ့လာ

**စစ်တွေ အောက်တိုဘာ ၂**

ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်ကြည့်ရှုလေ့လာရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာသမားများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထို့နောက် အဖွဲ့သုံးဖွဲ့ခွဲကာ စစ်တွေလေဆိပ်မှ ရသေ့တောင်မြို့နယ်ရှိ အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် အနောက်ပြင်ကျေးရွာနှင့် ရခိုင်တိုင်းရင်းသားများနေထိုင်သည့် ရွှေလောင်းတင်ကျေးရွာတို့သို့ သွားရောက်ပြီး အစ္စလာမ်ဘာသာဝင်များ၊ ရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ လတ်တလောစားဝတ်နေရေးအခက်အခဲများ၊ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းကြသည်။

ထို့နောက် မောင်တောမြို့နယ်အတွင်းရှိ အစ္စလာမ်ဘာသာဝင်များနေထိုင်ရာ နုရုလ္လာကျေးရွာသို့ ရောက်ရှိပြီး မိုရာမုန်တိုင်းကြောင့် ပျက်စီးနေသည့် အာရဗီစာသင်ကျောင်းနှင့် အဆိုပါနေရာအနီး မီးလောင်ပြင်ကို သွားရောက်ကြည့်ရှုကာ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများအား အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့်အခြေအနေ၊ ကျေးရွာများ မီးလောင်ကျွမ်းခဲ့မှုအခြေအနေများကို မေးမြန်းကြသည်။


**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**





ကြေးမုံ

# မုန်းတီးမှုများ၊ ရက်စက်မှုများ၊ အကြမ်းဖက်မှုများ အဆုံးသတ်ရေး

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက် အမေရိကန်စံတော်ချိန် ည ၁၀ နာရီခွဲ(မြန်မာစံတော်ချိန် အောက်တိုဘာ ၂ ရက် မွန်းတည့် ၁၂ နာရီခန့်) ဖြစ်၏။

အမေရိကန်နိုင်ငံ၏ နာမည်ကျော်ကစားပွဲမြို့တော် လတ်စ်ဗီးဂက်စ်၌ သေနတ်သမားတစ်ဦးက မန္တလေးဘေးအမည်ရှိ ဟိုတယ်နှင့် ကစားပွဲအဆောက်အအုံ၏ ၃၂ ထပ်ပေါ်မှ အောက်ရှိ လူအုပ်စုထဲသို့ သေနတ်ဖြင့် အဆက်မပြတ် ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်မှုတစ်ခု ဖြစ်ပွားခဲ့၏။

အဆိုပါ ပစ်ခတ်သတ်ဖြတ်မှုကြောင့် လူ ၅၀ သေဆုံးခဲ့ပြီး လူ ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု သိရပါသည်။ ဒဏ်ရာရသူများ၏ နောက်ဆုံးအခြေအနေကို တိတိကျကျ မသိရသေးသည့်အတွက် သေဆုံးမှုနှင့် ဒဏ်ရာပြင်းထန်မှု အနည်းအများကို ယခုထိ သေသေချာချာ မပြောနိုင်သေးသော်လည်း အလွန်ဆိုးရွားသော ထိခိုက်မှုဖြစ်သည်ကတော့ အသေအချာ။

လူအများဆုံး ပစ်ခတ်သတ်ဖြတ်မှုအဖြစ် အမေရိကန်နိုင်ငံ၏ သမိုင်းနှင့်ချီ၍ မှတ်တမ်းတင်ရမည့် အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့သည်။

အကြောင်းပြချက် မည်မည်ရရမရှိ၊ ဘယ်သူဘယ်ဝါမှန်းပင်မသိ၊ ဘယ်လိုရန်ငြိုးရန်စ မကျေနပ်ချက်လည်းမရှိပါဘဲ လမ်းပေါ် အေးအေးချမ်းချမ်း လမ်းလျှောက်နေသူများကို အပေါ်စီးမှ သိမ်းကျုံးပစ်ခတ်သတ်ဖြတ်ခြင်းဖြစ်၏။ ပစ်ခတ်သူလည်း သေဆုံးသွားပြီဖြစ်ကြောင်း သတင်းထုတ်ပြန်မှုများအရ သိရပါသည်။

ပစ်ခတ်သူကို အသေအချာ မသိသေးသော်လည်း လူဖြူ လတ်စ်ဗီးဂက်စ် မြို့သားတစ်ဦးဖြစ်ကြောင်းသာ သိရသေးသည်။

မြန်မာလူမျိုးများ၏ ရိုးရာဓလေ့၊ တွေးခေါ်မြော်မြင်မှုနှင့် ယှဉ်တွေးလျှင် နားလည်ရန်နှင့် ဖြစ်နိုင်ရန် အလွန်ပင်ခက်ခဲသော ရက်စက်မှုဖြစ်ကြောင်း မှတ်ချက်ပြုကြမည်ဖြစ်သည်။

လူမှုရေး၊ စီးပွားရေးမညီမျှမှု ကွာခြားချက်မြင့်မားလွန်းခြင်းနှင့် လက်နက်ကိုင်ဆောင်ခွင့်ဆိုင်ရာ ဥပဒေ၏ အားနည်းချက်တို့က အဓိကကျသော အခြေခံအချက်များဟု ယူဆမိပါသည်။

အခြားသော လူတစ်ဦးချင်းဆိုင်ရာ စိတ်နေသဘောထားနှင့် အသိဉာဏ်ရင့်ကျက်မှုတို့ကလည်း အရေးပါပါမည်။ ပုံမှန်လူတစ်ဦးအနေဖြင့် လူအများကို ဘာအကြောင်းမှ မည်မည်ရရမရှိဘဲ သို့မဟုတ် မိမိနှင့် ပတ်သက်ဆက်ဆိုင်မှု ဘာမျှမရှိဘဲ ပစ်ခတ်သတ်ဖြတ်စရာ အကြောင်းမရှိ။

လူ့ဘဝမှာ အသက်ရှင်သန်နေထိုင်မှုဆိုသည်က အရေးကြီးဆုံးဖြစ်ပါသည်။ ထိုအသက်ရှင်သန်မှုကို မည်သူက သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တားမြစ်အဆုံးသတ်ခွင့်ရှိသည်လဲ။ ဘယ်သူ အသက်ဆက်လက်ရှင်သန်သင့်သည်လဲ၊ သို့မဟုတ် ဘယ်သူ အသက်ဆက်လက်ရှင်သန်ခွင့်မရှိသင့်တော့ ဆိုသည်ကို လူတစ်ဦးတစ်ယောက်က ဥပဒေမဲ့ ဆုံးဖြတ်နေပြီဆိုလျှင် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အကြီးမားဆုံး အန္တရာယ်ဖြစ်နေပြီ။

ကမ္ဘာတစ်လွှားမှာ လက်နက်ကိုင်ဆောင်သူတို့က ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်ချက်ချမှုတို့ကြောင့် သေဆုံးနေရသူတို့ များပြားနေခဲ့ပြီ။

သေဆုံးခဲ့ရသူတို့မှာ မည်သို့သော အကာအကွယ်ကိုမှ မရခဲ့။ တရားဥပဒေမရှိ။ ပြန်လည်ခုခံခွင့်မရှိ။ ပြောဆိုချေပခွင့်ပင် မရှိ။ လူ့အခွင့်အရေး ဒီမိုကရေစီရေးဆိုသည်ကို ကြွေးကြော်နေရုံမျှမကဘဲ ဥပဒေမဲ့ သတ်ဖြတ်မှုများကို ထိန်းသိမ်းချုပ်ကိုင်နိုင်ဖို့လိုပါမည်။

လူ့အဖွဲ့အစည်းတစ်ခုလုံးကို စိတ်အချဉ်ပေါက် မုန်းတီးလို့ပဲဖြစ်ဖြစ်၊ ယုံကြည်မှုဆိုင်ရာ အစွန်းရောက်စွဲလမ်းမှုများကြောင့်ပဲဖြစ်ဖြစ် လူတစ်ဦးကို သို့မဟုတ် လူအများအပြားကို ရက်စက်သတ်ဖြတ်လိုသူများကို အမှန်တကယ် ရပ်တန့်သွားအောင် ကြိုးပမ်းသင့်ကြပြီ။

အမေရိကန်နိုင်ငံ လတ်စ်ဗီးဂက်စ်မှ ပစ်ခတ်ခံရသူ လူအများအတွက် စိတ်ထိခိုက်ခံစားရကြောင်းတင်ပြရင်း အကြမ်းဖက်သတ်ဖြတ်မှုများကို အမှန်တကယ် ဖော်ထုတ်နိုင်ကာ ရပ်တန့်သွားအောင် အားထုတ်နိုင်ကြပါစေဟု တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အထက(၄)အလုံ သီရိရတနာခန်းမ၌ ပြုလုပ်သည်။

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကို ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ဖြင့် နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့ကို သတ်မှတ်ပေးခဲ့ပြီး နိုင်ငံအသီးသီးတွင် ၁၉၉၂ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့ကြကာ မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က "အသက်အရွယ်ကြီးရင့်သူတွေမှာ ပိုက်ဆံနဲ့ဝယ်လို့မရတဲ့ အကြံဉာဏ်ကောင်းတွေ၊ အတွေ့အကြုံကောင်းတွေရှိပါတယ်။ သက်ကြီးရွယ်အိုတွေကို အစောင့်အရှောက်ခံ လူကြီးတွေလို့ သဘောမထားဘဲ ရပ်ရွာအကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်နိုင်ဖို့ ဖန်တီးပေးဖို့လိုပါတယ်။ အသိအမှတ်ပြုပေးဖို့လည်း လိုပါတယ်။သက်ကြီးရွယ်အိုတွေကို ကျန်းမာသန်စွမ်းအောင်လုပ်ပေးမယ်။ သူတို့စိတ်ဓာတ်ကိုတိုးတက်အောင်လုပ်ပေးမယ်။ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေမှာလည်း ပါဝင်ဆောင်ရွက်နိုင်အောင် လုပ်သွားမယ်ဆိုရင် နိုင်ငံအတွက် အင်မတန်အကျိုးရှိသော သက်ကြီးရွယ်အိုတွေ ဖြစ်လာပါလိမ့်မယ်"ဟု ပြောသည်။



ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင် အသီးသီးကအလှူငွေနှင့် ပစ္စည်း တန်ဖိုးစုစုပေါင်း ငွေကျပ် ၃၅၃၅၁၉၄၀ ကို လှူဒါန်းခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အလှူရှင်များက သက်ကြီးဘိုးဘွားများအား အလှူငွေများ၊ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အသက် (၉၇)နှစ်နှင့်အထက် အဘိုးအဘွား ၆၄၃ ဦးအား တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းနှင့် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဘိုးဘွားရိပ်သာ ၁၄ ခုအတွက် ဘိုးဘွား ရိပ်သာတစ်ခုလျှင် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၄ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(သီသီမင်း)**

# မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်လက်များ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ကွမ်းလုံ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက်က 'ဝ'နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအိန္ဒယ်လိုင်ပူက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးတိုးလင်းက သန်းခေါင်စာရင်းဆိုင်ရာအချက်အလက် အကျဉ်းချုပ်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သန်းခေါင်စာရင်း နောက်ခံအကြောင်းအရာများ၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ကိုးကွယ်သည့်ဘာသာဆိုင်ရာ၊ ပညာရေးဆိုင်ရာအချက်၊ စီးပွားရေး ဆိုင်ရာ၊ မသန်စွမ်းမှုဆိုင်ရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ အချက်အလက်များ၊ ကိုင်ဆောင်သည့် လက်မှတ် အမျိုးအစားများ၊ ဆန်းစစ်လေ့လာ အကဲဖြတ်ခြင်းနှင့် အမေးအဖြေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် နိုင်ငံရေးပါတီဝင်များ တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းကို နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**မိုင်းခိုင်ဇော်(IPRD)**

# အာမခံလုပ်ငန်းများ ဆွေးနွေး

**ရမည်းသင်း အောက်တိုဘာ ၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရမည်းသင်းခရိုင် မြန်မာ့အာမခံလုပ်ငန်းမှ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းသင်တန်းခန်းမ၌ အမျိုးသမီးရဲတပ်သားသစ် အမှတ်စဉ် (၄၄/၂၀၁၇) သူရတပ်ခွဲနှင့် အမှတ်စဉ်(၄၃/၂၀၁၇)စည်သူတပ်ခွဲ အမျိုးသမီး ရဲတပ်သားသစ်များအား အသက်အာမခံအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာလ နောက်ဆုံးပတ်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း ရမည်းသင်းခရိုင်တာဝန်ခံ ဒေါ်သီတာဌေးက အာမခံလုပ်ငန်းများဖြစ်သော အသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံနှင့် ခရီးသွားအာမခံလုပ်ငန်းဆိုင်ရာ အာမခံထားရှိခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး သင်တန်းသူများက သိရှိလိုသည်များကိုမေးမြန်းကာ တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၂၅၀၀၀ - ၉၂၅၀၀၀ | | မန္တလေး(ရွှေဈေး) | ၉၂၅၀၀၀ - ၉၂၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၇၅ ကျပ်၊ | ၈၀၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၄၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၅/၇၅၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၉၀/၆၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၃. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၄. ၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၇၉၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၁. ၅၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၂၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၆. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၇၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၀. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးထူထောင်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. General Ngo Xuan Lich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ထူထောင်ရေးနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Dr.Luan Thuy Duong လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# ဟောင်ကောင်တက္ကသိုလ်နှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဟောင်ကောင်တက္ကသိုလ်၏ အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲ President and Vice Chancellor , Prof. Peter Mathieson ၊ ၎င်း၏ဇနီး Dr.Christina Mathieson နှင့် ဒုတိယအုပ်ချုပ်ရေးအကြီးအကဲ Prof. Ian Holliday တို့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ဟောင်ကောင်တက္ကသိုလ်နှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လုပ်ဆောင်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများနှင့် အခြားပညာရေးဆိုင်ရာကဏ္ဍများတွင် ဟောင်ကောင်တက္ကသိုလ်အနေဖြင့် ပံ့ပိုးလုပ်ဆောင်ပေးနိုင်မည့် ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ် တိုးတက်ကောင်းမွန်စေရန် အထူးသဖြင့် အခြေခံပညာရေးဆိုင်ရာ သင်ကြားမှုစနစ်နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# သီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆည်ရေရုဆောင်းထားရှိမှု အသိပေးနှိုးဆော်ထား

**နေပြည်တော် အောက်တိုဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် သီးနှံများအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စိုက်ပျိုးရေ ပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် ယခင်နှစ်က ရေလှောင်တမံ ၁၄၇ ခု၌ သိုလှောင်ရေဧကပေပေါင်း ၁၀ ဒသမ ၉ သန်းခန့် သိုလှောင်နိုင်ခဲ့ပြီး ယခုနှစ်တွင် ရေလှောင်တမံ ၁၆၇ ခု၌ စက်တင်ဘာ ၂၀ ရက်အထိ သိုလှောင်ရေဧကပေပေါင်း ၁၂ ဒသမ ၅ သန်းကျော်ခန့် သိုလှောင်ထားနိုင်သည့်အတွက် ယခင်နှစ်ထက် ဧကပေ ၁ ဒသမ ၆ သန်းကျော် ပိုမိုသိုလှောင်ထားရှိနိုင်ခဲ့သည်။

ယခုနှစ်တွင် ဆည်ရေသောက်ဧရိယာများအတွင်း ဆည်ရေပေးဝေ၍ စိုက်ပျိုးထားသော မိုးစပါးဧက ၁၂ သိန်းခန့် အောင်မြင်ဖြစ်ထွန်းသည်အထိ စိုက်ပျိုးရေပေးဝေလျက်ရှိသည့်အပြင် ယခုနှစ် တမံများအတွင်း လက်ရှိသိုလှောင်ထားသည့်ရေဖြင့် ယခင်နှစ်က ရေပေးဝေ စိုက်ပျိုးခဲ့သည့် နွေစပါးစိုက်ဧက ကိုးသိန်းကျော်ထက် စိုက်ဧက သုံးသိန်းခန့် ပိုမိုတိုးချဲ့လျာထားပြီး ဧက ၁၂ သိန်း စိုက်ပျိုးရန် ရေပေးဝေသွားနိုင်မည်ဖြစ်သည်။

သီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးရေကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် လည်းကောင်း၊ ဈေးကွက်ဝင်သီးနှံများ ရွေးချယ်စိုက်ပျိုးထုတ်လုပ်နိုင်ရန် အတွက်လည်းကောင်း၊ ဒေသအလိုက်၊ ကွင်းအလိုက် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး စိုက်ပျိုးရန် သင့်လျော်သော သီးနှံပုံစံအတွဲများကို တောင်သူလယ်သမား အစုအဖွဲ့များ၊ သက်ဆိုင်ရာ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေး၍ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် လိုအပ်သည်။

နွေစပါးသီးနှံအပါအဝင် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေရယူသုံးစွဲနိုင်ရေးနှင့် သီးနှံမျိုးစေ့နှင့် စိုက်ပျိုးနည်းပညာ အကူအညီများ ရယူလိုပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ လိုအပ်သလို ညှိနှိုင်းစီစဉ် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်ထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အား ဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက် အောက်တိုဘာ ၁ ရက်တွင်ရှိသော လူဦးရေစာရင်းအား လူဦးရေသန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံတွက်ချက်၍ နှစ်စဉ် ထုတ်ပြန်ပေးလျက်ရှိသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကို အခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၃ ဒသမ ၃၉ သန်းဖြစ်ကြောင်း သိရသည်။

အဆိုပါနေ့ရက်တွင်ရှိသော တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းမှာ ကချင်ပြည်နယ်တွင် ကျား ၉၅၁၂၃၈၊ မ ၈၇၈၆၁၁ စုစုပေါင်း ၁၈၂၉၈၄၉၊ ကယားပြည်နယ်တွင် ကျား ၁၅၄၃၃၀၊ မ ၁၅၅၈၈၃ စုစုပေါင်း ၃၁၀၂၁၃၊ ကရင်ပြည်နယ်တွင် ကျား ၇၇၉၃၉၈၊ မ ၈၁၃၆၅၅ စုစုပေါင်း ၁၅၉၃၀၅၃၊ ချင်းပြည်နယ်တွင် ကျား ၂၄၃၃၂၆၊ မ ၂၆၅၀၃၃ စုစုပေါင်း ၅၀၈၃၅၉၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျား ၂၅၉၀၆၆၄၊ မ ၂၉၀၀၅၀၆ စုစုပေါင်း ၅၄၉၁၁၇၀၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျား ၇၂၄၅၃၆၊ မ ၇၃၅၄၁၇ စုစုပေါင်း ၁၄၅၉၉၅၃၊ ပဲခူးတိုင်းဒေသကြီးတွင် ကျား ၂၃၃၆၄၆၄၊ မ ၂၅၈၂၃၅၇ စုစုပေါင်း ၄၉၁၈၈၂၁၊ မကွေးတိုင်းဒေသကြီးတွင် ကျား ၁၈၁၄၂၃၀၊ မ ၂၁၂၇၀၀၉ စုစုပေါင်း ၃၉၄၁၂၃၉၊ မန္တလေးတိုင်းဒေသကြီးတွင် ကျား ၃၀၂၁၈၁၄၊ မ ၃၃၆၇၅၇၇ စုစုပေါင်း ၆၃၈၉၃၉၁၊ မွန်ပြည်နယ်တွင် ကျား ၉၅၅၇၄၄၊ မ ၁၀၅၅၆၈၃ စုစုပေါင်း ၂၀၁၁၄၂၇၊ ရခိုင် ပြည်နယ်တွင် ကျား ၁၅၇၂၉၅၆၊ မ ၁၇၂၇၀၈၃ စုစုပေါင်း ၃၃၀၀၀၃၉၊ ရန်ကုန် တိုင်းဒေသကြီးတွင် ကျား ၃၇၆၉၇၇၈၊ မ ၄၁၆၆၈၅၉ စုစုပေါင်း ၇၉၃၆၆၃၇၊ ရှမ်းပြည်နယ်တွင် ကျား ၃၀၈၇၂၅၇၊ မ ၃၁၀၁၄၃၂ စုစုပေါင်း ၆၁၈၈၆၈၉၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျား ၃၀၄၅၀၄၀၊ မ ၃၂၂၆၀၃၀ စုစုပေါင်း ၆၂၇၁၀၇၀၊ နေပြည်တော်ကောင်စီနယ်မြေတွင် ကျား ၆၀၁၀၇၂၊ မ ၆၃၆၉၆၆ စုစုပေါင်း ၁၂၃၈၀၃၈ ဦးဖြစ်ပြီး မြန်မာနိုင်ငံ၏ လူဦးရေမှာ ကျား ၂၅၆၄၇၈၄၇၊ မ ၂၇၇၄၀၁၀၁ စုစုပေါင်း ၅၃၃၈၇၉၄၈ ဦးဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လတ်စ်ဗီးဂက်စ်တွင် သေနတ်ပစ်ခတ်မှုကြောင့် လူ ၅၀ ထက် မနည်းသေဆုံး၊ ၄၀၀ ကျော် ဒဏ်ရာရ

**လတ်စ်ဗီးဂက်စ် အောက်တိုဘာ ၂**

အမေရိကန်ပြည်ထောင်စု လတ်စ်ဗီးဂက်စ်မြို့တွင် အောက်တိုဘာ ၁ ရက်က လူအုပ်အတွင်းသို့ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ၅၀ ထက်မနည်း သေဆုံးပြီး လူ ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်ဖြင့် ပစ်ခတ်သူဟု သံသယရှိခံရသူသည် အခင်းဖြစ်ပွားရာနေရာအနီးရှိ ဟိုတယ်တစ်ခုအတွင်းမှ ပစ်ခတ်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က အောက်တိုဘာ ၂ ရက်တွင် ပြောကြားသည်။

လတ်စ်ဗီးဂက်စ်မြို့၏ ထင်ရှားကျော်ကြားသည့် ဗေးဂက်စ်စထရစ်ဒေသရှိ မန္တလေး ပင်လယ်အော် ကာစီနိုအမည်ရှိ လောင်းကစားရုံ တည်ရှိရာ ဟိုတယ်မှနေ၍ သေနတ်သမားက ပစ်ခတ်ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဟားဗက် ၉၁ လမ်း ကျေးလက်ရိုးရာ တေးဂီတဟု အမည်ပေးထားသော ဂီတဖျော်ဖြေပွဲ ကျင်းပစဉ် သေနတ်သမားက လူအုပ်အတွင်းသို့ ပစ်ခတ်ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များက သေနတ်သမားကို ဟိုတယ်ခန်းတွင် အသေပစ်ခတ်၍ ဖမ်းဆီးခဲ့သည်။

အင်တာနက်တွစ်တာပို့စ်တစ်ခု၌ ဖော်ပြရာတွင် လူအများအော်ဟစ် ပြေးလွှားနေပုံပါရှိပြီး ယင်းရုပ်ပုံများ၏ နောက်ခံအသံအဖြစ် သေနတ်ပစ်ခတ်သံများကို ကြားရသည်ဆို၏။ လတ်စ်ဗီးဂက်စ်မြို့သည် ကာစီနိုလောင်းကစားရုံများဖြင့် ကျော်ကြားပြီး ဂျပန်ကမ္ဘာလှည့်ခရီးသွားများအကြားတွင် ရေပန်းစားသည့် နေရာလည်းဖြစ်သည်။

**ဆင်ဟွာ။**

# ဂျပန်အတိုက်အခံ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ဒုတိယဥက္ကဋ္ဌ အီဒါနို နိုင်ငံရေးပါတီသစ်ထူထောင်မည်

**တိုကျို အောက်တိုဘာ ၂**

ဂျပန်နိုင်ငံ၌ ညီညွတ်မှုပြိုကွဲနေသော အတိုက်အခံ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ဒုတိယဥက္ကဋ္ဌ ယူကီယိုအီဒါနိုသည် လစ်ဘရယ်အဖွဲ့ဝင်များပါဝင်စေလျက် နိုင်ငံရေးပါတီသစ်ကို ထူထောင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

**-- စီစဉ်လျက်ရှိ --**

ဂျပန်နိုင်ငံ၌ အောက်တိုဘာလအတွင်း ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ တိုကျိုအုပ်ချုပ်ရေးမှူး ယူရီကို ကိုအိကေး ဦးဆောင်သော မျှော်လင့်ချက်ပါတီအမည်ရှိ ပါတီသစ်မှ လက်ခံနိုင်ဖွယ်မရှိသော နိုင်ငံရေးသမားများဖြင့် ပါတီသစ်ကို ထူထောင်ရန် အီဒါနိုက စီစဉ်လျက်ရှိသည်။

အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပမည့် အောက်လွှတ်တော်ရွေးကောက်ပွဲ၌ မိမိ၏ ပါတီဝင်များကို ကိုအိကေး၏ ပါတီကိုယ်စားလှယ်လောင်းများအဖြစ် ယှဉ်ပြိုင်ခြင်းကို ခွင့်ပြုပေးမည်ဟု ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဆန်ဂျီမယ်ဟာရာက ပြောကြားသည်။

**-- မဟာမိတ်ဖွဲ့ --**

ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့အား စိန်ခေါ်နိုင်ရေးအတွက် ဒီမိုကရက်တစ်ပါတီနှင့် မျှော်လင့်ချက်သစ်ပါတီတို့ မဟာမိတ်ဖွဲ့ ဆောင်ရွက်သွားရန် အဆိုပါ ပါတီတို့၏ ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

**-- ခွင့်ပြုမည် --**

အမျိုးသားလုံခြုံရေးကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ မိမိတို့ပါတီ နှစ်ပါတီအကြား မူဝါဒအရ တူညီမှုရှိကြသဖြင့် ဒီမိုကရက်တစ်ပါတီမှ နိုင်ငံရေးသမားများကို မိမိ၏ပါတီမှ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဟု ကိုအိကေးက ပြောကြားသည်။

**ဆင်ဟွာ။**



# အမေရိကန်ထံမှ ပထမဆုံးအကြိမ် တင်ပို့သောရေနံစိမ်း အိန္ဒိယ လက်ခံရရှိမည်

**နယူးဒေလီ အောက်တိုဘာ ၂**

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ရှိ ပရာဒစ်ပင်လယ်ဆိပ်ကမ်းသို့ အရွယ်အစားအလွန်ကြီးမားလှသည့် ရေနံတင်သင်္ဘောတစ်စင်း အောက်တိုဘာ ၂ရက်တွင် ဆိုက်ကပ်ရန် စီစဉ်ထားကြောင်း၊ အိန္ဒိယနိုင်ငံက အမေရိကန်ပြည်ထောင်စုထံမှ ပထမဆုံးအကြိမ် ရေနံစိမ်းကို လက်ခံရရှိမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယရေနံလုပ်ငန်း ကော်ပိုရေးရှင်းသည် အမေရိကန်ပြည်ထောင်စုထံမှ ပထမဆုံးအကြိမ် ရေနံစိမ်းဝယ်ယူတင်သွင်းရန် ဇူလိုင်လ အစောပိုင်းတွင် အမှာစာပေးပို့ခဲ့သည်။ အလားတူပင် နိုင်ငံပိုင် ရေနံလုပ်ငန်းများဖြစ်ကြသော ဘာရတ်ရေနံလုပ်ငန်း ကော်ပိုရေးရှင်းနှင့် ဟင်ဒူစတန်ရေနံလုပ်ငန်း ကော်ပိုရေးရှင်းတို့ကလည်း အမေရိကန်ထံမှ ရေနံစိမ်း ဝယ်ယူရန် အပူတပြင်း ဆောင်ရွက်လာခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုထံမှ ဝယ်ယူသည့် ရေနံစိမ်းစည်ပေါင်း ၁ ဒသမ ၆ သန်းကို တင်ဆောင်ထားသည့် ရေနံတင်သင်္ဘောကြီး တစ်စင်းသည် အောက်တိုဘာ ၂ ရက်တွင် ပရာဒစ်ပင်လယ်ဆိပ်ကမ်းသို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း အိန္ဒိယရေနံလုပ်ငန်း ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဆန်ဂျေးဆင်းက ပြောကြားသည်။

အမေရိကန် ပင်လယ်ကွေ့ဒေသမှ ရေနံစိမ်းဝယ်ယူရန် အိန္ဒိယအစိုးရအဖွဲ့က နိုင်ငံပိုင် ရေနံချက်လုပ်ငန်းများကို တိုက်တွန်းအားပေးလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် ရေနံစိမ်းတင်ပို့မှု ကျဆင်းသွားချိန်တွင် အမေရိကန် ရေနံစိမ်းကို အခြားနိုင်ငံများမှ တင်ပို့သော ရေနံစိမ်းနှင့် နှိုင်းယှဉ်လျှင် ပိုမိုချိုသာသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

၂၀၁၈ ခုနှစ် မတ်လထက်နောက်မကျဘဲ အမေရိကန်ထံမှ ရေနံစိမ်းသင်္ဘော ရှစ်စင်းတိုက်စာ ဝယ်ယူရန် အိန္ဒိယရေနံလုပ်ငန်းကော်ပိုရေးရှင်းနှင့် ဘာရတ်ရေနံလုပ်ငန်း ကော်ပိုရေးရှင်းတို့က ကတိကဝတ်ပြုထားကြကြောင်း အမေရိကန်စွမ်းအင်လုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ပီတီအိုင်။**

# ကိုလံဘီယာ၌ ငြိမ်းချမ်းရေး ဆွေးနွေးရန် အပစ်အခတ်ရပ်စဲ

**ဘိုဂိုတာ အောက်တိုဘာ ၂**

ကိုလံဘီယာနိုင်ငံ၌ ရာစုနှစ်ထက်ဝက် နီးပါးကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းစစ် အဆုံးသတ်ရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ကျင်းပရန်ရှိနေစဉ် ချစ်ကြည်ရေး ပြယုဂ်အဖြစ် အစိုးရတပ်ဖွဲ့နှင့် ကွန်မြူနစ်ဝါဒီ အီးလ်အယ်လ်အင်န် သူပုန်အဖွဲ့တို့ အပစ်အခတ်ရပ်စဲမှု ပြုလုပ်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

**-- ပထမဆုံး --**

အီးလ်အယ်လ်အင်န်(ခေါ်)အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့နှင့် အစိုးရတပ်ဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ အပစ်အခတ်ရပ်စဲမှုမှာ အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၉ ရက်အထိ ဖြစ်ပြီး အကယ်၍ နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အတိအကျလိုက်နာကြမည်ဆိုပါက သက်တမ်းတိုးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အပစ်အခတ်ရပ်စဲရေးမှာ အရေးကြီးသော အဆင့်ဖြစ်ပြီး အနာဂတ်တွင် အီးလ်အယ်လ်အင်န် သူပုန်အဖွဲ့ လက်နက်စွန့်ရေးအတွက် ပဏာမလိုအပ်ချက်ဖြစ်ကြောင်း သမ္မတ ယွန်မင်နျူယယ် ဆန်တို့စ်က ပြောကြားသည်။ ကိုလံဘီယာနိုင်ငံ၏ စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အီကွေဒိုနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

**ရိုက်တာ။**

# တရုတ်နိုင်ငံ၏ ထုတ်လုပ်နိုင်သော ရွှေပမာဏ တန်ချိန် ၁၂၁၀၀ အထိရှိ

**ပေကျင်း အောက်တိုဘာ ၂**

တရုတ်နိုင်ငံ၏ ဧကန်ထုတ်လုပ်နိုင်သောရွှေပမာဏသည် ၂၀၁၆ ခုနှစ် နှစ်ကုန်တွင် တန်ချိန် ၁၂၁၀၀ အထိ ရောက်ရှိလာကြောင်း၊ ကမ္ဘာပေါ်တွင် တောင်အာဖရိကနိုင်ငံပြီးလျှင် ဧကန်ထုတ်လုပ်နိုင်သော ရွှေပမာဏ ဒုတိယအကြီးမားဆုံးနိုင်ငံဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ရွှေလုပ်ငန်းဆိုင်ရာအသင်း (စီဂျီအေ)ဒုတိယ ဥက္ကဋ္ဌ ကျန်းယွန်တောင်းက သတင်းစာရှင်းလင်းပွဲတွင် ဧကန်ထုတ်လုပ်နိုင်သောရွှေပမာဏနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

ယမန်နှစ်အတွင်းက တရုတ်နိုင်ငံ၏ ရွှေဈေးကွက်အတွင်း ရွှေရောင်းဝယ်မှု ပမာဏမှာ တန်ချိန် ၇၀၀၀၀ အထိ ရှိခဲ့ပြီး ယင်းပမာဏသည် ၂၀၂၀ ခုနှစ် အရောက်တွင် တန် ၁၀၀၀၀၀ ကို ကျော်လွန်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။ လွန်ခဲ့သည့် ၁၀ နှစ်တာကာလပတ်လုံး တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရွှေအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်လာသည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သည့် လေးနှစ်တာကာလပတ်လုံး ကမ္ဘာပေါ်တွင် ရွှေအများဆုံး သုံးစွဲသည့် နိုင်ငံဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၂၀ပြည့်နှစ် အရောက်တွင် တစ်နှစ်လျှင် ရွှေတန်ချိန် ၅၀၀ အထိ ထုတ်လုပ်နိုင်ရေး ရည်မှန်းထားပြီး လက်ရှိတွင် တစ်နှစ်လျှင် ရွှေတန်ချိန် ၄၅၀ အထိ ထုတ်လုပ်နေသည်။




၂၀၁၇ ခုနှစ်၏ ပထမနှစ်ဝက်တာ ကာလတွင် တရုတ်နိုင်ငံက စုစုပေါင်း ရွှေတန်ချိန် ၂၀၇ တန် ထုတ်လုပ်ခဲ့ပြီး ယင်းပမာဏမှာ လွန်ခဲ့သည့် နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ရွှေထုတ်လုပ်မှု ပမာဏ ၉ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း (စီဂျီအေ)က ပြောကြားသည်။

ယင်းကာလအတွင်း တရုတ်နိုင်ငံ၏ ရွှေသုံးစွဲမှု ပမာဏမှာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၁၀ ရာခိုင်နှုန်း နီးပါးမြင့်တက်လာပြီး ယခုနှစ်ပထမခြောက်လအတွင်း တန်ချိန် ၅၄၅ တန်အထိ ရှိခဲ့သည်။

**ဆင်ဟွာ။**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. General Ngo Xuan Lich အား ဇေယျာသီရိ ဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးကြသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသအတွင်း လုံခြုံရေးနှင့် နိုင်ငံတကာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် ထောက်လှမ်းရေးသတင်းများ ဖလှယ်ရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် အတွေ့အကြုံဖလှယ်ရေး၊ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဆက်သွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**




# မြို့နယ်ပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၂** ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အားကစားရုံ၌ ရန်ကုန်မြောက်ပိုင်းခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ (U-25) အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀နာရီတွင် ကျင်းပခဲ့ရာ ဗိုလ်လုပွဲတွင် အင်းစိန်မြို့နယ်အသင်းက လှိုင်သာယာမြို့နယ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ယူပြီး ပထမဆုရရှိခဲ့သည်။

ထို့နောက် တတိယရရှိသော ရွှေပြည်သာမြို့နယ်အသင်း၊ ဒုတိယရရှိသော လှိုင်သာယာမြို့နယ်အသင်းနှင့် ပထမရရှိသော အင်းစိန်မြို့နယ်အသင်းတို့အား လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ကြပြီး ပထမ တံခွန်စိုက်ဒိုင်းဆုရရှိသော အင်းစိန်မြို့နယ်ဘောလုံးအသင်းအား ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်စိုးက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(U-25) မြို့နယ်ပေါင်းစုံ အမျိုးသားဖူဆယ် ဘောလုံးပြိုင်ပွဲကို ရှစ်မြို့နယ် ဘောလုံးအားကစားအသင်း ရှစ်သင်းဖြင့် စက်တင်ဘာ ၂၅ ရက်မှ ၃၀ ရက်အထိ လှိုင်သာယာမြို့နယ် အားကစားရုံ၌ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ညဏ်ဟိန်း**



အောက်တိုဘာ ၂ ရက်ညပိုင်းက ရန်ကုန်မြို့ ရေကျော်ရပ် သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ၊ ဈေးရောင်းပွဲများ စတင်ဖွင့်လှစ်စဉ်။ (ဇာဏီ)

# ဘူးသီးတောင်မြို့နယ်မှ ဘင်္ဂါလီ ၁၀၀၀၀ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ သွားရန် နယ်စပ်အနီး ထပ်မံရောက်ရှိနေ၍ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံညှိနှိုင်း

**နေပြည်တော် အောက်တိုဘာ ၂** ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဘင်္ဂါလီများသည် စားဝတ်နေရေးအခက်အခဲကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရ ကျေးရွာတွင် လုံခြုံမှုမရှိဟု ယူဆ၍လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် ဘင်္ဂါလီများကထွက်ခွာရန် ဆက်သွယ်ပြောဆိုခြင်းများကြောင့် လည်းကောင်း၊ ၎င်းတို့အုပ်စုသည် လူနည်းစုဖြစ်မည်ကို စိုးရိမ်သဖြင့် တစ်ဖက်နိုင်ငံရှိ ၎င်းတို့ မျိုးနွယ်စုများထံ သွားရောက်လိုခြင်းကြောင့်လည်းကောင်း မိမိနေထိုင်သည့် ကျေးရွာများမှ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် စက်တင်ဘာ ၂၆ ရက်မှ စတင်၍ ထွက်ခွာခဲ့ကြပြီး နှစ်နိုင်ငံနယ်စပ်အနီးသို့ စုပြုံရောက်ရှိလျက်ရှိသည်။

မောင်တောမြို့နယ် သဘော်ဇလှကျေးရွာနှင့် သာယာကုန်းကျေးရွာကြားတွင် ဘူးသီးတောင်မြို့နယ်အတွင်းမှ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်မည့် ဘင်္ဂါလီများ ရောက်ရှိနေကြောင်းသတင်းအရ မောင်တောခရိုင်အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁ ရက် နံနက် ၁၁နာရီတွင် သွားရောက်တွေ့ဆုံခဲ့သည်။



တိမ်းရှောင်ရောက်ရှိနေသည့် ဘင်္ဂါလီများအား စားဝတ်နေရေးအခက်အခဲရှိပါက ဆန်၊ ဆီ၊ ဆား၊ ပဲ လေးမျိုးကို ဒေသအတွင်းမှ နှစ်ဖက်လူ့အဖွဲ့အစည်းများကို လူမျိုးဘာသာမရွေး ထောက်ပံ့ပေးနေကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍လည်း ဒေသအတွင်း၌ အေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး မိမိတို့ရပ်ရွာဒေသများ၌ အေးချမ်းစွာ ပြန်လည်နေထိုင်၍ လုပ်ကိုင်စားသောက်ကြရန် အခက်အခဲရှိသည်များကို တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံရှင်းလင်းပြောကြားခဲ့မှုအပေါ် ၎င်းတို့ဘက်မှ နားလည်သဘောပေါက်သော်လည်း တစ်ဖက်နိုင်ငံသို့သာ ၎င်းတို့ကိုယ်ပိုင်ဆန္ဒဖြင့် သွားရောက်လိုကြောင်း ပြန်လည်တင်ပြကြသည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဂူတာပြင်ကျေးရွာမှ ဘင်္ဂါလီ ၁၆၈ ဦးသည် စက်တင်ဘာ ၂၆ ရက်တွင် ရွာသစ်ကေကျေးရွာအနီး၌ လည်းကောင်း၊ ရွှေထားကျေးရွာနှင့် ဇင်ခါးမကျေးရွာတို့မှ ဘင်္ဂါလီ ၂၅၅ ဦး၊ တောင်ချောင်းကျေးရွာနှင့် ပေါက်တောကျေးရွာမှ ဘင်္ဂါလီ ၂၈၁ ဦး၊ သိမ်တောင်ပြင်ကျေးရွာနှင့် ကာလီကျေးရွာတို့မှ ဘင်္ဂါလီ ၂၀၀ နှင့် ဒုအိုးသည်မကျေးရွာတို့မှ ဘင်္ဂါလီ ၃၅ ဦးတို့သည် စက်တင်ဘာ ၂၇ ရက်တွင် လေယာဉ်ကွင်းကျေးရွာအနီးကမ်းစပ်၌လည်းကောင်း၊ တောင်ချောင်းကျေးရွာ၊ ဇင်ခါးမကျေးရွာ၊ ဘိုလီကျေးရွာနှင့် ငွေတောင်ကျေးရွာတို့မှ ဘင်္ဂါလီ ၈၉၅ ဦးတို့သည် စက်တင်ဘာ ၂၈ ရက်တွင် လေယာဉ်ကွင်းကျေးရွာအနီးကမ်းစပ်၌ လည်းကောင်း၊ ဂူတာပြင်ကျေးရွာမှ ဘင်္ဂါလီ ၅၃၀ တို့သည် စက်တင်ဘာ ၂၉ ရက်တွင် ပညောင်ပင်ကြီးနှင့် နယ်စပ်ခြံစည်းရိုးကြားတွင်လည်းကောင်း ထပ်မံရောက်ရှိလာသည့် ဘင်္ဂါလီ ၁၀၀၀၀ခန့်သည် လက်ဖွဲ့ကျကျေးရွာနှင့် ကွမ်းသီးပင်ကျေးရွာကြား အနောက်ဘက် တောစပ်တို့တွင် လည်းကောင်း တစ်ဖက်နိုင်ငံသို့ထွက်ခွာရန် စုပြုံရောက်ရှိနေကြောင်း သိရသည်။ **(သတင်းစဉ်)**

**✻ အိမ်နီးချင်းမှ**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Abdul Hassan Mahmood Ali နှင့် အောက်တိုဘာ ၂ ရက် တွင် တွေ့ဆုံကာ မကြာသေးမီက ရခိုင်ပြည်နယ်၌ နေထိုင်သူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဖြတ်ကျော်ဝင်ရောက်ခဲ့မှုများအား ဖြေရှင်းရေးကိစ္စရပ်နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အဆိုပါ တွေ့ဆုံမှုသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီး H.E. Mr. Asaduzzaman Khan၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် ဒုက္ခသည်များအား စိစစ်ရန်နှင့် ပြန်လည်ပို့ဆောင်ရန်ကိစ္စများ ဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့ပြီး ၁၉၉၂ ခုနှစ် ဧပြီ ၂၈ ရက်က နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးများ ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ပါ သတ်မှတ်ချက်များအတိုင်း ၁၉၉၂ ခုနှစ် စက်တင်ဘာမှစ၍ ၂၀၀၅ ခုနှစ် ဇူလိုင်အထိ အိမ်ထောင်စု ၄၆၉၉၃ စုမှ လူဦးရေ ၂၃၆၄၉၅ ဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ ရရှိခဲ့သည့် နှစ်ဖက်သဘောတူညီချက်များအတိုင်း ကွဲကွာနေသော မိသားစုများနှင့် ကျန်ရှိနေသော မိသားစုဝင်များကို ပြန်လည်ပို့ဆောင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရမှ အသိအမှတ်ပြုသော တရားဝင်စာရွက်စာတမ်းများ တင်ပြရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် အိမ်နီးချင်းနှစ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသည့် ကိစ္စရပ်များကို နှစ်နိုင်ငံလုံး၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစား၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းသွားနိုင်မည်ဟု ခိုင်မာစွာယုံကြည်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုကို အလေးထားကြောင်းနှင့် ထိန်းသိမ်းရန် ဆန္ဒရှိပါကြောင်း၊ Arakan Rohingya Salvation Army (ARSA) အား မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံး၏ ဘုံရန်သူအဖြစ် ခံယူကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အကြမ်းဖက်မှုများအပေါ် လုံးဝလက်မခံသည့် မူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် နှစ်ဖက်သဘောတူထားသည့် သတ်မှတ်ချက်များအတိုင်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသည့် ဒုက္ခသည်များစိစစ်ရေး ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ နေပြည်တော်သို့ လာရောက်ရန် ဖိတ်ကြားခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးက



ဖိတ်ကြားမှုကို လက်ခံပါကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီးအား နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါနေ့လယ်စာစားပွဲသို့ ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးလည်း တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသို့ ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး လာရောက်၍ ဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ဖိတ်ကြားသည့်စာကို ပြည်ထောင်စုဝန်ကြီးက ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးက ၎င်းအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် အမေရိကန်နိုင်ငံမှ ပြန်လည်ရောက်ရှိပါက လမ်းညွှန်ချက်ခံယူပြီး လာရောက်မည့်ရက်ကို အသိပေးမည်ဖြစ်ပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ထိုသို့ ဆွေးနွေးကြရာတွင် နှစ်ဖက်လုံးမှ ရင်းနှီးခင်မင်ပွင့်လင်းစွာဖြင့် ဆွေးနွေးပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်မြောက်ပိုင်းခရီးစဉ်နှင့်ပတ်သက်၍ သံတမန်အဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂**

အောက်တိုဘာ ၂ ရက်တွင် ရခိုင်ပြည်နယ် မောင်တောဒေသသို့သွားရောက်ခဲ့သည့် သံတမန်များက ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

အဆိုပါကြေညာချက်တွင်-

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ ယနေ့ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် မောင်တောနှင့်ရသေ့တောင်ဒေသများရှိ ကျေးရွာများသို့သွားရောက်ခဲ့ပြီး ဒေသခံမျိုးစုံနှင့် တွေ့ဆုံခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရ၏ ဖိတ်ကြားမှုကြောင့် ယခုထက်တိုင် စိုးရိမ်ပူပန်မှုကြီးစွာခံစားနေရသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူမှုအသိုင်းအဝိုင်းအားလုံးမှ လူများကို အားပေးခွင့်ရရှိခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဩဂုတ်လ ၂၅ ရက်နေ့က ARSA ၏ တိုက်ခိုက်မှုများအား ရှုတ်ချကြောင်းထပ်လောင်းပြောကြားအပ်ပြီး ထိုအချိန်မှစ၍ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများနှင့် လူမြောက်မြားစွာ နေရပ်စွန့်ခွာမှုများကိုလည်း ကျွန်ုပ်တို့အလွန်အမင်း စိုးရိမ်ပူပန်မိပါသည်။ ယခုခရီးစဉ်သည် စုံစမ်းစစ်ဆေးရေးခရီးစဉ်မဟုတ်သလို ထိုသို့စုံစမ်းစစ်ဆေးရန်လည်း အခြေအနေမပေးပါ။ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သည့်စွပ်စွဲချက်များအား စုံစမ်းရန်မှာ ကျွမ်းကျင်ပညာရှင်များမှ ဆောင်ရွက်ရန် လိုအပ်ပါလိမ့်မည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ရာတွင် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်သွားမည်ဆိုသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကတိကဝတ်ကိုလည်း ကြိုဆိုပါသည်။ ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် စွပ်စွဲချက်များကိုလည်း အပြည့်အဝစုံစမ်းစစ်ဆေးသွားရန်နှင့် လူ့အခွင့်အရေးချိုးဖောက်သူများကို အရေးယူဆောင်ရွက်သွားရန် မြန်မာအာဏာပိုင်များအား တောင်းဆိုလိုက်ပါသည်။ ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့ကိုလည်း ရခိုင်သို့သွားရောက်ခွင့်ပြုရန် ကျွန်ုပ်တို့တိုက်တွန်းပါသည်။

မီးရှို့ခံထားရပြီး လူမနေတော့သည့် ရွာများကိုလည်း ကျွန်ုပ်တို့တွေ့ရှိခဲ့ရပါသည်။ အကြမ်းဖက်မှုများကို ရပ်တန့်ရမည်ဖြစ်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ရခိုင်ပြည်နယ်တွင်နေထိုင်သည့် လူအားလုံးကို ခွဲခြားမှုမရှိဘဲ ကာကွယ်ပေးရန် တာဝန်ရှိပြီး မီးရှို့ဖျက်ဆီးမှုများကို တားဆီးကာကွယ်ရမည်ဖြစ်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ကျင့်ဝတ်ကိုလိုက်နာဆောင်ရွက်ရန်၊ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန်နှင့် အပြစ်မဲ့သည့် အရပ်သားများကို အန္တရာယ်မဖြစ်စေရေးနှင့် အရပ်သားများအား ထိခိုက်သေကျေစေခြင်းများ မဖြစ်စေရေး အပြည့်အဝဆောင်ရွက်သွားရန် ညွှန်ကြားထားသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကြေညာချက်ကို ကျွန်ုပ်တို့ ကြိုဆိုပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသည့် သိန်းနှင့်ချီသည့်ဒုက္ခသည်များ မိမိနေရပ်သို့ မိမိဆန္ဒအလျောက် စိတ်ချလုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိရှိပြန်လာနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံအစိုးရကိုလည်း ကျွန်ုပ်တို့တိုက်တွန်းပါသည်။

ကျွန်ုပ်တို့ခရီးစဉ်အတွင်း လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီများ အလွန်အမင်းလိုအပ်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အတားအဆီးမရှိ ဝင်ရောက်နိုင်ရေးနှင့် ရခိုင်ပြည်နယ်တစ်ဝန်း အသက်ကယ်ဝန်ဆောင်မှုများခွဲခြားမှုမရှိ ပြန်လည်စတင်နိုင်ရေးအတွက် ကျွန်ုပ်တို့ ထပ်မံတောင်းဆိုအပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မီဒီယာများအား သွားရောက်ခွင့်ပြုခဲ့ခြင်းအပေါ် ကြိုဆိုပြီး သတင်းထောက်များအား ရခိုင်ပြည်နယ်၏မည်သည့်နေရာဒေသမဆို အတားအဆီးမရှိ သွားရောက်ခွင့်ကိုလည်း ထပ်မံတောင်းဆိုအပ်ပါသည်။

ကျွန်ုပ်တို့ ယခုသွားခဲ့သည့် ခရီးစဉ်အတွင်း တွေ့ဆုံခဲ့သည့် ဒေသခံများကို ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု သို့မဟုတ် မတရားဖမ်းဆီးမှုတို့ကဲ့သို့ ကလဲ့စားချေမှုများမဖြစ်စေရန်နှင့် ယင်းသို့မဖြစ်စေရန်အတွက် အကာအကွယ်ပေးသင့်ကြောင်း ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ရခိုင်ပြည်နယ်အာဏာပိုင်များကို အလေးထားပြောကြားခဲ့ပါသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏မိတ်ဖက်ကောင်းအနေဖြင့် ရခိုင်အရေးကိစ္စတွင် အလားအလာကောင်းစေရေးအတွက် အတူလက်တွဲလုပ်ဆောင်ရန် အသင့်ရှိနေပါသည်။ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်သည် လူမျိုးမရွေး၊ ဘာသာမရွေးနှင့် နိုင်ငံသားမရွေး ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော လူမှုအသိုင်းအဝိုင်းအားလုံး တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသော အနာဂတ်အတွက် အကြံပြုချက်များကို ချမှတ်ပေးထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အဆိုပါ အစီရင်ခံစာအား အပြည့်အဝအကောင်အထည်ဖော်ရေးအတွက် ထောက်ခံပါသည်။

ကျွန်ုပ်တို့၏ခရီးစဉ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအားလုံးသို့ မီဒီယာများအပါအဝင် အားလုံးသွားလာနိုင်ရေးအတွက် အရေးပေါ်လိုအပ်နေသည့်လမ်းစအတွက် ပထမခြေလှမ်းတစ်ရပ်ဖြစ်မည်ဟု မျှော်လင့်ပါသည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် အစိုးရအစီအစဉ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းခရီးစဉ်တွင် ပါဝင်ခဲ့ကြသည့် ဩစတြေးလျနိုင်ငံဆိုင်ရာ သံအမတ်ကြီး Nicholas Coppel၊ ကနေဒါနိုင်ငံဆိုင်ရာ သံအမတ် Karen MacArthur၊ ချက်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Jaroslav Dolecek၊ ဒိန်းမတ်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Peter Lysholt Hansen၊ ပြင်သစ်နိုင်ငံဆိုင်ရာသံအမတ်ကြီး Olivier Richard၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီး Ito Sumardi၊ အီတလီနိုင်ငံဆိုင်ရာ သံအမတ်ကြီး Giorgio Aliberti၊ နယ်သာလန်နိုင်ငံဆိုင်ရာသံအမတ်ကြီး Wouters Jurgens၊ နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Steve Marshall၊ နော်ဝေနိုင်ငံဆိုင်ရာ သံအမတ်ကြီး Tone Tinnes၊ ဆားဘီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီး Miodrag Nikolin၊ ဆွစ်ဇာလန်နိုင်ငံဆိုင်ရာသံအမတ်ကြီး Paul Seger၊ တူရကီနိုင်ငံဆိုင်ရာ သံအမတ်ကြီး Kerem Divanlioglu၊ အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Scot Marciel၊ အီးယူသံအမတ်ကြီးအဖြစ် ရွေးချယ်ထားခြင်းခံရသော Kristian Schmldt၊ ဂျာမနီနိုင်ငံသံအမတ်အဖြစ် ရွေးချယ်ခြင်းခံထားရသော Dorothee Janetzke-Wenzel၊ စပိန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Bibian Zamora Giménez၊ ဆွီဒင်ရုံးအကြီးအကဲ Mr. Johan Hallenborg၊ ယူကေနိုင်ငံဆိုင်ရာ ဒုတိယသံအမတ် Mr.David Hall နှင့် ဖင်လန်နိုင်ငံဆိုင်ရာ ဒုတိယသံအမတ် Ms. Silja Rajander တို့မှ အထက်ပါ ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်ဟူ၍ ပါရှိသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီးများနှင့် သံတမန်အဖွဲ့များ မောင်တောမြို့နယ် ငါးခူရကျေးရွာရှိ ရခိုင်တိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များအား တွေ့ဆုံမေးမြန်းစဉ်။**

## အွန်လိုင်းအသုံးပြု၍ ကုမ္ပဏီအချို့ ငွေကြေးလိမ်လည်မှုများ ပြုလုပ်

# ပြည်သူများ ယုံလွယ်မှုမရှိရန် လိုအပ်

**တွေ့ဆုံမေးမြန်း - နန္ဒာဝင်း၊ ဓာတ်ပုံ - ရဲထွဋ်**



ဦးငွေးချွန်
(ငွေချေးသက်သေခံလုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်)

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (Securities Industry) တစ်ခုလုံးတွင် ပါဝင်နေသူများအားလုံးကို နစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရန် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများဖြင့် အကာအကွယ်ပေးရန်ဖြစ်သည်။ တစ်ပြိုင်တည်းမှာပင် တည်ထောင်ပြီးဖြစ်သည့် စတော့အိတ်ချိန်းဈေးကွက်ကိုလည်း Fair, Efficient, Transparent and Liquidity Market သင့်တင့်မျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး ငွေဖြစ်လွယ်သော ဈေးကွက်ဖြစ်ပေါ်စေရန်နှင့် အများပြည်သူ ရင်းနှီးမြှုပ်နှံသူများ ဆုံးရှုံးနစ်နာမှု၊ စွန့်စားရမှု အနည်းဆုံးသော ဈေးကွက်ပေါ်ပေါက်အောင် အကောင်အထည်ဖော်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။**

**နည်းပညာတိုးတက်လာသည့် ယနေ့ခေတ်တွင် ကုမ္ပဏီအချို့သည် အွန်လိုင်းကို အသုံးပြု၍ မသိနားမလည်သူပြည်သူများကို မက်လုံးအမျိုးမျိုးပေးကာ ငွေကြေး လိမ်လည်မှုများ ယခုနှစ်ပိုင်းအတွင်းတွင် ဖြစ်ပေါ်လျက်ရှိရာ လိမ်လည်မှုများနှင့်ပတ်သက်၍ အများပြည်သူနစ်နာမှုမရှိစေရန် မြန်မာ့သတင်းစဉ်က ငွေချေးသက်သေခံလုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission-SEC)အဖွဲ့ဝင် ဦးငွေးချွန်ကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်-**

**မေး။ အခုရက်ပိုင်းမှာ အွန်လိုင်းကနေအများပြည်သူကို မက်လုံးပေးပြီး ငွေကြေး လိမ်လည်တာတွေရှိနေတယ်လို့ သိရပါတယ်။ ကော်မရှင်ကိုတိုင်ကြားလာမှုတွေ ရှိပါသလား။**

ဖြေ။ ကုမ္ပဏီအချို့က အများပြည်သူကို နည်းလမ်းအမျိုးမျိုးနဲ့ မက်လုံးပေးပြီး ငွေကြေးရင်းနှီးမြှုပ်နှံဖို့ အစုရှယ်ယာဖိတ်ခေါ်တာ၊ အွန်လိုင်းကတစ်ဆင့် အစုရှယ်ယာရောင်းချတာတွေ ပြုလုပ်နေပါတယ်။ မသိနားမလည်တဲ့ အများပြည်သူက အစုရှယ်ယာ ဝယ်ယူမိတဲ့အတွက် နစ်နာဆုံးရှုံးမှုတွေ ကြုံနေရပါတယ်။ Saxon Capital Limited (SCL) က ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှာ အများပြည်သူကို အတိုးကြီးပေးမယ်ဆိုပြီး အစုရှယ်ယာဖိတ်ခေါ် ရောင်းချခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်မှာ အစုရှယ်ယာ တော်တော်များများဝယ်ကြတယ်။

နောက်တစ်ခုက Myanmar JunwellGlobas ကုမ္ပဏီက အွန်လိုင်းက အစုရှယ်ယာတွေခေါ်တာ တွေ့ပါတယ်။ အစုရှယ်ယာရောင်းတာရော၊ အပ်ငွေလက်ခံတဲ့ အသွင်သဏ္ဌာန်ရောပါတယ်။ ကျွန်တော်တို့သွားပြီး လေ့လာစုံစမ်းခဲ့တယ်။ အဲဒီကုမ္ပဏီကို လာရောက်တိုင်တန်းတာတွေလည်းရှိတယ်။

နောက်ပြီး FBS Myanmar ကုမ္ပဏီက Forex broker အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုအဖြစ် အစုရှယ်ယာရောင်းတဲ့ အသွင်သဏ္ဌာန်ရော၊ အတိုးကြီးပေးပြီး အပ်ငွေလက်ခံသည့် အသွင်သဏ္ဌာန်ရော ဆောင်ရွက်တယ်။ ကာလတိုမှာ အတိုးကြီးပေးပြီး ပြီးရင်ပျောက်ကွယ်သွားတယ်။ အများပြည်သူက ယုံကြည်တော့ ပါသွားပြီး နစ်နာတဲ့အတွက် လာရောက်တိုင်တန်းကြတာ ဖြစ်ပါတယ်။

**မေး။ ကော်မရှင်အနေနဲ့ တိုင်ကြားမှုတွေကို ဘယ်လိုဆက်လက်ဆောင်ရွက်ဖို့ ရှိပါသလဲ။**

ဖြေ။ Private ကုမ္ပဏီက အစုရှယ်ယာရောင်းချခွင့်မရှိပါဘူး။ အစုရှယ်ယာရောင်းချရင် ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဥပဒေနဲ့ အရေးယူလို့ရပါတယ်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အနေနဲ့ စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနကို တင်ပြတယ်။ အဲဒီကနေ သက်ဆိုင်ရာဌာနများဖြစ်တဲ့ ဗဟိုဘဏ်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး အရေးယူဆောင်ရွက်ဖို့ အကြောင်းကြားခဲ့ပါတယ်။ ဥပဒေမှာက ထောင်ဒဏ်ရော၊ ငွေဒဏ်ပါချလို့ရတယ်လို့ ပါပါတယ်။ တရားစွဲရင် ကော်မရှင်ရဲ့အတည်ပြုချက်ယူရမယ်ဆိုပြီးပါရှိတယ်။ ကော်မရှင်ကတော့ တရားလိုလုပ်လို့ မရပါဘူး။ တိုင်ကြားတာကိုလက်ခံမယ်။ သတင်းအချက်အလက်စုမယ်။ ပညာပေးဆောင်ရွက်မယ်။ ကော်မရှင်ရဲ့ တာဝန်ကရရှိထားတဲ့ သတင်းအချက်အလက်တွေကို သက်ဆိုင်တဲ့နေရာတွေကို ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။

နောက်တစ်ခုက အတိုးပေးပြီး အပ်ငွေလက်ခံတာဖြစ်ပါတယ်။ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေမှာ ဗဟိုဘဏ်ရဲ့ လိုင်စင်မရဘဲ အပ်ငွေလက်ခံခြင်းမပြုရ၊ အတိုးကြီးပေးခြင်းမပြုရဆိုပြီးပါတယ်။ ဒါကြောင့် ကော်မရှင်က သတင်းပေးတိုင်ကြားစာတွေ လက်ခံရရှိပြီဆိုရင် စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနကတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ဗဟိုဘဏ်ကို အကြောင်းကြားပါတယ်။ နောင်မဖြစ်ဖို့ကို ကော်မရှင်အနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို အကြောင်းကြားပြီး အဲဒီကုမ္ပဏီတွေကို အရေးယူနိုင်ဖို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ အများပြည်သူတွေ ဆက်လက်ထိခိုက်နစ်နာမှုမရှိအောင် ဘယ်လိုဆောင်ရွက်သွားမလဲ။**

ဖြေ။ ကော်မရှင်အနေနဲ့ ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ အများပြည်သူ၏ အကျိုးစီးပွားကာကွယ်ဖို့ တာဝန်ရှိတဲ့အတွက် သတင်းစာက သုံးကြိမ်တရားဝင်ကြေညာပါတယ်။ ကြေညာချက်မှာပါတာကတော့ Saxon Capital Limited (SCL) ကုမ္ပဏီက ဘဏ်လုပ်ငန်းစနစ်နဲ့ မိုဘိုင်းစနစ်ကို အသုံးပြုပြီး အများပြည်သူကို အစုရှယ်ယာရောင်းချခြင်းဆောင်ရွက်ခွင့်မရှိပါဘူး။ အဲဒီလုပ်ငန်းကို ဆောင်ရွက်ခွင့်မရှိကြောင်း ဖော်ပြထားပါတယ်။ သတင်းစာထဲမှာ ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှာ အများပြည်သူကို သတိပေးကြေညာခြင်းဆိုတဲ့ သတင်းထုတ်ပြန်ပါတယ်။

ဒါနဲ့ မလုံလောက်သေးဘူးဆိုပြီးတော့ အဲဒီလိုမက်လုံးပေးတာတွေကို မလုပ်ကြဖို့၊ လုပ်မယ်ဆိုရင် တည်ဆဲဥပဒေနဲ့အညီ အရေးယူခံရမယ်ဆိုပြီး အများပြည်သူသိဖို့ သတင်းစာမှာ ဒုတိယတစ်ကြိမ် ထုတ်ပြန်ပါတယ်။

တတိယအကြိမ်မှာတော့ ကျွန်တော်တို့ ကော်မရှင်ရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ပေးပြီး သတင်းပေးတိုင်ကြားကြပါလို့ ဆိုတဲ့အတွက် ရဟန်းတစ်ပါးက အွန်လိုင်းကနေ တိုင်ပါတယ်။ သူတို့ဘယ်လိုဆုံးရှုံးသွားတယ်။ ဘယ်လိုအကျိုးအမြတ်ကိုတော့ ကာလတိုအတွင်းမှာ ပေးတယ်။ ဘယ်အချိန်မှာ ပျောက်သွားတယ် စသဖြင့် ဆုံးရှုံးမှုတွေကို လာတိုင်ပါတယ်။ ဒီတိုင်ကြားမှုတွေကို ကျွန်တော်တို့ ကော်မရှင်ကနေ ဝန်ကြီးဌာနကို တင်ပြတယ်။ ပြည်ထဲရေးကို အကြောင်းကြားပါတယ်။ အရေးယူဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်။

**မေး။ အစုရှယ်ယာရောင်းချရဖို့ ဘယ်လိုသတ်မှတ်ချက်တွေနဲ့ ပြည့်စုံရမလဲ။**

ဖြေ။ အစုရှယ်ယာရောင်းချတယ်ဆိုတာ အများနဲ့ သက်ဆိုင်တဲ့ ကုမ္ပဏီဖြစ်ရမယ်။ အများပြည်သူကို အစုရှယ်ယာဖိတ်ခေါ်ပြီဆိုရင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို အလားအလာညွှန်းတမ်းတင်ရမယ်။ ကော်မရှင်က အတည်ပြုပြီးတော့မှ ရောင်းချခွင့်ရှိကြောင်း ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဥပဒေမှာပါရှိပါတယ်။ အခုအစုရှယ်ယာရောင်းနေတဲ့ ကုမ္ပဏီတွေက Private ကုမ္ပဏီတွေဖြစ်တယ်။ Private ကုမ္ပဏီသည် အများပြည်သူကို အစုရှယ်ယာရောင်းခွင့်မရှိပါဘူး။ ဥပဒေနဲ့ မညီတာကို လုပ်ခြင်းဖြစ်ပါတယ်။ ဒါကိုအများပြည်သူတွေကလည်း အကျိုးအမြတ်များများရမယ်ဆိုတာကို မက်မောပြီး ဥပဒေနဲ့ညီ၊ မညီကို မကြည့်ကြတော့ပါဘူး။ အများပြည်သူရဲ့ ဥပဒေပညာ သိရှိမှုအားနည်းတာ၊ ယုံလွယ်တာ စတဲ့အားနည်းချက်တွေပေါ်မှာ မူတည်ပြီးလုပ်ကြတာဖြစ်တယ်။

**မေး။ နည်းပညာတွေ တိုးတက်လာတဲ့ခေတ်မှာ အွန်လိုင်းကို အသုံးပြုပြီး အစုရှယ်ယာတွေ ရောင်းချလာတဲ့အပေါ် ဘယ်လိုများသုံးသပ်ပါသလဲ။**

ဖြေ။ ဆက်သွယ်ရေး နည်းပညာတိုးတက်လာတာ လူနေမှုအဆင့်အတန်း မြင့်မားစေဖို့ အထောက်အကူပြုပါတယ်။ ဒါပေမယ့်တလွဲအသုံးချတာကတော့ အန္တရာယ်ကြီးပါတယ်။ အခုဖြစ်နေတာက အွန်လိုင်းကနေ ရင်းနှီးမြှုပ်နှံမှုတွေကို အမြတ်အစွန်းများမယ်လို့ မက်လုံးပေးပြီး ဖိတ်ခေါ်ကြတယ်။ ဆုံးရှုံးတာလည်း အင်မတန်မြန်တယ်။

**မေး။ နောက်နောင်မှာ အများပြည်သူလိမ်လည်မခံရအောင် ဘယ်လို တိုက်တွန်းလိုပါသလဲ။**

ဖြေ။ မြန်မာနိုင်ငံမှာ အရင်းအနှီးဈေးကွက်ရဲ့ ကနဦးအဆင့်ဖြစ်တဲ့ ရန်ကုန်စတော့အိတ်ချိန်းကို တည်ထောင်ပြီးပါပြီ။ စာရင်းသွင်းထားတဲ့ ကုမ္ပဏီလေးခုက တရားဝင်ဈေးကွက်တွေရှိပါတယ်။ အများပြည်သူယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံနိုင်မှာဖြစ်ပါတယ်။အများပြည်သူတွေကတော့ အပြင်က လိမ်လည်တဲ့မက်လုံးတွေကို ယုံကြည်ပြီး ရင်းနှီးမြှုပ်နှံကြတာဖြစ်ပါတယ်။ ဥပဒေမသိမှု၊ ဆင်ခြင်တုံတရားအားနည်းမှုတို့ကြောင့် အလိမ်ခံရတာဖြစ်ပါတယ်။ မက်လောက်အောင် မက်လုံးအမျိုးမျိုးပေးတာတွေကို အများပြည်သူတွေ အယုံမလွယ်ကြပါနဲ့။ ဆင်ခြင်တုံတရားနဲ့ စဉ်းစားဆင်ခြင်ကြပါ။ မိမိတို့ချွေးနဲ့စာနဲ့ ရထားတဲ့ စုဆောင်းငွေတွေ ဆုံးရှုံးတာဖြစ်တဲ့အတွက်ကြောင့် မိမိရင်းနှီးမြှုပ်နှံမယ့်ကုမ္ပဏီရဲ့ ခိုင်မာမှုကိုလည်း အရင်ကြည့်ကြပါလို့ ပြောချင်ပါတယ်။ ရင်းနှီးမြှုပ်နှံမယ့် ကုမ္ပဏီသည် ဥပဒေနဲ့အညီ ဒီကိစ္စကို ဆောင်ရွက်ခွင့်ရှိ၊ မရှိ၊ ယုံကြည်စိတ်ချရမှု ရှိ၊ မရှိ သေချာလေ့လာဖို့ လိုပါတယ်။

ကျွန်တော်တို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ရင်းနှီးမြှုပ်နှံဖို့ သင့်တဲ့ ကုမ္ပဏီဟုတ်ရဲ့လားဆိုတာကို ဖုန်းနဲ့ဖြစ်စေ၊ အီးမေးလ်နဲ့ဖြစ်စေ စုံစမ်းမေးမြန်းလို့ ရပါတယ်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ ဖုန်းနံပါတ်-၀၁-၃၇၀၁၀၀၊ ဖက်စ်-၀၁၃၇၀၁၀၀၊ အီးမေးလ် secm.myanmar@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

## မြန်မာနိုင်ငံတွင် အသက်အကြီးဆုံး အဘိုးအား ငွေကျပ် ၁၀ သိန်း ဂုဏ်ပြု

**တာချီလိတ် အောက်တိုဘာ ၂**



မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ အဘိုးများထဲမှ အသက်အကြီးဆုံးဖြစ်သည့် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် အမှတ်(၅/၅၂)နေ အသက်(၁၂၀)နှစ်ရှိ အဘိုး ဦးအိုက်ခမ်းအား အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပရေးဗဟိုကော်မတီမှ ဂုဏ်ပြုချီးမြှင့်ထောက်ပံ့သည့် ငွေကျပ် ၁၀ သိန်းအား ယနေ့ နံနက်ပိုင်းက သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က သွားရောက်ထောက်ပံ့ပေးခြင်းဖြစ်သည်။

အဆိုပါ အဘိုး ဦးအိုက်ခမ်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေအား သုံးနှစ်ဆက်တိုက်ရရှိခြင်းဖြစ်ပြီး ယခုအခါ သားသမီးမြေးမြစ်များနှင့်အတူ ကျန်းမာစွာ နေထိုင်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

## ဒီပါဝလီနေ့ကို အလုပ်ပိတ်ရက်အဖြစ်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂**

၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၈ ရက်) ဗုဒ္ဓဟူးနေ့သည် “ဒီပါဝလီနေ့” ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**(သတင်းစဉ်)**

☆ ရွှေဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်၊ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယ သမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီ ဗန်ထီးယူ၊ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတက ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ရာတွင် လိုငွေ အနည်းငယ်ပိုမိုသွားရခြင်းမှာ ရခိုင်ပြည်နယ်ခြံစည်းရိုးကိစ္စ၊ မေယု တောင်တန်းဆက်သွယ်ရေး လမ်း ကြောင်းများ ဖောက်လုပ်ရေးကိစ္စ စသည့် မဖြစ်မနေခွင့်ပြုပေးခဲ့ရသည့် အသုံးစရိတ်များကြောင့် ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယသမ္မတများ စိစစ်ပြီးသည့် ဘဏ္ဍာငွေအရအသုံးစာရင်းများအရ ပြုပြင်ပြီး ခန့်မှန်းခြေ အရအသုံးစာရင်း တွင် လိုငွေ ကျပ် ၃၉၉၅ ဒသမ ၇၉၅ ဘီလီယံဖြစ်ပေါ်သည်ကို တွေ့ရပါ ကြောင်း၊ မူလခန့်မှန်းခြေ အရအသုံး စာရင်းလိုငွေမှာ ငွေကျပ် ၃၉၈၉ ဒသမ ၅၆၈ ဘီလီယံ ဖြစ်သည့်အတွက် လိုငွေ ကျပ် ၆ ဒသမ ၂၂၇ ဘီလီယံ ပိုမိုလာခဲ့ပါကြောင်း၊ လိုငွေနှင့် ဂျီဒီပီ အချိုးမှာ မူလခန့်မှန်းခြေတွင် ၄ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပြီး ပြုပြင် ပြီးခန့်မှန်းခြေတွင် ၄ ဒသမ ၃၈ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများ ကို စိစစ်ရာတွင် လိုငွေအနည်းငယ် ပိုမိုသွားရခြင်းမှာ တည်ဆောက်ဆဲ ရေအားလျှပ်စစ် စီမံကိန်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုအချို့ကို အဆင့်ဆင့်စိစစ်ပြီးမှ ခွင့်ပြုသင့်သော အသုံးစရိတ်များကို ခွင့်ပြုပေးခဲ့ခြင်း ကြောင့် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်နှင့် ရခိုင်ပြည်နယ်ခြံစည်းရိုးကိစ္စ၊ မေယု တောင်တန်းဆက်သွယ်ရေး လမ်း ကြောင်းများ ဖောက်လုပ်ရေးကိစ္စ စသည့် အသုံးစရိတ်များကဲ့သို့ မဖြစ် မနေခွင့်ပြုပေးခဲ့သည့် အသုံးစရိတ် များလည်း ပါဝင်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားသည်။

နိုင်ငံတော်သမ္မတက နိုင်ငံခြားငွေ လဲလှယ်နှုန်းကွာခြားမှုတွင် လိုငွေကို တောင်းခံကြခြင်း၊ ထပ်မံခန့်အပ်မည့် ဝန်ထမ်းအသစ်များအတွက် လစာငွေ၊ မြေယာလျော်ကြေး၊ နိုင်ငံတော်သို့ ပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် နိုင်ငံတော် သို့ ထည့်ဝင်ငွေစသည်တို့ကို အဓိက ထား တောင်းခံကြသည်ကို တွေ့ရပါ ကြောင်း၊ ထပ်မံရရှိလာမည့် ပြည်ပ အကူအညီရငွေ၊ ပြည်ပချေးယူရငွေ များအတွက်ကိုလည်း ထပ်မံလျာထား ခွင့်ပြုထားပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လည်း ဘက်ညီဖွံ့ဖြိုးတိုးတက်လာစေ ရန် ရည်ရွယ်ပြီး ပြည်ထောင်စုက ထပ်မံခွဲဝေပေးသည့် အခွန်ဝေစုများ အပါအဝင် မူလခန့်မှန်းခြေတွင် ပြည်ထောင်စုက ထောက်ပံ့ပေးထား သည့် ငွေထက် ငွေကျပ် ၁၅ ဒသမ ၃၄၄ ဘီလီယံ ပိုမိုထောက်ပံ့ပေးရန် လျာထားသည်ကို တွေ့ရမည်ဖြစ်ပါ ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၃/၂၀၁၇)အစည်းအဝေး ကျင်းပစဉ်။

လိုငွေပမာဏ များပြားသည်နှင့် အမျှ နိုင်ငံတော်၏ ပြည်တွင်း ကြွေးမြီ ဝန်ထုပ်ဝန်ပိုး တစ်နှစ်ထက်တစ်နှစ် ပိုမိုလာမည်ကို ရှောင်ရှားနိုင်ရန် အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မူလခန့်မှန်းခြေအတိုင်း လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိစေရန် ထိန်းသိမ်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ တစ်နှစ် ခွဲတာကာလအတွင်း ပြည်ထောင်စု အဆင့် ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ အားလုံး၏ ပြည်သူ့ဘဏ္ဍာငွေ သုံးစွဲမှုများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ အလေအလွင့်မရှိအောင် သုံးစွဲရေးကို အလေးထားကြပ်မတ် ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားခဲ့ သည်။

ယနေ့ကျင်းပသည့် ဘဏ္ဍာရေး ကော်မရှင် (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို အတည်ပြုခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာ ငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုထောက်ခံ၍ ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့နိုင်ရေး ဆွေးနွေး ဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြ သည်။

နိုင်ငံတော်သမ္မတက ၂၀၁၇ ခုနှစ် မတ် ၂၄ ရက်တွင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကို ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပါ ကြောင်း၊ ယခုအခါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပထမခြောက်လ ကျော်လွန်လာခဲ့ပြီ ဖြစ်ပါကြောင်း၊ ပထမခြောက်လတာကာလအတွင်း ပြည်ထောင်စုအဆင့် ဌာနအဖွဲ့ အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ၎င်းတို့၏ အရအသုံး အခြေအနေအပေါ် မူတည်၍ ဖြည့် စွက်ခွင့်ပြုငွေများ တင်ပြတောင်းခံ လာခြင်းကြောင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရ အဖွဲ့က ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စု လွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ နှင့်အညီ တင်သွင်းရမည် ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ပုံမှန်အစည်းအဝေးများကို အောက်တိုဘာလအတွင်း ကျင်းပရန် ရှိသည့်အတွက် ယခုဥပဒေကြမ်းကို အောက်တိုဘာ ဒုတိယပတ်အတွင်း တွင် လွှတ်တော်သို့ပေးပို့ရန် လျာထား ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာနအဖွဲ့ အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး ဒုတိယသမ္မတက ထပ်ဆင့်စိစစ်ထားပြီးဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ် များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံ မှုများကိုလည်း စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာနနှင့် ဒုတိယသမ္မတ က စိစစ်ထားပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အသီးသီး၏ ဝိုင်းဝန်း ထိန်းသိမ်း စောင့်ကြည့်ကြပ်မတ်မှုများ ကိုလည်း ပူးပေါင်းဆောင်ရွက်ပေးကြ ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုအဆင့် ဌာနအဖွဲ့ အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ရာတွင် သာမန်အသုံးစရိတ်တွင် ငွေကျပ် ၁၀၀၈ ဒသမ ၃၃၅ ဘီလီယံ၊ ငွေလုံး ငွေရင်း အသုံးစရိတ်တွင် ငွေကျပ် ၇၂၇ ဒသမ ၂၀၉ ဘီလီယံ၊ ကြွေးမြီ အသုံးစရိတ်တွင် ငွေကျပ် ၂၀၁ ဒသမ ၇၃၉ ဘီလီယံ၊ လုပ်ငန်းသုံး ရင်းနှီးငွေ တွင် ငွေကျပ် ၅၅၂ ဒသမ ၃၄၂ ဘီလီယံနှင့် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေအစီအစဉ်ပြင်ပတွင် ဆောင် ရွက်သောဌာန၊ အဖွဲ့အစည်းများ၏ တိုးမြှင့်သုံးစွဲငွေတွင် ငွေကျပ် ၅၅ ဒသမ ၁၁၂ ဘီလီယံ စုစုပေါင်း ဖြည့်စွက်ခွင့်ပြုတောင်းခံမှု ငွေကျပ် ၂၅၄၄ ဒသမ ၇၃၇ ဘီလီယံဖြစ် သည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့ အစည်းများမှ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခဲ့မှုများကို စိစစ်ခဲ့ရာ သာမန်အသုံးစရိတ်ပိုင်းတွင် ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်သွယ် လုပ်ငန်းခွန်များနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် လိုအပ်လာသည့် အသုံးစရိတ်များ၊ အမှန်လိုအပ်သောလစာ၊ ပင်စင်၊ ခရီးစရိတ်၊ အတိုးပေးငွေများ၊ ငွေလုံး ငွေရင်းအသုံးစရိတ်ပိုင်းတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ဥပဒေတွင်ပါဝင်ပြီး ရန်ပုံငွေ မလုံလောက်သည့် ကိစ္စများနှင့် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက် ပြီးစီးနိုင်မည့်ကိစ္စများကိုသာ စိစစ်ခွင့် ပြုခဲ့ပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာနအဖွဲ့ အစည်းများ၏ မူလခန့်မှန်းခြေအသုံး စရိတ် ငွေကျပ် ၂၀၅၉၄ ဒသမ ၁၆၅ ဘီလီယံဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၅၄၄ ဒသမ ၇၃၇ ဘီလီယံအပါအဝင် ပြုပြင်ပြီး ခန့်မှန်းခြေအသုံးစရိတ်မှာ ငွေကျပ် ၂၂၈၃၀ ဒသမ ၇၂၇ ဘီလီယံဖြစ်ပါကြောင်း၊ ရငွေဘက် တွင် မူလခန့်မှန်းခြေရငွေသည် ငွေကျပ် ၁၆၆၀၄ ဒသမ ၅၉၇ ဘီလီ ယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေရငွေ သည် ကျပ် ၁၈၈၃၄ ဒသမ ၉၃၂ ဘီလီယံဖြစ်ပါကြောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၃၈ ရာခိုင် နှုန်းဖြစ်ပါကြောင်း၊ မူလခန့်မှန်းခြေ လိုငွေနှင့် ဂျီဒီပီအချိုး ၄ ဒသမ ၃၇ ရာခိုင်နှုန်းထက် အနည်းငယ်သာပိုမို မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တိုင်းဒေသကြီး၊ ပြည်နယ်များ၏ မူလခန့်မှန်းခြေ လိုငွေ ကျပ် ၁၇၀၇ ဒသမ ၅၈၀ ဘီလီယံကို ပြည်ထောင်စု မှ ထောက်ပံ့ငွေအဖြစ် ခွင့်ပြုပေးခဲ့ ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုး ရေးရန်ပုံငွေအဖြစ် စုစုပေါင်း ငွေကျပ် ၃၂ ဒသမ ၂၀၀ ဘီလီယံကိုလည်း ဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု၊ စိစစ် လျှော့ချမှုနှင့် ခွင့်ပြုထားရှိမှုအခြေ အနေများမှာ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု ငွေကျပ် ၃၁၆ ဒသမ ၄၄၇ ဘီလီယံ စိစစ်လျှော့ချမှု ငွေကျပ် ၅၄ ဒသမ ၆၆၂ ဘီလီယံဖြစ်ပြီး ဖြည့်စွက် ခွင့်ပြုငွေခွင့်ပြုမှုမှာ ငွေကျပ် ၂၆၁ ဒသမ ၇၈၅ ဘီလီယံ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ များအနေဖြင့် မိမိတို့၏ဒေသ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်လျက်ရှိ ရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေ အရ အသုံးအခြေအနေအရ လိုငွေပြ ဘတ်ဂျက်ပုံစံဖြင့် သွားနေရသည်ကို နားလည်သိရှိပြီး နိုင်ငံတော်၏ဘဏ္ဍာ ငွေရရှိနိုင်မှု အရင်းအမြစ်များအပေါ် တွင် မူတည်၍သာ သုံးစွဲရမည်ကို သတိချပ်စေလိုကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေဖြစ်ပေါ်မှုများကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၃၀ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းထားချက်နှင့်အညီ ပြည်ထောင်စုက ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက် ခွင့်ပြုငွေတောင်းခံမှုများ အပေါ် စိစစ်ခွင့်ပြုထားသောဖြည့်စွက် ခွင့်ပြုငွေ ငွေကျပ် ၂၆၁ ဒသမ ၇၈၅ ဘီလီယံနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေ စာရင်းအရ ပြည်ထောင်စုက ထပ်မံ ထောက်ပံ့ပေးရမည့် ငွေကျပ် ၁၅ ဒသမ ၃၄၄ ဘီလီယံတို့ကို ဘဏ္ဍာ ရေးကော်မရှင်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်း တင်ပြသည်။

ဘဏ္ဍာရေးကော်မရှင် အတွင်းရေး မှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများ အနက် မဖြစ်မနေ ပေးချေရမည့် အသုံးစရိတ်များ၊ နိုင်ငံတော်အတွက် ဝင်ငွေရရှိမည့် အသုံးစရိတ်များဖြစ် သော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေ ခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ စသည့် အသုံးစရိတ်များကို ဖြတ်တောက်မှု မပြုဘဲ ခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုအခြေ အနေမှာ ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းများမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် သာမန်အသုံးစရိတ် ငွေကျပ် ၁၀၄၁ ဒသမ ၆၇၇ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၇၄၇ ဒသမ ၇၂၅ ဘီလီယံ၊ ကြွေးမြီ အသုံးစရိတ် ငွေကျပ် ၂၀၂ ဒသမ ၉၉၃ ဘီလီယံနှင့် လုပ်ငန်းသုံးရင်းနှီး ငွေ ငွေကျပ် ၅၅၂ ဒသမ ၃၄၂ ဘီလီယံ စုစုပေါင်းငွေကျပ် ၂၅၄၄ ဒသမ ၇၃၇ ဘီလီယံ ဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့် အကြောင်းအရာနှင့် လုပ်ငန်းအမျိုး အစားများမှာ လစာ၊ စရိတ်ချီးမြှင့်ငွေ၊ ပင်စင်၊ အတိုးပေးငွေ၊ ကုန်သွယ် လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော် သို့ထည့်ဝင်ငွေ၊ ထပ်မံရရှိသည့် ပြည်ပ အကူအညီရငွေ၊ ချေးငွေရယူခြင်း အတွက် တောင်းခံခြင်း၊ အခြား မဖြစ် မနေဆောင်ရွက်ရမည့် လုပ်ငန်းများ နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြား မှုအရ တောင်းခံငွေတို့ ဖြစ်ပါကြောင်း။

ဒုတိယသမ္မတများ စိစစ်ပြီးသော ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို အခြေခံ၍ ရေးဆွဲရရှိသည့် ပြည်ထောင်စု၏ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းမှာ စုစုပေါင်းရငွေ ငွေကျပ် ၁၈၈၃၄ ဒသမ ၉၃၂ ဘီလီယံ စုစုပေါင်းသုံးငွေ ငွေကျပ် ၂၂၈၃၀ ဒသမ ၇၂၇ ဘီလီယံ၊ လိုငွေကျပ် ၃၉၉၅ ဒသမ ၇၉၅ ဘီလီယံ ဖြစ်ပါ ကြောင်း၊ လိုငွေနှင့် ဂျီဒီပီအချိုး ၄ ဒသမ ၃၈ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများ အား ဒုတိယသမ္မတက စိစစ်ပြီးသည့် အခါ ငွေကျပ် ၂၆၁ ဒသမ ၇၈၅ ဘီလီယံ ဖြစ်ပါကြောင်း၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များ၏

စာမျက်နှာ ၉ သို့ ❐

❑ စာမျက်နှာ ၈ မှ
ရငွေအပိုင်းတွင် မူလခန့်မှန်းခြေတွင် ငွေကျပ် ၂၄၇၄ ဒသမ ၉၄၂ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေတွင် ငွေကျပ် ၂၇၁၀ ဒသမ ၈၄၅ ဘီလီယံဖြစ်သည့်အတွက် ငွေကျပ် ၂၃၅ ဒသမ ၉၀၃ ဘီလီယံ တိုးတက်ရရှိပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်သုံးငွေအပိုင်းတွင် မူလခန့်မှန်းခြေတွင် ငွေကျပ် ၂၄၇၄ ဒသမ ၉၄၂ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေတွင် ငွေကျပ် ၂၇၁၀ ဒသမ ၈၄၅ ဘီလီယံ ဖြစ်သဖြင့် ငွေကျပ် ၂၃၅ ဒသမ ၉၀၃ ဘီလီယံပိုမိုလာပါကြောင်း၊ လိုငွေ ငွေကျပ် ၁၇၂၂ ဒသမ ၉၂၄ ဘီလီယံ ဖြစ်သဖြင့် မူလခန့်မှန်းခြေတွင် ပြည်ထောင်စုမှ ထောက်ပံ့ထားသည့် ငွေကျပ် ၁၇၀၇ ဒသမ ၅၈၀ ဘီလီယံ အပြင် ငွေကျပ် ၁၅ ဒသမ ၃၄၄ ဘီလီယံ ထပ်မံထောက်ပံ့ရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရငွေ၊ အခွန်ငွေ၊ အသုံးစရိတ်၊ ငွေလုံးငွေရင်းတောင်းခံမှု၊ ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ပြည်ထောင်စုက



ဒုတိယသမ္မတ ဦးမြင့်ဆွေ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

နောက်ထပ်ဘဏ္ဍာငွေများ ခွဲဝေပေးမှုမှာ အဓိကအားဖြင့် မူလခွင့်ပြုချက်ရရှိပြီး မဖြစ်မနေသုံးစွဲရန် ထပ်မံလိုအပ်သည့် အသုံးစရိတ်များ၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အချိန်မီ ပြီးစီးနိုင်ရန်အလို့ငှာ သုံးစွဲရသည့် အသုံးစရိတ်များ၊ နိုင်ငံတော်တွင် ရငွေတိုးတက်ရရှိရန် သုံးစွဲရသည့် အသုံးစရိတ်များအတွက် ဖြစ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံလာတိုင်း ခွင့်ပြုနိုင်မည် မဟုတ်ဘဲ ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ငါးရာခိုင်နှုန်းထက် မကျော်လွန်စေရေး၊ မူလခန့်မှန်းငွေက လိုငွေနှင့်ဂျီဒီပီအချိုးထက် များစွာကွာဟမသွားစေရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေများတောင်းခံကြရာတွင် မူလခန့်မှန်းခြေမှာ တစ်နှစ်စာခွင့်ပြုခဲ့ဝေထားပြီး ဖြစ်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန်မရှိလေ ကောင်းလေဖြစ်ပါကြောင်း၊ စီမံကိန်းအပြီးသတ်နိုင်ရန်ဖြစ်စေ၊ လုံခြုံရေးရှုထောင့်အရ အရေးကြီး၍ဖြစ်စေ၊ နိုင်ငံတော်၏ရငွေ ထပ်မံတိုးတက်စေရန်အတွက်ဖြစ်စေ အသုံးစရိတ် ထပ်မံလိုအပ်သည့်အခါမှသာ တောင်းခံသင့်ပါကြောင်း၊ မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေတို့မှာ များစွာမကွာသင့်သည်ကိုလည်း ဂရုပြုရန်လိုအပ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်က စိစစ်ထောက်ခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သည့် ဖြည့်စွက်ခွင့်ပြုငွေတင်ပြမှုစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို လွှတ်တော်၌ဆွေးနွေးစဉ်မှာလည်း လွှတ်တော်၏စိစစ်ဆောင်ရွက်မှုများကို ဌာနအဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်း ကူညီပေးကြရန်လိုကြောင်း၊ မိမိတို့တင်ပြတောင်းခံမှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ရှင်းလင်းတင်ပြကြရန်လိုကြောင်း၊ မူလခွင့်ပြုငွေ၊ ဖြည့်စွက်ခွင့်ပြုငွေတို့နှင့် မိမိတို့၏ စီမံကိန်းရည်မှန်းချက်များကို အောင်မြင်ပေါက်မြောက်အောင် ကျန်ရှိနေသည့်ကာလအတွင်း နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ဦးထိပ်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။ **(သတင်းစဉ်)**

# မောင်တောဒေသရှိ နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသောကျေးရွာများသို့ ဆန်အိတ်များနှင့်အလှူငွေများပေးအပ်လှူဒါန်း

**မောင်တော အောက်တိုဘာ ၂**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင်များနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ယနေ့တွင် မောင်တောဒေသရှိ နေရပ်မစွန့်ခွာဘဲ မိမိရပ်ရွာများတွင် နေထိုင်လျက်ရှိကြသော တိုင်းရင်းသားမျိုးနွယ်စုများနှင့်ဟိန္ဒူဘာသာဝင်များအား ကျေးရွာများအရောက် ဆန်အိတ်များနှင့် အလှူငွေများ ပေးအပ်ထောက်ပံ့ခဲ့ကြသည်။



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် မိတ်ဆွေစေတနာရှင်များက လောင်းဒုံကျေးရွာအုပ်စု၊ ကြိမ်ချောင်းကျေးရွာအုပ်စု၊ ရန်အောင်မြင်(နတလ)ကျေးရွာအုပ်စု၊ သက်ကိုင်ညာကျေးရွာအုပ်စု၊ ရေနောက်ငါးသားကျေးရွာအုပ်စု၊ တမန်းသားကျေးရွာအုပ်စု၊ မင်းခမောင်း ကျေးရွာအုပ်စု၊ အောင်သပြေကျေးရွာအုပ်စု၊ အင်ဒူလာ(ဗန္ဓုလ)ကျေးရွာ အုပ်စုများသို့ သွားရောက်ကာ ဆန် ၁၂၀၈ အိတ်နှင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် တစ်သိန်းနှုန်း ထောက်ပံ့လှူဒါန်းခဲ့သည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းနှင့်တာဝန်ရှိသူများကလည်း တိုင်းရင်းသားများအတွက် အလှူရှင်များက ယင်းဝန်ကြီးဌာနသို့ လှူဒါန်းထားသော အလှူငွေများထဲမှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ကျေးရွာ ၄၇ ရွာမှ အိမ်ထောင်စု ၁၉၇၂ စုအတွက် ငွေကျပ် ၁၉၇၂၀၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းသို့သွားရောက်လှူဒါန်းရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသည့် ဒေသခံများအား လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ မောင်တောခရိုင်ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ကျေးရွာများ ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ လုံခြုံရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ ရေရှည်စီမံချက်ချဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးကျော်လွင်က တိုင်းရင်းသားများလုံခြုံစွာဖြင့် စနစ်တကျနေနိုင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လယ်ယာကိုင်းကျွန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်နိုင်အောင် စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်စွာ အတူတကွ နေစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဒုတိယ ပြည်နယ်ပညာရေးမှူး ဦးမောင်ထွန်းဝင်းက မိဘများအနေဖြင့် သားသမီးများအားပညာသင်ကြားရေးကို အားပေးကြစေလိုကြောင်း၊ နယ်မြေတည်ငြိမ်လာသည်နှင့်အမျှ စာသင်ကျောင်းများကို ဆက်လက်ဖွင့်လှစ်ပေးသွားရန် သင်ကြားရေးဆရာ ဆရာမများကိုလည်း ခေါ်ယူထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုခံခဲ့ရသော်လည်း နေရပ်မစွန့်ခွာဘဲ မိမိရပ်ရွာတွင်နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအား အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် မိတ်ဆွေစေတနာရှင်များက ဆန်အိတ်များနှင့်အလှူငွေများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင်လည်း ကျန်ရှိကျေးရွာများသို့ သွားရောက်ထောက်ပံ့လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**
**သန့်ဇင်ဝင်း**

# လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်



**ရန်ကုန် အောက်တိုဘာ ၂**

ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သည် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတောင်သူများ၏မိုးစပါးများ အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသော မောင်တောဒေသနှင့် အခြားမြို့နယ်များသို့ လယ်ယာသုံးစက်ကိရိယာနှင့် အပိုပစ္စည်းများလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ပင်မပစ္စည်းသိုလှောင်ရုံ အဆင့် (က)၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်) ကိုယ်စားညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ရခိုင်ပြည်နယ်ပြည်နယ်ဦးစီးမှူး ဦးတင်မောင်ကြည်ထံ လယ်ယာသုံးစက်ကိရိယာနှင့် အပိုပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ် မောင်တောဒေသနှင့်အခြားမြို့နယ်များသို့ပေးပို့မည့် စက်ကိရိယာများမှာ DC-70 G Kubota Combine Harvester ၂၄ စီး၊ L-5018 (50HP) (4 Wheel Kubota Tractor) ငါးစီး၊ 6' Rotary Tiller ငါးလက်၊ 6 Disc Poly Disc Plough ငါးလက်နှင့် DC-70 G Kubota Combine Harvester တင်ရန်ထွေလာ ၁၀ စီး စုစုပေါင်း စက် ၃၉ စီးနှင့် ၁၀ လက် တို့ဖြစ်ကြောင်း သိရသည်။ **(ဌေးကြိုင်)**



ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံခြားသံတမန်များနှင့် ပြည်တွင်းပြည်ပမီဒီယာသမားများ ရသေ့တောင်မြို့နယ် အနောက်ပြင်ကျေးရွာမှ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံစဉ်။

❖ **ကုလသမဂ္ဂမှ**

ယင်းနောက် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာ၌ အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံပြီး အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် အခြေအနေများ၊ ကျေးရွာများ မီးလောင်ပျက်စီးမှုအခြေအနေများ၊ လတ်တလော စားဝတ်နေရေး အခြေအနေများ၊ တစ်ဖက်နိုင်ငံသို့ထွက်ပြေးသွားကြသည့် အခြေအနေများကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းကြသည်။

ဆက်လက်၍ မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် သေဆုံးသွားသည့် ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် တွေ့ဆုံ၍ မေးမြန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် သံတမန်အဖွဲ့များပါဝင်သော အဖွဲ့သည် မောင်တောမြို့နယ်ရှိ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ရွှေဇားကျေးရွာသို့ရောက်ရှိပြီး သိရှိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းမှတ်တမ်းယူကြသည်။

ဆက်လက်၍ မောင်တောမြို့နယ်အတွင်းရှိ မြိုတိုင်းရင်းသားများ နေထိုင်ရာ ခုံတိုင်ကျေးရွာသို့ ရောက်ရှိပြီး အစိုးရကစားနပ်ရိက္ခာထောက်ပံ့ထားမှု၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများက ကျေးရွာအားမီးရှို့ဖျက်ဆီးခဲ့မှုနှင့် မြိုတိုင်းရင်းသားများအား သတ်ဖြတ်ခဲ့မှုကို မေးမြန်းရာ သေဆုံးသူများ၏ မိသားစုဝင်များနှင့်အကြမ်းဖက်သမားများ၏ လက်ချက်ကြောင့် ဒဏ်ရာပြင်းထန်စွာရခဲ့သည့် မြိုတိုင်းရင်းသားများက အခြေအနေမှန်များကို ရှင်းပြကြသည်။

ထို့နောက် မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာသို့သွားရောက်ပြီး အဆိုပါကျေးရွာတွင် တိမ်းရှောင်လာသည့် ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်တိုင်းရင်းသားများနှင့်တွေ့ဆုံ၍ အကြမ်းဖက်မှုဖြစ်စဉ်အခြေအနေနှင့် ဟိန္ဒူဘာသာဝင်များ အသတ်ခံရမှုအခြေအနေတို့ကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းကြသည်။

ထို့နောက် မောင်တောမြို့နယ် ငါးခူရကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ရခိုင်တိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့်တွေ့ဆုံ၍ သိရှိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းကြသည်။

ယင်းနောက် မောင်တောမြို့မှ စစ်တွေမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြန်လည်ရောက်ရှိပြီး ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ရခိုင်ပြည်နယ် မောင်တောဒေသသို့ ယနေ့ သွားရောက်ကြည့်ရှုလေ့လာကြသည့် သံတမန်အဖွဲ့တွင် စင်ကာပူ၊ ဘရူနိုင်း၊ ဆားဘီးယား၊ အင်ဒိုနီးရှား၊ ဒိန်းမတ်၊ အစ္စရေး၊ မလေးရှား၊ ဩစတြေးလျ၊ ချက်၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နယူးဇီလန်၊ နော်ဝေ၊ ကူဝိတ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တူရကီ၊ ကနေဒါ၊ ဘရာဇီး၊ ဆော်ဒီအာရေဗီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ နီပေါ၊ ပါကစ္စတန်၊ ဖင်လန်၊ စပိန်၊ အီဂျစ်၊ အီတလီ၊ လာအို၊ ကာတာ၊ သီရိလင်္ကာ၊ ဆွီဒင်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဂျပန်၊ ရုရှား၊ ကိုရီးယားသမ္မတနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ ဂျာမနီ၊ ဗြိတိန်၊ ဥရောပသမဂ္ဂတို့မှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ UNRC , UNHCR , WFP , World Bank (Myanmar), UNODC တို့မှ တာဝန်ရှိသူများလိုက်ပါခဲ့ကြကြောင်း သိရသည်။ **(သတင်းအဖွဲ့)**



မောင်တောမြို့နယ် ခုံတိုင်ကျေးရွာရှိ မြိုတိုင်းရင်းသားများနှင့် တွေ့ဆုံစဉ်။



မောင်တောမြို့နယ် ရွှေဇားကျေးရွာတွင် သိရှိလိုသည်များကို မေးမြန်းမှတ်တမ်းယူကြစဉ်။



မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာရှိ မြို၊ သက်၊ ရခိုင်နှင့် ဒိုင်းနက်တိုင်းရင်းသားများနှင့် တွေ့ဆုံစဉ်။



မောင်တောမြို့နယ် နုရုလ္လာကျေးရွာသို့ ကွင်းဆင်းမေးမြန်းစဉ်။

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ သဘောထားကြေညာချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂**

ရခိုင်ပြည်နယ်တွင် အကြမ်းဖက်အုပ်စု ARSA ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသော ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူလူမျိုးများအတွက် အထူးဝမ်းနည်းကြေကွဲကြောင်းနှင့် ကျန်ရစ်သူမိသားစုများ ပြန်လည်ထူထောင်ရေးနှင့် ဘဝလုံခြုံရေးအစီအမံများ ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း သဘောထားကြေညာချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသဘောထားကြေညာချက်တွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ် မောင်တောဒေသတွင် ARSA အကြမ်းဖက်အုပ်စု၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ဒေသခံရခိုင်တိုင်းရင်းသားများ၊ ဌာနဆိုင်ရာ ပြည်သူ့ဝန်ထမ်းများနှင့် ဟိန္ဒူလူမျိုးအချို့လည်း သေဆုံးဒဏ်ရာရခဲ့ကြကြောင်း။

အဆိုးရွားဆုံးဖြစ်ရပ်မှာ ဟိန္ဒူလူမျိုးများ ရွာလုံးကျွတ် အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် အသတ်ခံခဲ့ရကြောင်း၊ ဟိန္ဒူလူမျိုးအချို့ကိုလည်း တစ်ဖက်နိုင်ငံသို့ အလိုမတူဘဲ ခြိမ်းခြောက်ခေါ်ဆောင်သွားခဲ့ကြကြောင်း။

ထိုသို့ ပြုမူခြင်းအတွက် ARSA အကြမ်းဖက်အုပ်စုကို ပြင်းထန်စွာ ရှုတ်ချကြောင်း၊ အဆိုပါလုပ်ရပ်အတွက် မြန်မာနိုင်ငံအတွင်းရှိ ဟိန္ဒူဘာသာဝင်များက သေဆုံးသူများ၏ မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိသားစုဝင်များ လူမဆန်စွာ ရက်ရက်စက်စက် အသတ်ခံရသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်အနာတရဖြစ်ရသော ကျန်ရစ်သူမိသားစုများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ပူးတွဲလုပ်ကိုင်လိုပါကြောင်း။

ဤအကြမ်းဖက်ဖြစ်စဉ်ကို မျက်ကွယ်ပြုကာ ရေးသားပြောဆိုနေကြသော နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် နိုင်ငံခြားသတင်းမီဒီယာအချို့ကိုလည်း ပြတ်ပြတ်သားသား ဝေဖန်ရှုတ်ချကြောင်း။

ထို့အပြင် နိုင်ငံခြားမီဒီယာအချို့သည် ဟိန္ဒူလူမျိုးများကို "ရိုဟင်ဂျာဟိန္ဒူ" ဟူသော ဝေါဟာရအသစ်အဖြစ် ခေါ်ဆိုနေကြသည်ကို သတိထားမိပါကြောင်း။

ထိုဝေါဟာရသည် မြန်မာနိုင်ငံရောက် ဟိန္ဒူဘာသာဝင်များ၏ သမိုင်းကြောင်းနှင့် ဟိန္ဒူဗဟိုကောင်စီစည်းမျဉ်းပါ လူမျိုး (၁၀) မျိုးတွင် ပါဝင်ခြင်းလည်း မရှိကြောင်း။

လူတချို့က ပြည်ပနိုင်ငံများကို လှည့်ဖြားရန်အတွက် လုပ်ကြံဖန်တီးထားသောစကားဖြစ်သဖြင့် ထိုသို့ ခေါ်ဝေါ်သုံးစွဲခြင်းမပြုရန် တိုက်တွန်းအပ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ဘာသာပေါင်းစုံနှင့် အမြဲအေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လေ့ရှိသော ဟိန္ဒူလူမျိုးများသည် ယခုဖြစ်စဉ်များကို ဘာသာတစ်ခုမှ နောက်ဘာသာတစ်ခုသို့ ပြုလုပ်သည်ဟု မမြင်ဘဲ အကြမ်းဖက်ဝါဒကြောင့် အပြစ်မဲ့ပြည်သူများ သေကျေဒုက္ခရောက်ရသည်ဟု ရှုမြင်ပြီး ဘာသာပေါင်းစုံမှ ညီအစ်ကို မောင်နှမများနှင့် အမုန်းမပွား မေတ္တာမပျက် ဆက်လက်နေထိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံးက ဟိန္ဒူဘာသာဝင်များသည် မိမိတို့နေထိုင်ရာ မြို့ရွာများရှိ ဘုရားကျောင်းများ၊ အသင်းအဖွဲ့များတွင် ယခုလို ဆုတောင်းပွဲနည်းတူ ဆုတောင်းပွဲများကို ပြုလုပ်ကြပါရန်နှင့် မိမိတို့ မှီတင်းနေထိုင်ရာ တိုင်းပြည်အပေါ် သစ္စာစောင့်သိကာ နိုင်ငံတကာသတင်းဌာနများက မေးမြန်းလာသည့်အခါ အမှန်တရားကိုသာ ရဲရဲဝံ့ဝံ့ ပြောဆိုအသိပေးကြရန် တိုက်တွန်းအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုနှစ်တွင် ကျင်းပမြဲဖြစ်သော ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကို ယခင်နှစ်များကဲ့သို့ ပျော်ပွဲရွှင်ပွဲများနှင့် တခမ်းတနား မဆောင်ရွက်ဘဲ မိမိတို့၏ ဓလေ့ထုံးစံနှင့်အညီသာ ဘုရားရှိခိုးပူဇော်ကြရန် တိုက်တွန်းအပ်ပါကြောင်းဟု ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံကြီးများ၏ ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံတကာမီဒီယာများက သတင်းအမှန်များကို ထိမ်ချန်ရေးသားဖော်ပြနေမှုများအပေါ် ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်မှု ရန်ကုန်မြို့၌ ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂**

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံကြီးများ၏ ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံတကာ မီဒီယာများက သတင်းအမှန်များကို ထိမ်ချန်ရေးသားဖော်ပြနေမှုများအပေါ် ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်မှုတစ်ရပ်ကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ (မဟာဗန္ဓုလပန်းခြံအနီး)တွင် ပြုလုပ်သည်။



ဆန္ဒထုတ်ဖော်မှုကို မြန်မာ့နိုင်ငံရေး လေ့လာသူများက ဦးဆောင်၍ ပြုလုပ်ခြင်းဖြစ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုထိခိုက်ပြီး အမှန်တရားကို မသိကျိုးကျွန်ပြု၍ ဖိအားပေးဆောင်ရွက်မှုများအပေါ် ကန့်ကွက်သည့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတွင် ကန့်ကွက်ရှုတ်ချကြောင်း အင်္ဂလိပ်ဘာသာဖြင့် ဟောပြောမှုများ ပြုလုပ်ခဲ့သူ (မြန်မာ့နိုင်ငံရေးလေ့လာသူ) ဒေါ်ခိုင်ခိုင်ဆုက "နိုင်ငံတကာမှာဆိုရင် မြန်မာနိုင်ငံကို အမျိုးစုံစွပ်စွဲနေတာ တွေ့ရတယ်။ မြန်မာနိုင်ငံဟာ လူမျိုးတုံးသတ်ဖြတ်မှုတွေ လုပ်နေတယ်ဆိုပြီး မဟုတ်မမှန်တဲ့ သတင်းတွေကို လုံခြုံရေးကောင်စီအထိ တက်ပြီး စွပ်စွဲတာတွေလုပ်နေကြတယ်။ ရခိုင်ပြည်နယ်အရေးဟာ ပြည်တွင်းရေးသာ ဖြစ်သလို တရားမဝင်ခိုးဝင်လာသူတွေရဲ့ပြဿနာသာဖြစ်တယ်။ ဒါပေမယ့် ဒီပြဿနာကို နိုင်ငံတကာနဲ့ပတ်သက်တဲ့ ကိစ္စတစ်ရပ်အဖြစ် ပုံဖော်လာတာကို တွေ့ရတယ်။ အဲဒီလို ပုံဖော်လာတဲ့အထဲမှာမှ သတင်းတွေကို အမှန်အတိုင်းဖော်ပြမှုမရှိဘဲ တစ်ဖက်သတ်ဖော်ပြနေတဲ့ မီဒီယာတွေရှိပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ရခိုင်အရေးကိစ္စနဲ့ပတ်သက်ပြီး သေဆုံးသွားတဲ့သူတွေထဲမှာ ဟိန္ဒူဘာသာဝင်တွေလည်း ပါတယ်။ တိုင်းရင်းသားတွေဖြစ်တဲ့ မြိုတို့၊ ဒိုင်းနက်တို့လည်းပါတယ်။ တကယ်တမ်း Ethnic Cleansing လုပ်ခံနေရတာဟာ မြန်မာနိုင်ငံက လုပ်ခံနေရတာပါ။ နိုင်ငံတကာမီဒီယာတွေအနေနဲ့ လူ့အခွင့်အရေးကို မြတ်နိုးရင် အမှန်တရားဘက်က ရပ်တည်ပေးပါ။ တကယ် လူသားချင်းစာနာထောက်ထားရင် ရခိုင်တိုင်းရင်းသားတွေကို ကြည့်ပါ။ ဟိန္ဒူဘာသာဝင်တွေကို ကြည့်ပါ"ဟု ပြောသည်။

ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်သူများက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံကြီးများ၏ ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံတကာ မီဒီယာများက သတင်းအမှန်များကို ထိမ်ချန်ရေးသားဖော်ပြနေမှုများအပေါ် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ကန့်ကွက်ကြောင်း စာသားများရေးသားထားသော ဗီနိုင်းပိုစတာများ ကိုင်ဆောင်၍ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောမှုများပြုလုပ်ကာ ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ကြသည်။

"ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ပတ်သက်ပြီး ပြည်ပနိုင်ငံတွေက ကြားသိနေတဲ့ သတင်းတွေအပေါ် အမှန်အတိုင်း သိစေချင်တယ်။ တချို့သတင်းတွေက အမှန်တရားတွေရှိသလို တချို့သတင်းတွေကျတော့ မဟုတ်မမှန်ဘဲ လိမ်ညာထားတဲ့ သတင်းတွေလည်း ပါရှိနေတာတွေ့ရတယ်။ နိုင်ငံတကာ မီဒီယာတွေအနေနဲ့ သတင်းတွေကို ထိမ်ချန်ပြီး ဖော်ပြနေတဲ့အပေါ် အခြားသော ပြည်ပနိုင်ငံကြီးတွေက မြန်မာနိုင်ငံကို ဖိအားပေးဆောင်ရွက်မှုတွေရှိလာရင် ကျွန်တော်တို့နိုင်ငံအတွက် များစွာနစ်နာမှုတွေရှိလာနိုင်တဲ့အတွက် အခုလို ပါဝင်ဆောင်ရွက်ရခြင်းပဲဖြစ်ပါတယ်"ဟု အဆိုပါပွဲတွင်ပါဝင်သူ ဦးမျိုးမောင်မောင်စိုးက ဆိုသည်။

နိုင်ငံတကာ မီဒီယာများက သတင်းအမှန်များကို ထိမ်ချန်ရေးသားဖော်ပြနေမှုများအပေါ် နိုင်ငံတကာက သိရှိနိုင်မည့် နည်းလမ်းများကိုအသုံးပြု၍ သတင်းမှန်များကို ပြန်လည်ထုတ်ပြန်သင့်ကြောင်း၊ မှားယွင်းသည့် သတင်းအချက်အလက်များအား ထောက်ပြခြင်း၊ ပြည်တွင်းမီဒီယာများအနေဖြင့်လည်း သတင်းအတတ်ပညာဆိုင်ရာကို အသုံးပြု၍ ဖော်ထုတ်မှသာလျှင် နိုင်ငံတကာ၏ လေးစားမှုကို ရရှိလာမည်ဖြစ်ကြောင်း ဝါရင့်သတင်းစာဆရာ ဦးသီဟစောက မြန်မာ့သတင်းစဉ်၏ ဆက်သွယ်မေးမြန်းမှုကို မှတ်ချက်ပြုပြောကြားသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်(သတင်းစဉ်)**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ WFP နှင့် ICRC တို့မှ ပေးအပ်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (WFP) စစ်တွေမှ ထောက်ပံ့ရိက္ခာ ပဲထောပတ် အိတ် ၂၁၆၀ (၁၀၈ တန်) တင်ဆောင်လာသည့် မော်တော်ယာဉ် ၁၀ စီးသည် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့သို့ ရောက်ရှိခဲ့ပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်ရှိ WFP ဂိုဒေါင်သို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် WFP ထောက်ပံ့ရေးရိက္ခာပစ္စည်းများအား IDP Camp များသို့ ပို့ဆောင်ရန် စစ်တွေမြို့ ရေကြောင်းညွှန်ကြားမှုဦးစီးဌာနဆိပ်ကမ်းမှ စက်လှေဖြင့်တင်ဆောင်၍ မင်းပြားနှင့် မြောက်ဦးသို့ ထွက်ခွာလာခဲ့ရာ အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီခွဲတွင် မင်းပြားမြို့နယ်ရှိ အောင်တိုင်ဘင်္ဂါလီကျေးရွာသို့ ရောက်ရှိခဲ့ပြီး ဆန် ၁၃၆ အိတ်၊ ပဲခြမ်း ရှစ်အိတ်၊ ဆီ ၃၅ ဖာ၊ ဆား တစ်အိတ်နှင့် အာဟာရမှုန့် ၃၆ ဖာတို့အား ရာအိမ်မှူးဂျာကေထံသို့ လည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် မြောက်ဦးမြို့နယ် ပုရိန်ကျေးရွာသို့ရောက်ရှိကာ ဆန် ၃၅၄ အိတ်၊ ပဲခြမ်း ၂၃ အိတ်၊ ဆီ ၅၄ ဖာ၊ ဆား သုံးအိတ်၊ အာဟာရမှုန့် ပါကင် ၂၀ တို့အား ရာအိမ်မှူး မောင်မောင်ဇော် (ခ) ပါဒူရှားထံသို့ လည်းကောင်း၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် သရက်အုပ် ဘင်္ဂါလီကျေးရွာသို့ ရောက်ရှိပြီး ဆန် ၂၈၄ အိတ်၊ ပဲခြမ်း ၁၉ အိတ်၊ ဆီ ၄၄ ဖာ၊ ဆား သုံးအိတ်၊ အာဟာရမှုန့် ၆၇ ဖာတို့အား ရာအိမ်မှူး နူမာထံသို့လည်းကောင်း အသီးသီးပေးအပ်ခဲ့သည်။

အလားတူ စစ်တွေမြို့ ရွှေမင်းဂံလမ်း ကျေးတောကျေးရွာအနီး ICRC ဂိုဒေါင်မှ ထောက်ပံ့ပစ္စည်းများအား မောင်တောဒေသရှိ နေရပ်စွန့်ခွာ တိုင်းရင်းသားများကို ထောက်ပံ့ပေးရန် ညနေ ၄ နာရီတွင် မော်တော်ယာဉ်ခြောက်စီးဖြင့် ထွက်ခွာခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရွှေမင်းဂံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး မော်တော်ယာဉ်ခြောက်စီးအနက် လေးစီးပေါ်မှ ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များလိုက်ပါလျက် ရေယာဉ်ဖြင့် ဘူးသီးတောင်ဆိပ်ကမ်းသို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို Red Cross Movement ဖြင့် ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဒေသခံရခိုင်တိုင်းရင်းသားများ၊ ဘင်္ဂါလီလူမျိုးများ၊ ဟိန္ဒူဘာသာဝင်များ၊ မြိုနှင့် ဒိုင်းနက်ကဲ့သို့သော ဌာနေတိုင်းရင်းသားများအားလုံးကို ထောက်ပံ့ကူညီလျက်ရှိကြောင်း သိရသည်။ ဩဂုတ် ၂၅ ရက်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်ပွားပြီးနောက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများကို ဩဂုတ် ၂၇ ရက်မှစတင်၍ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

**❖ ကျောဖုံးမှ**

Yangon Water Bus ၏ ခရီးစဉ်များအဖြစ် ရေလမ်းကြောင်းခရီးစဉ် သုံးခုပြေးဆွဲသွားရန် စီစဉ်ထားပြီး ကနဦးအနေဖြင့် ဗိုလ်တထောင်-အင်းစိန် စတင်ပြေးဆွဲမည်ဖြစ်ပြီး ဆက်လက်၍ လှိုင်သာယာ၊ ယင်းအပြင် သန်လျင် Star City အိမ်ရာဘက်သို့ ခရီးစဉ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) ဘေလီတံတားအနီးမှ ရန်ကုန်မြို့တွင်း ဗိုလ်တထောင် ခရီးစဉ်တို့ကို ပြေးဆွဲအကောင်အထည်ဖော်သွားမည်ဟု Yangon Water Bus လုပ်ငန်းလုပ်ခွင့်ရကုမ္ပဏီဖြစ်သော တင့်တင့်မြန်မာကုမ္ပဏီမှ သိရသည်။

စတင်ပြေးဆွဲမည့် ခရီးစဉ်တွင် ခရီးစဉ်လမ်းကြောင်းတစ်လျှောက် မှတ်တိုင်များမှာ အင်းစိန် ကြိုးတံတားအနီး၊ ဘုရင့်နောင်တံတား၊ FMI အိမ်ရာ၊ လှိုင်ဘူတာရုံလမ်း၊ ကြည့်မြင်တိုင်(ဈေးကြီးတံတား)၊ လသာ (လမ်းသစ်တံတား)၊ ပန်းဆိုးတန်း(နန်းသီတာ)၊ ဗိုလ်တထောင် (တံတားအမှတ် ၄ ) တို့ဖြစ်ပြီး ခရီးစဉ် စီးနင်းခအဖြစ် ငွေကျပ် ၃၀၀ ဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်များကို ဩစတြေးလျ၊ ထိုင်းတို့မှ မှာယူထားသော သင်္ဘောများအပြင် ပြည်တွင်းတွင် မှာယူတည်ဆောက်ထားသော သင်္ဘော အစင်း ၂၀ ရှိကာ ၁၆ စင်းဖြင့် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

(၀၀၁)



## အထောက်အထားမဲ့ လိုင်စင်မဲ့ယာဉ် ၁၀ စီး သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂**

တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ် ၁၀ စီးကို မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက အောက်တိုဘာ ၁ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက အောက်တိုဘာ ၁ ရက်တွင် စခန်းအား ရှောင်ကွင်းသည့် ရွှေဖြူလမ်းသို့ လှည့်ကင်းသွားရောက်စစ်ဆေးမှု ပြုလုပ်ခဲ့ရာတွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Toyota Succeed တစ်စီး၊ Toyota Wish သုံးစီး၊ Honda Fit သုံးစီး၊ Honda Insight တစ်စီး၊ Mitsubishi Pajero တစ်စီး၊ Mitsubishi Canter တစ်စီး စုစုပေါင်း လိုင်စင်မဲ့ယာဉ် ၁၀ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၅၀၀ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် အဆိုပါ စစ်ဆေးရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင် အောက်တိုဘာ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးဆောင်ရွက်မှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၂၉၁ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးဆောင်ရွက်မှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၇၈၂ သန်းခန့်) စုစုပေါင်း တားဆီးဆောင်ရွက်ခဲ့မှု ၂၁ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄ ဒသမ ၀၇၃ သန်းခန့်) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(၀၀၁)**

## ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီခွဲတွင် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာ စစ်ဆေးရေးဂိတ်အနီး၌ ရှောက်ချင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၈၀၊ ငွေကျပ် ၅၇၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ တောင်ကြီး-မိတ္ထီလာကားလမ်းတွင် ဇော်မင်း မောင်းနှင်ပြီး နိုင်စိုးလင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်စေရာ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ၎င်းတို့ထံမှ ဘိန်းစိမ်း ၃ ဒသမ ၆ ကီလိုကို လည်းကောင်း။

ထို့အတူ အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် တောတွင်ကျေးရွာ ပြင်ဦးလွင်-မန္တလေးအဆင်းလမ်းရှိ ကျော်မင်းခန့် စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်လာသည့် နိုရ်ဘိုင်၊ သိန်းဖြိုးမောင်(ခ) ရာဇာ၊ မျိုးဇော်နှင့် အောင်နိုင်ဦးတို့အား ရှာဖွေရာ နိုရ်ဘိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ၊ လက်ကိုင်ဖုန်း လေးလုံးနှင့် ဆိုင်ကယ် နှစ်စီးတို့ကို လည်းကောင်း။

ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၄၃) ရန်ကုန်(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းမကြီးနှင့် ပုန်းညက်လမ်းထောင့်၌ စုမောင်မျိုးမြင့်(ခ) ညီညီနှင့် ရဲမင်းထွဋ်တို့အား ရှာဖွေရာ စုမောင်မျိုးမြင့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀၀ ကိုလည်းကောင်း။

စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် မုံးဝီးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် မုံးဝီးကျေးရွာရှိ နေဝင်းအောင်၏ နေအိမ်ကိုရှာဖွေရာ နေဝင်းအောင်နှင့် ဝင်းလွင်တို့အား တွေ့ရှိရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေး ၁၁၄၆ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ဖြူး အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် သမဝါယမအသင်းစု၏ မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီခွဲက ဖြူးမြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးလှိုင်းစိုးက မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ဖြူးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို အသင်းတာဝန်ရှိသူများအနေဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အတွင်းရှိ သမဝါယမအသင်း ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အသင်းဝင်များက မရှင်းလင်းသည့် အချက်များကို မေးမြန်းကြရာ မြို့နယ်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ဖြူးမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၂၅၁ သင်းတို့မှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**



## မလှိုင်မြို့နယ် မျက်သီးကျင်းတောင်ရွာအတွင်း ရေများဝင်ရောက်

**မိတ္ထီလာ အောက်တိုဘာ ၂**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ အောက်တိုဘာ ၂ ရက် နံနက် ၁ နာရီခွဲက မိုးသည်းထန်စွာ ရွာသွန်း၍ ကူးကြီးကျေးရွာအုပ်စု မျက်သီးကျင်းတောင်ရွာအတွင်း ရေများတစ်ပေခွဲခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က မလှိုင်မြို့နယ်တွင် မိုးရေချိန် ၃ ဒသမ ၂ လက်မထိ ရွာသွန်းခဲ့သဖြင့် သိမ်းကုန်းချောင်း၊ ကုန်းတဲဆည် ရေပိုလွှဲနှင့် ထန်းမကောက်ကန်လွှဲမှ ထွက်ရှိသော ရေများသည် မျက်သီးကျင်းတောင်ရွာအတွင်းသို့ ရေများ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ကျေးရွာအတွင်းရှိ နေအိမ် ၄၇ အိမ်တွင် ရေများတစ်ပေခွဲခန့် ဝင်ရောက်ခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

ယင်းရေဝင်ရောက်သည့် မျက်သီးကျင်းကျေးရွာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ကူညီခဲ့ကြပြီး ရေဝင်ရောက်သည့် အိမ်ခြေ ၄၇ အိမ်မှ လူဦးရေ ၁၉၁ ဦးတို့အား ပါရမီလူမှုကူညီရေးအသင်း၊ ဗလငါးတန် လူမှုကူညီရေးအသင်းနှင့် ဓမ္မယောသက အဖွဲ့များက ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်များနှင့် မုန့်များ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**အောင်ဌေး(မလှိုင်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ မြေမြှုပ်သိုဝှက်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ARSA အစွန်းရောက် အကြမ်းဖက်သမားများ သိုဝှက်ထားသော လက်လုပ်မိုင်းများ တွေ့ရှိခဲ့သည်။

တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ရသေ့တောင်မြို့နယ် အထက်နန်းရာကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာရှိ ချုံပုတ်အတွင်းမှ မသင်္ကာဖွယ် အပြာရောင်ပလတ်စတစ်ပုံး တစ်လုံးအား တွေ့ရှိခဲ့သည်။

၎င်းပလတ်စတစ်ပုံးကို စစ်ဆေးရာ ARSA အစွန်းရောက်အကြမ်းဖက်သမားများ သိုဝှက်ထားသော သံပိုက်ဖြင့် ပြုလုပ်ထားသည့် အလျား ကိုးလက်မ၊ အချင်း လေးလက်မခန့်ရှိ ဒေသန္တရ လက်လုပ်မိုင်း တစ်လုံးနှင့် အလျား ကိုးလက်မခွဲ၊ အချင်း နှစ်လက်မခန့်ရှိ ဒေသန္တရလက်လုပ်မိုင်းတစ်လုံး စုစုပေါင်း မိုင်းနှစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီမှ စတင်၍ ညနေ ၃ နာရီအထိ မောင်တောမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်စဉ် မြဇင်ကျေးရွာရှိ မီးလောင်ထားသည့် နေအိမ်ခြံအတွင်း မြေသားများပွနေသည့် နေရာအား မသင်္ကာ၍ တူးဖော်ရှာဖွေခဲ့ရာ ARSA အစွန်းရောက်အကြမ်းဖက်သမားများ မြေကြီးအတွင်း စပါးခွံများအုပ်၍ ပလတ်စတစ်အဝါပုံး နှစ်ပုံးဖြင့် မြှုပ်နှံထားသည့် လက်လုပ်မိုင်းများကို တွေ့ရှိခဲ့သည်။

မြှုပ်နှံထားသည့် ပလတ်စတစ်အဝါပုံး နှစ်ပုံးကို စစ်ဆေးရာ ARSA အစွန်းရောက်အကြမ်းဖက်သမားများ သိုဝှက်ထားသော အချင်း လေးလက်မ၊ အရှည် ခြောက်လက်မခန့်ရှိ ဒေသန္တရ လက်လုပ်မိုင်း နှစ်လုံးနှင့် အချင်း နှစ်လက်မ၊ အရှည် ကိုးလက်မခန့်ရှိ ဒေသန္တရလက်လုပ်မိုင်း ၁၀ လုံး စုစုပေါင်း မိုင်း ၁၂ လုံး၊ RE စာတန်းပါ အဝေးထိန်းခလုတ် လေးခုနှင့် နှစ်ပင်လိမ် ဝါယာကြိုး ၁၂၅ ပေခန့် တစ်ခွေတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများက မိုင်းခွဲတိုက်ခိုက်မှုများ ဆောင်ရွက်လာခဲ့ရာတွင် ဩဂုတ် ၂၅ ရက်မတိုင်မီ မိုင်းဖြစ်စဉ် ၁၃ ကြိမ်၊ ဩဂုတ် ၂၅ ရက်နောက်ပိုင်း မိုင်းဖြစ်စဉ် ၇၅ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ARSA အစွန်းရောက်အကြမ်းဖက်သမားများ မြေမြှုပ်သိုဝှက်ထားသည့် လက်လုပ်မိုင်းများကို တွေ့ရစဉ်။

# ရွှေခေတ်ရောက်ဖို့ဆိုရင်

ပြီးခဲ့တဲ့ ဇူလိုင်လကစတင်ပြီး ယခုကာလအထိ မြန်မာဘောလုံးအဖွဲ့ချုပ်ရဲ့ ခပ်သွက်သွက်ခြေလှမ်းတွေကို တောက်လျှောက်မြင်နေရပါတယ်။ ယူ-၂၃ အာရှဖလားခြေစစ်ပွဲကစားခဲ့ပြီးနောက် ဆီးဂိမ်းပြိုင်ပွဲ၊ အဲဒီနောက် ယူ-၁၈အာဆီယံဖလားပွဲ၊ ပြီးတော့ အာရှယူ-၁၆ ခြေစမ်းပွဲကစားပြီးတဲ့နောက် လာမယ့်အောက်တိုဘာ ၅ ရက်မှာ ထိုင်းလက်ရွေးစင်အသင်းနဲ့ ခြေစမ်းပွဲကစားဖို့ ရှိနေပြန်ပါတယ်။

အရင်က မြန်မာဘောလုံးအသင်းရဲ့ သက်တမ်းအလိုက် ပြိုင်ပွဲတွေ၊ လက်ရွေးစင်အသင်းပြိုင်ပွဲတွေကို ကြည့်ရှုခွင့်ရဖို့အတန်ငယ်ခဲယဉ်းခဲ့ပေမယ့် ခုနောက်ပိုင်းကာလတွေမှာတော့ လက်ရွေးစင်အသင်းကြီး ပွဲစဉ်တွေမရှိရင်တောင် သက်တမ်းအလိုက်ပြိုင်ပွဲတွေတောက်လျှောက် ရှိနေပါတယ်။ မြန်မာအသင်းအနေနဲ့ သက်တမ်းအလိုက်ပြိုင်ပွဲတွေမှာ ဆီမီးဖိုင်နယ်အဆင့်လောက်နဲ့ကျေနပ်နေရလို့ ဒီအပေါ် ပရိသတ်တွေဆီကအားမလိုအားမရ ဝေဖန်သံတွေ ခုထိမရပ်သေးပါဘူး။ တကယ်တမ်းကျတော့ မြန်မာအသင်းဟာ ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်တက်လာသလို ၂၀၁၇ ခုနှစ်အတွင်းဝင်ပြိုင်တဲ့ ပြိုင်ပွဲကြီးတွေမှာ အုပ်စုအဆင့်ကလှည့်ပြန်တာမျိုး မရှိခဲ့ဘူးဆိုတာတော့သတိပြုစေချင်ပါတယ်။

ဒီလိုပြောလို့ "ရေအိုင်ထဲက ဖားသူငယ်လို" ရတာနဲ့ကျေနပ်နေတယ်လို့အထင်မရောက်စေချင်ပါဘူး။ အရှေ့တောင်အာရှအနားယူခဲ့ရတဲ့ ကြည်လင်းကို ဂတ်ဆီဇီကအခွင့်အရေးပြန်ပေးခဲ့တယ်လို့ ဆိုရပါမယ်။ ကြည်လင်းဟာ ရန်ကုန်နဲ့ ရတနာပုံတို့ယှဉ်ပြိုင်ခဲ့တဲ့ ရှုံးထွက်ပွဲစဉ်မှာ ခြေစွမ်းပြနိုင်ခဲ့တဲ့အတွက် ဂတ်ဆီဇီက ပြန်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒီအတွက် ကြိုဆိုသံတွေ ရှိသလိုတစ်ပွဲလောက် ဝင်ကန်နိုင်ရုံနဲ့ လက်ရွေးစင်အသင်းမှာ လျင်လျင်မြန်မြန် ပြန်ရွေးခဲ့တဲ့အပေါ် ဝေဖန်သံတွေ အများအပြားထွက်ပေါ်လာပါတယ်။ ကြည်လင်းဟာ တိုးအားကောင်းသလို ကိုယ်တိုင်လည်း ဂိုးသွင်းယူနိုင်စွမ်းရှိသူဖြစ်ပြီး သူ့ရဲ့အတောက်ပဆုံးခြေစွမ်းကို ၂၀၁၃ခုနှစ်လောက်မှာ မြင်တွေ့ခဲ့ရပါတယ်။ ဒေါသထွက် ဝေဖန်တတ်တာ သဘာဝပါ။

ဘာပဲဖြစ်ဖြစ် ကြည်လင်းလို တိုးအားကောင်းတဲ့ နဂိုခြေစွမ်းကောင်းပြီးသားကစားသမားတစ်ဦး ပြန်လည် ကစားနိုင်ခြင်းကမြန်မာအသင်းအတွက်တော့ အားတစ်ရပ်ပါပဲ။ ကြည်လင်းကို အခွင့်အရေးပြန်ပေးခဲ့တဲ့ ဂတ်ဆီဇီရဲ့ဆုံးဖြတ်ချက်ကို ကြိုဆိုရပါမယ်။ ဒီလို ခြေစမ်းပွဲတွေမှာ ထည့်သွင်းကစားခိုင်းမှသာ တကယ်တမ်းပြိုင်ပွဲကြီးတွေမှာ ဘယ်ကစားသမားက အသင်းအတွက် အထောက်အပံ့ဖြစ်မယ်၊ ဘယ်သူ့ကို ချန်လှပ်သင့်တယ်ဆိုတာ ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အချို့သော ဝေဖန်မှုတွေဟာ အတော်စွမ်းဆောင်နိုင်ချိန်မှာ မြန်မာအသင်းအနေနဲ့ ဒေသတွင်းပြိုင်ပွဲတွေမှာ အောင်မြင်မှုဝေးကွာနေတဲ့အပေါ် ပရိသတ်အချို့ အားမလိုအားမရဖြစ်ကြပေမယ့် မြန်မာဘောလုံးယဉ်ကျေးမှုဟာ အစောပိုင်းကာလတွေမှာသာအားကောင်းမောင်းသန်နဲ့ ကြီးထွားခဲ့ပြီးဆယ်စုနှစ်များစွာကြာအောင် ကျဆင်းခဲ့ရတဲ့အနေအထားပါ။

ဒီကာလတွေမှာ အခြားအရှေ့တောင်အာရှ အသင်းတွေ၊ အာရှပြိုင်ဘက်အသင်းတွေက အရှိန်အဟုန်ကောင်းကောင်းနဲ့တိုးတက်အောင် ကြံဆောင်နိုင်ကြတာကြောင့်မြန်မာအသင်း ကျဆင်းသွားတယ်ဆိုတာထက်လည်း တွေ့ရပါတယ်။ သက်တမ်းအလိုက်ပြိုင်ပွဲတွေမှာ ခြေစွမ်းပြတဲ့ ကစားသမားကိုလက်ရွေးစင်အသင်းကြီးအတွက် ခေါ်ယူတာသဘာဝကျပေမယ့် ဒီကစားသမားတွေကသက်တမ်းအလိုက် ပြိုင်ပွဲတွေမှာလည်းပြန်လည် ယှဉ်ပြိုင်နေရတာက ပြဿနာပါ။မြန်မာအသင်းအနေနဲ့ အခြားနိုင်ငံကအသင်းတွေလို နိုင်ငံတကာ ပြိုင်ပွဲတွေလုံလုံလောက်လောက် မယှဉ်ပြိုင်ရပေမယ့်သက်တမ်းအလိုက် သီးသီးသန့်သန့်လေ့ကျင့်၊ အဲဒီထဲကမှ ခြေစွမ်းကောင်းသူတွေကို လက်ရွေးစင်အသင်းကြီးအတွက်ခေါ်ယူ၊ ဒီလူတွေကို စုစုစည်းစည်းနဲ့လေ့ကျင့်ခိုင်းရင် ပိုမိုလျင်မြန်တဲ့ တိုးတက်မှုတွေ ရရှိမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြရရင်အောင်သူဆို အာရှဖလားယူ-၂၃မှာလည်းပါ၊ဆီးဂိမ်းယူ-၂၂ အသင်းအတွက်လည်းကစား၊ လက်ရွေးစင်အသင်းမှာလည်းပါနေတာကြောင့် ဒါဟာ မြန်မာအသင်းရဲ့ ကစားသမားရှားပါးမှုကြောင့်လားဆိုတာ မေးစရာရှိပါတယ်။

ပြင်သစ်ရဲ့ ပေါ့ဘာ၊ အင်္ဂလန်မှ ဟယ်ရီကိန်းတို့ဆို လူငယ်အသင်းမှာ ခြေစွမ်းပြတော့ နည်းပြတွေက လက်ရွေးစင်အသင်းအတွက် ခေါ်ယူခဲ့ပေမယ့် သက်တမ်းအလိုက်ယှဉ်ပြိုင်ရတဲ့ ဖလားပွဲတွေမှာတော့သက်ဆိုင်ရာ နည်းပြတွေက ချန်လှပ်ပြီးအခြားလူငယ်ကစား သမားလေးတွေ နေရာပေးရွေးချယ်ကြတာမျိုးပါ။ ရွေးချယ်ရာမှာလည်း အကယ်ဒမီတွေချည်း အားမကိုးဘဲ



(ဓာတ်ပုံ - မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)



(ဓာတ်ပုံ - မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)



(ဓာတ်ပုံ - မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ထိပ်သီးအသင်းထဲမှာပါတဲ့ ဗီယက်နမ်၊ စင်ကာပူတို့လို အသင်းတွေတောင် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်မလာနိုင်ချိန်မှာ ယှဉ်ပြိုင်ခဲ့တဲ့ဒေသတွင်းပြိုင်ပွဲတွေတိုင်းမှာ မြန်မာအသင်းရဲ့ စွမ်းဆောင်နိုင်မှုကို ပရိသတ်တွေအနေနဲ့ အသိအမှတ်တော့ပြုသင့်ပါတယ်။ တစ်ခါတလေတော့ ဝေဖန်မှုတွေဟာ ယူတတ်ရင် တွန်းအားဖြစ်စေပေမယ့် တစ်ခါတလေတော့ မလိုလားအပ်တဲ့ ဖိအားတွေသာ ဖြစ်စေတတ်တာကိုသတိပြုစေချင်ပါတယ်။

မြန်မာလက်ရွေးစင် အသင်းက ကာဂျစ္စတန်နဲ့ ကစားမယ့် အာရှဖလားခြေစစ်ပွဲမတိုင်မီ အရှေ့တောင်အာရှထိပ်သီးအသင်း ထိုင်းနဲ့ အောက်တိုဘာ ၅ ရက်မှာ ခြေစမ်းမှာဖြစ်ပါတယ်။ ဒီအတွက် မြန်မာလက်ရွေးစင်နည်းပြချုပ် ဂတ်ဆီဇီက အစောပိုင်းမှာ ၂၅ဦးကို ရွေးချယ်ထားခဲ့ပြီးဖြစ်ပေမယ့် အောက်တိုဘာ ၁ ရက်မှာတော့ ကြည်လင်း(ရန်ကုန်ယူနိုက်တက်)နဲ့ မျိုးကိုထွန်း(ရတနာပုံ)တို့ကို ထပ်မံအားဖြည့်ခဲ့ပါတယ်။

ခြေထောက်ကျိုးခဲ့တဲ့အတွက် ကာလရှည်ကြည်လင်းရဲ့ခြေစွမ်းဟာ အာရှအဆင့်ကိုတိုးဝင်နိုင်လောက်တဲ့ အလားအလာရှိပေမယ့်ကြားကာလ ဒဏ်ရာပြဿနာ၊ လူမှုရေးပြဿနာတွေကြောင့် အကောင်းဆုံးစွမ်းဆောင်ရည်ကို ရေရှည်မထိန်းနိုင်ခဲ့တာလို့သုံးသပ်ရပါမယ်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမှာ အိမ်ရှင်မြန်မာအသင်း အုပ်စုကနေ ထွက်ခွာရမှုနဲ့အတူ အဲဒီအချိန်က မြန်မာအသင်းရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ကြည်လင်း၊ ကျော်ကိုကိုတို့ပစ်မှတ်ထား ဝေဖန်ခံခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ မြန်မာယူ-၂၀ အသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းနဲ့အတူ အောင်သူ၊ သန်းပိုင်တို့ နာမည်တရှိန်ထိုးမြင့်မားလာပြီး ၂၀၁၅ ဆီးဂိမ်းမှာ မြန်မာအသင်းကို ဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ လှိုင်းဘိုဘို၊ စည်သူအောင်တို့လို ကစားသမားတွေလည်း ပရိသတ်နှုတ်ဖျား ရေပန်းစားလာတာကြောင့် ကြည်လင်း၊ ကျော်ကိုကိုတို့လို ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအသင်းက ကစားသမားတွေရဲ့ အရှိန်အဝါ အတော်လေး ကျဆင်းသွားခဲ့တာကိုတွေ့ရပါတယ်။ ပရိသတ်တွေကတော့ ကိုယ့်အသင်းရှုံးပွဲကြုံရင် စောလွန်းနေပြီး ပွဲမယှဉ်ပြိုင်သေးခင် ဘယ်သူက ဘာဆိုတဲ့ အရင်ကဖြစ်ခဲ့တာကို အစကောက်ပြန်ပြောနေခြင်းက ကဖျက်ယဖျက် လုပ်နေတာနဲ့ တူပါတယ်။

နိုင်ငံတကာကရွေးချယ်တဲ့ စံနှုန်းကိုကြည့်ရင်လည်း ခြေစမ်းပွဲတွေမှာ ဒီလိုစမ်းသပ်သုံးစွဲခြင်းကနေ ပြိုင်ပွဲကြီးတွေအတွက်ပြင်ဆင်ကြတာပါပဲ။ အချို့ကတော့ ဒီခြေစမ်းပွဲဟာ ဖီဖာရဲ့ အသိအမှတ်ပြုတဲ့ ပွဲလား၊ အချို့ကလည်း ထိုင်းအသင်းအနေနဲ့ အရန်ကစားသမားတွေနဲ့ ပွဲထွက်လာမလား စတဲ့ စိုးရိမ်မကင်းဖြစ်မှုတွေလည်း တွေ့နေရပါတယ်။ မြန်မာဘောလုံး အသင်းက အားနည်းချက်တွေရှိပါတယ်။ ဒီလိုပဲ အားသာချက်တွေလည်းရှိပါတယ်။ ပရိသတ်တွေအားလုံးကတော့ ကိုယ်အားပေးတဲ့အသင်းကို နိုင်စေချင်ကြတာပါပဲ။

ဒါပေမယ့် အားပေးနည်းမှန်ဖို့လိုသလို ဝေဖန်မှုထက် အကြံပေးမှုဆန်တဲ့ ထောက်ပြခြင်းကသာ အပေါင်းလက္ခဏာဆောင်တယ်ဆိုတာကို သတိပြုစေချင်ပါတယ်။ စစ်ဒဏ်ခံရတဲ့ ဆီးရီးယားအသင်းတောင် ကမ္ဘာ့ဖလားခြေစစ်ပွဲ(ပြန်ကန်ပွဲစဉ်) ပြန်ကန်ခွင့်ရအောင် မြန်မာဘောလုံးလောက တိုးတက်မှု ရပ်တန့်သွားချိန်မှာ အခြားအသင်းတွေတိုးတက်ပြီး ကျော်တက်သွားကြတယ်ဆို ပိုမှန်ပါလိမ့်မယ်။ အလယ်အလတ်ခေတ်မှာ တစ်ကျော့ပြန်တက်ရိပ်ပြန်မြင်ရပေမယ့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ အတော်လေးကျသွားခဲ့ပြီး ၂၀၁၂ ခုနှစ် နောက်ပိုင်းမှသာ တိုးတက်လာတာဖြစ်ပါတယ်။ ကျဆင်းသွားတာ မြန်မြန်ဆန်ဆန်ဖြစ်နိုင်ပေမယ့် တဖြည်းဖြည်းပြန်အောင်မြင်မှုရဖို့ဆိုတာကတော့ နည်းလမ်းပေါင်းစုံကြိုးစားကြည့်ရပါတယ်။ ဒါကြောင့်လည်း မသိမသာနှုန်းနဲ့သာ တိုးတက်နေတာဖြစ်ပြီး လတ်တလော လောက်လောက်လားလားအောင်မြင်မှုမပြနိုင်သေးတာဖြစ်ပါတယ်။

ဒီနေရာမှာ ပြောစရာရှိတာက မြန်မာဘောလုံးအသင်းက သက်တမ်းအလိုက်လက်ရွေးစင်အသင်းဖွဲ့စည်းထားပေမယ့်ဒီအသင်းက ကစားသမားတွေက သက်တမ်းမီသမျှ ပွဲစဉ်တွေအတွက်ရော လက်ရွေးစင်အသင်းကြီးအတွက်ရော ကစားနေတာကြောင့် စုစည်းမှုအပိုင်းအားနည်းသလိုတစ်ပွဲလည်း ဒီကစားသမား၊ နောက်ပွဲလည်းဒီကစားသမား ဒါမျိုးအနေအထားတွေကိုကျောင်းပြိုင်ပွဲတွေ၊ အခြားဒေသတွင်းပြိုင်ပွဲတွေ နောက်ဆုံးလမ်းမပေါ် ဘောလုံးကစားနေတဲ့ ကလေးတွေထဲက အလားအလာရှိတဲ့ လူငယ်လေးတွေကို ရှာဖွေဖော်ထုတ်ပြီး ရွေးချယ်စေချင်ပါတယ်။

ဘောလုံးကစားနည်းဆိုတာ အင်မတန်မှကို စရိတ်သက်သာပြီး ဘောလုံးတစ်လုံးဖိုးရင်းလိုက်ရင် လူ ၂၂ ယောက် ဝင်ကစားလို့ရတဲ့ အားကစားနည်းပါ။ ဒ့ါအပြင် မြန်မာလူမျိုးတွေက ဘောလုံးကစားနည်းကို ရူးရူးမူးမူးအားပေးကြသလို လူကြီး၊ လူငယ်မရွေးနေ့စဉ်လိုလို ကစားကြတာကြောင့် ဒီလိုနိုင်ငံမျိုးမှာ ရွက်ပုန်းသီးတွေ အများကြီးရှိနေမှာ အသေချာပါပဲ။ ဒါကြောင့်လက်လှမ်းမီရာထက် ကျော်လွန်ပြီး အပြင်ထွက်ရှာ အသေအချာ ပြုစုပျိုးထောင်ရင် နောင် ၁၀ နှစ်၊ အနှစ် ၂၀ ဆိုရင် မြန်မာတွေလိုလားတဲ့ ရွှေခေတ်ကို ရောက်လာဖို့ဆိုတာ မဝေးတော့ပါဘူး။ ။

မေလဲ့သင်း
ရေးသားသည်

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀)ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



တက္ကသိုလ် ဟန်စိုးဦး

# အာဆီယံ နှစ်(၅၀)ခရီး

ASEAN 50
PHILIPPINES 2017
PARTNERING FOR CHANGE, ENGAGING THE WORLD

**ယခင်အပတ်မှ အဆက်**

**ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်း**

ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ အချုပ်အခြာအာဏာပိုင်နိုင်ငံများကပြဿနာတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေတဲ့ နိုင်ငံများရဲ့သဘောတူညီမှုနဲ့ ဆောင်ရွက်တဲ့ သံတမန်ရေးနဲ့ နိုင်ငံရေးအရေးယူဆောင်ရွက်မှုတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီလို အရေးယူ ဆောင်ရွက်မှုများဟာ -

- ဒေသတွင်းလုံခြုံရေးနဲ့ တည်ငြိမ်မှုကို ထိခိုက်နိုင်စေရန် အလားအလာရှိတဲ့ နိုင်ငံများအချင်းချင်း ဖြစ်ပေါ်တဲ့ ပဋိပက္ခတွေကို ကြိုတင်ကာကွယ်ရာမှာ အထောက်အကူပြုစေရန်၊
- ပဋိပက္ခများနဲ့ အငြင်းပွားမှုများကနေ လက်နက်ကိုင်တိုက်ခိုက်မှုအဖြစ် ကြီးထွားမလာစေရန်၊ ကာကွယ်တားဆီးမှုတွင် အထောက်အကူပြုစေရန်၊
- ပဋိပက္ခများနဲ့ အငြင်းပွားမှုများရဲ့ ဒေသအပေါ် သက်ရောက်စေနိုင်တဲ့ အကျိုးဆက်ကို တတ်နိုင်သမျှ လျော့နည်းစေရန်တို့ ဖြစ်ပါတယ်။

ARF ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းရဲ့ အဓိကအနှစ်သာရက တစ်ဖက်မှာဝင်ရောက်မစွက်ဖက်ရေးနဲ့ အချုပ်အခြာအာဏာကာကွယ်ပိုင်ခွင့်၊ အခြားတစ်ဖက်မှာ အငြင်းပွားမှုတွေကို ကာကွယ်ရေးတာဝန်နဲ့ ငြိမ်းချမ်းစွာဖြေရှင်းရေး ကတိကဝတ်တို့အကြား မှန်ကန်စွာ နှစ်ဖက်ချိန်ခွင်လျှာညီမျှမှုကို ရှာဖွေရေးပဲ ဖြစ်ပါတယ်။

**သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ**

သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ လူမှောင်ခိုကူးမှု၊ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှု၊ ပင်လယ်ဓားပြမှု၊ လက်နက်မှောင်ခိုရောင်းဝယ်မှု၊ ငွေကြေးခဝါချမှု၊ အင်တာနက်ဆိုင်ရာပြစ်မှုများနှင့် အခြားနယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများပါဝင်ပါတယ်။ ARF အနေနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးခြိမ်းခြောက်မှုအသစ်များနဲ့ ဒေသတွင်း ရင်ဆိုင်နေရတဲ့ အခြားစိန်ခေါ်မှုတွေကို တုံ့ပြန်ရာမှာလည်းကောင်း၊ အကြမ်းဖက်မှု၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး၊ လက်နက်ဖျက်သိမ်းရေးနဲ့ မပြန့်ပွားရေး၊ ဘာသာရေးဆိုင်ရာဆွေးနွေးပွဲများ၊ ယဉ်ကျေးမှုဆိုင်ရာဆွေးနွေးပွဲ၊ မူးယစ်ဆေးဝါးနဲ့လူမှောင်ခိုကူးမှု၊ လက်နက်ငယ်နဲ့ အပေါ့စားလက်နက် စီမံခန့်ခွဲရေးနဲ့ လုံခြုံရေးအစရှိတဲ့ ကိစ္စရပ်တွေကို ကိုင်တွယ်နိုင်ရေးအတွက်လည်းကောင်း ဆွေးနွေးပွဲတွေကို တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိကြပါတယ်။

**လက်နက်မပြန့်ပွားရေး**

အာဆီယံအဖွဲ့ကြီးဟာ ကမ္ဘာ့လက်နက်ထိန်းချုပ်ရေး၊ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ စာချုပ်စာတမ်းတွေကို အလေးထားလိုက်နာရေးအပေါ် ထောက်ခံလျက်ရှိပါတယ်။ တိုက်ချင်းပစ်ဒုံးပျံတွေ ထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်း၊ တင်ပို့ခြင်းတွေမှာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြဖို့လည်း တိုက်တွန်းလျက်ရှိပါတယ်။ လူအများအပြား သေကျေပျက်စီးစေနိုင်တဲ့ လက်နက်တွေ မပြန့်ပွားရေးနဲ့ ပတ်သက်ပြီး ARF ရဲ့ ရပ်တည်ချက်ကို (၁၁) ကြိမ်မြောက်ဝန်ကြီးအဆင့်အစည်းအဝေးမှာထုတ်ပြန်ခဲ့ပါတယ်။ ဒုံးလက်နက်ကာကွယ်ရေး ဆွေးနွေးပွဲ၊ ပို့ကုန်လိုင်စင် ထုတ်ပေးရေးကျွမ်းကျင်သူများအစည်းအဝေးနဲ့ လက်နက်မပြန့်ပွားရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်၊ ၁၅၄၀ ကို လိုက်နာအကောင်အထည်ဖော်ရေး ဆွေးနွေးပွဲတွေကို ကျင်းပခဲ့ပါတယ်။

(၁၅)ကြိမ်မြောက် ARF ဝန်ကြီးများအဆင့် အစည်းအဝေးမှာ လက်နက်မပြန့်ပွားရေးနဲ့ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ကိစ္စရပ်တွေမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်၊ ၁၅၄၀ နဲ့ အညီ ဒေသတွင်း အကောင်အထည်ဖော်မှုများကို ပုံမှန်ဆွေးနွေးပူးပေါင်းဆောင်ရွက်ရေးအတွက် လက်နက်မပြန့်ပွားရေးနဲ့ လက်နက်ဖျက်သိမ်းရေးကြားကာလအစည်းအဝေး (Inter-Sessional Meeting on Non-Proliferation and Disarmament) တွေကိုလည်း ကျင်းပလျက်ရှိပါတယ်။

**ငြိမ်းချမ်းမှုထိန်းသိမ်းရေး**

စစ်မက်ဖြစ်ပွားသည့်နေရာတွေမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များကို စေလွှတ်လေ့ရှိပါတယ်။ လက်ရှိအလားအလာကတော့ဒေသဆိုင်ရာပဋိပက္ခတွေကို သက်ဆိုင်ရာ ဒေသအဖွဲ့အစည်းများမှ တာဝန်ယူဖြေရှင်းသွားဖို့ဖြစ်ပါတယ်။ အာဆီယံအနေနဲ့လည်း ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွေမှာ တပ်ဖွဲ့ဝင်တွေ စေလွှတ်ပါဝင်ဆောင်ရွက်လျက်ရှိကြပြီး တစ်ချိန်မှာ အာဆီယံငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ကို ထူထောင်ထားရှိဖို့ ကြိုးပမ်းမှုတွေလည်း ရှိနေပါတယ်။ လက်ရှိအခြေအနေမှာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် Training for the trainers အစီအစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာ ARF အဖွဲ့ဝင် (၉)နိုင်ငံဖြစ်တဲ့ ဩစတြေးလျ၊ ကနေဒါ၊ အင်ဒိုနီးရှား၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှား၊ နယူးဇီလန်၊ ရုရှား၊ စင်ကာပူနဲ့ အမေရိကန်ပြည်ထောင်စုတို့ဟာ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့မှာ တပ်ဖွဲ့ဝင်များကို စေလွှတ်ထားရှိပါတယ်။

**(ဏ) အာဆီယံအဖွဲ့ကြီးမှဖော်ဆောင်နိုင်ခဲ့သည့် အကျိုးကျေးဇူးများ**

အရှေ့တောင်အာရှဒေသဟာ သမိုင်းကြောင်းအရပြန်ကြည့်ရင် အခုအချိန်မှာ ငြိမ်းချမ်းရေးနဲ့လုံခြုံမှု ရရှိနေတာကို ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေရဲ့ ပြည်သူပြည်သားတွေ တန်ဖိုးထားကြရမယ့်အချက်ဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုတွေကနေ ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို အဖွဲ့ဝင်နိုင်ငံကပြည်သူတွေ ခံစားနေကြပေမယ့် အချို့သာလျှင် သိမြင်နားလည်ကြပါတယ်။

အရှေ့တောင်အာရှဒေသမှာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် အာဆီယံအဖွဲ့ကြီးရဲ့ အရေးပါတဲ့ အထောက်အကူပြုမှုဟာ အာရှအရှေ့မြောက်ဒေသမှာ တင်းမာမှုတွေဖြစ်ပေါ်နေတဲ့ဖြစ်စဉ်နဲ့ နှိုင်းယှဉ်ကြည့်ရင် သိသာပါတယ်။ ဂျပန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ဟာ မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူလက်နက်အသုံးပြုတိုက်ခိုက်လာနိုင်မယ့်အန္တရာယ်ကို စိုးရိမ်ထိတ်လန့်နေကြရတဲ့ အနေအထားမှာ ရှိပါတယ်။ ဒုတိယကမ္ဘာစစ်ရဲ့ လက်ကျန်ပဋိပက္ခကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေတဲ့ ကိုရီးယားကျွန်းဆွယ် တင်းမာမှုဟာ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့အကြား ရင်ကြားစေ့ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက် အတားအဆီးတွေ ဖြစ်နေပါတယ်။ ဒီတင်းမာမှုတွေကြောင့် ဂျပန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ဟာ သူတို့ရဲ့လုံခြုံရေးနဲ့ အဏုမြူလက်နက်ဖြင့် အကာအကွယ်ပေးမှုအတွက် အမေရိကန်နိုင်ငံအပေါ် ယနေ့တိုင် မှီခိုနေရဆဲဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ကတည်းက ဖွင့်လှစ်ထားတဲ့ တရုတ်၊ ဂျပန်နဲ့တောင်ကိုရီးယားနိုင်ငံတို့အကြား (၃) နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးရုံးချုပ် (The Trilateral Cooperation Secretariat) ဟာ အခုအချိန်အထိ ထိထိရောက်ရောက် လုပ်ငန်းမစတင်နိုင်သေးတဲ့အချက်က ဒါကိုသက်သေပြနေပါတယ်။

၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလတွေမှာ အာဆီယံအဖွဲ့ကြီးဟာ ဒေသတွင်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဆွဲဆောင်နိုင်ဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖန်တီးပေးနိုင်ဖို့ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်တွေ ချမှတ်နိုင်ဖို့ စတင်ဆောင်ရွက်လာခဲ့ပါတယ်။ အခုဆိုရင် အာဆီယံအဖွဲ့ကြီးဟာ တရုတ်နိုင်ငံရဲ့ ကြီးမားလာတဲ့ စီးပွားရေးအင်အားနဲ့ အိန္ဒိယနိုင်ငံက စီးပွားရေးအရ လမ်းစပွင့်လာနေတဲ့ အခြေအနေမှာ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားနေစေဖို့ ဆက်လက်ကြိုးပမ်းအားထုတ်မှုအနေနဲ့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတွေနဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်တွေ လက်မှတ်ရေးထိုးထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံဒေသတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးကဏ္ဍရဲ့ အစိတ်အပိုင်းအဖြစ် အာဆီယံဒေသတွင်းမှာ လေကြောင်းခရီးသွားလာသူတွေအတွက် ဗီဇာကင်းလွတ်ခွင့်ရရှိခြင်းဟာ ဥပမာတစ်ခုဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသမှာ ကုန်ကျစရိတ်သက်သာတဲ့ တန်ဖိုးနည်းလေကြောင်းလိုင်းဝန်ဆောင်မှု (Low-cost budget air service) တွေ အောင်မြင်လာတာဟာ အာဆီယံဒေသတွင်းမှာ တစ်ခုတည်းသော လေကြောင်းသွားလာရေး ဈေးကွက်ဖော်ဆောင်ရေး ကြိုးပမ်းမှုရဲ့ တိုက်ရိုက်အကျိုးရလဒ်တစ်ခုဖြစ်ပါတယ်။

အာဆီယံလွတ်လပ်စွာကုန်သွယ်မှုဒေသ (အက်ဖ်တာ) (ASEAN Free Trade Area-AFTA) ဟာ အခုဆိုရင် အာဆီယံစီးပွားရေး အသိုက်အဝန်းတစ်ခု (ASEAN Economic Community-AEC) အဖြစ် အသွင်ပြောင်းရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ အာဆီယံစီးပွားရေးအသိုက်အဝန်းရဲ့ ရည်မှန်းချက်က အဖွဲ့ဝင်နိုင်ငံများအကြား ကဏ္ဍပေါင်းစုံမှာ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုတွေကနေတစ်ဆင့် အာဆီယံအဖွဲ့ကြီးဟာ အပြည့်အဝပေါင်းစည်းတဲ့ ဒေသဈေးကွက်ကြီးတစ်ခု (Highly Integrated Regional Market)နဲ့ ထုတ်လုပ်မှု အခြေခံဒေသတစ်ခု (Regional Production Base) ဖြစ်ပေါ်လာရေးပဲ ဖြစ်ပါတယ်။ အာဆီယံ စီးပွားရေးအသိုက်အဝန်းဟာ အာဆီယံလူမှုအဖွဲ့အစည်းရဲ့ မဏ္ဍိုင်ကြီး(၃)ရပ်အနက် တစ်ခုဖြစ်ပြီး ကျန်မဏ္ဍိုင် (၂)ရပ်ကတော့ အာဆီယံနိုင်ငံရေးနဲ့လုံခြုံရေးအသိုက်အဝန်းနဲ့ အာဆီယံလူမှု ယဉ်ကျေးမှုအသိုက်အဝန်းတို့ပဲဖြစ်ပါတယ်။ အာဆီယံရဲ့ အသိုက်အဝန်း (၃)ရပ် ၂၀၁၅ ခုနှစ် အကုန်ပိုင်းမှာ စတင်အသက်ဝင်လာစေဖို့ အာဆီယံခေါင်းဆောင်ကြီးတွေက ထုတ်ဖော်ကြေညာထားခဲ့ပေမယ့် အာဆီယံအတွင်း အသိုက်အဝန်းတည်ထောင်မှုကို ၂၀၂၅ ခုနှစ် အာဆီယံ မျှော်မှန်းချက် (ASEAN 2025: Forging Ahead Together) နဲ့ အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ အာဆီယံအဖွဲ့ကြီးရဲ့ တူညီဆန္ဒကတော့ “တူညီသောအမြင်၊ တူညီသော သွင်ပြင်လက္ခဏာနဲ့ တူညီသောအသိုက်အဝန်း” (One Vision, One Identity, and One Community) ဖြစ်လာစေရေးပဲ ဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေးတွေအကြား ပေါင်းစည်းဆက်နွှယ်လာမှုရှိလာတဲ့အချက်ကို ၁၉၉၇ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အရှေ့တောင်အာရှ ငွေကြေးအကျပ်အတည်း (Southeast Asian Financial Crisis) က သက်သေပြခဲ့ပါတယ်။ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ပြိုလဲကျဆင်းမှုဟာ အင်ဒိုနီးရှား၊ မလေးရှားနဲ့ တောင်ကိုရီးယားနိုင်ငံအထိတောင် ကွင်းဆက်အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီငွေကြေးအကျပ်အတည်းကနေ အင်ဒိုနီးရှားနိုင်ငံမှာ သမ္မတဆူဟာတို ၁၉၉၈ ခုနှစ်မှာ အာဏာလက်လွှတ်ဖြစ်ခဲ့ရတဲ့အထိ သက်ရောက်မှုတွေ ရှိခဲ့ပါတယ်။

အာရှငွေကြေးအကျပ်အတည်းရဲ့ ရလဒ်တစ်ခုကတော့ အာဆီယံအဖွဲ့ကြီးကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့နဲ့ ပိုမိုနီးစပ်လာစေခဲ့ခြင်းပဲဖြစ်ပါတယ်။ ငွေကြေးအကျပ်အတည်းကာလအတွင်းမှာ တရုတ်နိုင်ငံဟာ ငွေကြေးတန်ဖိုးအပြိုင်အဆိုင်ချတဲ့လုပ်ငန်းစဉ်မှာ မပါဝင်ခဲ့ပဲ အထောက်အကူပြုခဲ့သလို ဂျပန်နိုင်ငံကလည်း ထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ကို ငွေကြေးအထောက်အကူပေးအပ်ပြီး ဘတ်ငွေကြေးနဲ့ ရူပီးယားငွေကြေးတို့ကို ကျားကန်ပေးခဲ့ပါတယ်။ အာဆီယံခေါင်းဆောင်ကြီးတွေဟာ တရုတ်သမ္မတ ကျန်ဇီမင်း၊ ဂျပန်ဝန်ကြီးချုပ် ရူတာရို ဟာရှီမိုတို၊ တောင်ကိုရီးယားသမ္မတ ကင်ယုံဆမ်တို့ကို သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြသလို ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာ စုစည်းတွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဒီသမိုင်းဝင် တွေ့ဆုံမှုကနေ နောက်ပိုင်းမှာ အဲဒီနိုင်ငံတွေနဲ့ အာဆီယံ+၁ ထိပ်သီးအစည်းအဝေးတွေ ပေါ်ပေါက်လာစေခဲ့သလို အာဆီယံ+၃ လုပ်ငန်းစဉ်တွေရဲ့ အစလည်းဖြစ်ခဲ့ပါတယ်။

အာဆီယံ+၃ လုပ်ငန်းစဉ်တွေကနေ အနာဂတ်မှာ ငွေကြေးအကျပ်အတည်းတွေကို ရှောင်ရှားနိုင်ဖို့ အာဆီယံနဲ့ မိတ်ဖက်နိုင်ငံတွေအကြား စုစည်းငွေကြေးရန်ပုံငွေတစ်ရပ်ကို ဒေါ်လာဘီလီယံ ၁၂၀ နဲ့ ၂၀၁၀ ပြည့်နှစ်၊ မတ်လမှာ စတင်နိုင်ခဲ့တဲ့ ချင်းမိုင်အစီအစဉ် (Chiang Mai Initiative) ကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အခုဆိုရင် စုစည်းငွေကြေးရန်ပုံငွေဟာ ဒေါ်လာဘီလီယံ ၂၄၀ အထိ ရှိလာခဲ့သလို ငွေကြေးကို စင်ကာပူနိုင်ငံမှာ အခြေစိုက်တဲ့ အာဆီယံ+၃ မက်ခရိုစီးပွားရေးသုတေသနရုံး (The ASEAN Plus Three Macroeconomic Research Office-AMRO) ကနေ စီမံခန့်ခွဲလျက် ရှိနေပါတယ်။ အာဆီယံနိုင်ငံသုံးငွေကြေးတွေကို အကာအကွယ်ပေးမယ့် ဒီလိုငွေကြေးရန်ပုံငွေတစ်ရပ်ငွေကြေးပမာဏ အမြောက်အမြားနဲ့ စုစည်းထားတဲ့အချက်ရယ်၊ ဒီငွေကြေးကို စင်ကာပူအခြေစိုက် AMRO အဖွဲ့က စီမံခန့်ခွဲနေတယ်ဆိုတဲ့အချက်ကို အာဆီယံနိုင်ငံတွေက ပြည်သူတွေ အနည်းငယ်ကသာ သတိထားမိကြတာ ဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

“အာဆီယံအဖွဲ့ကြီးဟာ ဒေသတွင်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဆွဲဆောင်နိုင်ဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖန်တီးပေးနိုင်ဖို့ လွတ်လပ်စွာ ကုန်သွယ်ရေးသဘော တူညီချက်တွေ ချမှတ်နိုင်ဖို့ စတင်ဆောင်ရွက်လာခဲ့ပါတယ်။”

# မန္တလေးတိုင်းဒေသကြီး တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပ

**မန္တလေး အောက်တိုဘာ ၂**
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌနှင့်အစိုးရအဖွဲ့အစည်းဝင်များက ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ အလှူရှင်များမှ လှူဒါန်းငွေများနှင့် ကန်တော့ပစ္စည်းများအား တက်ရောက်လာသည့် အသက်(၉၅)နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွား ၅၂ ဦးသို့ပေးအပ်သည်။ ထို့နောက် မန္တလေးခရိုင်အတွင်းရှိ အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အသက်(၉၅)နှစ် အထက် အဘိုး အဘွား ၂၃၅ ဦးသို့ အလှူငွေများအား မြို့နယ်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်သည်။ အခမ်းအနားတွင် သက်ကြီးဘိုးဘွား စုစုပေါင်း ၃၀၅ ဦးအား ငွေကျပ် ၁၀၆ ဒသမ ၇၅ သိန်းနှင့်ပစ္စည်းများအား ကန်တော့ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေးနှင့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ အမျိုးသမီး ရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်လူမှုရေးအသင်းအဖွဲ့များ၊ မန္တလေးခရိုင်အတွင်းရှိ အသက်(၉၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများတက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# ညောင်ဦး၌ ခရီးသွားလုပ်ငန်းကဏ္ဍရှိ လူ့စွမ်းအားအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းဖွင့်

**ညောင်ဦး အောက်တိုဘာ ၂**
ညောင်ဦးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍရှိ လူ့စွမ်းအားအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူဇင်ဘတ်နိုင်ငံ အခြေစိုက် လူဇင်ဘတ် ဖွံ့ဖြိုးရေးအေဂျင်စီ ( Lex-Dev)မှ သင်ကြားပို့ချမည့် "UNDERSTANDING TOURISM AND HOSPITALITY" သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ပုဂံမြို့ဟောင်း ရွှေနန်းတော်အနီးရှိ ပုဂံသတင်းအချက်အလက်နှင့်သင်တန်းဗဟိုဌာန (Bagan Information and Training Center)၌ ကျင်းပခဲ့သည်။



အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်တာဝန်ခံ) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲတာဝန်ခံ) ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ခိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ M.T.F လက်အောက်ရှိအသင်းအဖွဲ့များ(ပုဂံဇုန်)မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပုဂံဒေသရှိဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ မန်နေဂျာများနှင့် သင်တန်းသား သင်တန်းသူ ၂၅ ဦး အပါအဝင် စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်တာဝန်ခံ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများက ပုဂံသတင်းအချက်အလက်နှင့် သင်တန်းဗဟိုဌာန (Bagan Information and Training Center)၌ ချိတ်ဆွဲပြသထားသည့် ပုဂံဒေသ ယဉ်ကျေးမှုအမွေအနှစ် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်လေ့လာကြည့်ရှုခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် “UNDERSTANDING TOURISM AND HOSPITALITY”သင်တန်းသည် ပုဂံဇုန်ရှိ ဟိုတယ်နှင့်စားသောက်ဆိုင်များမှ အခြေခံပညာအလယ်တန်းအဆင့်ရှိ ဒေသခံလူငယ်များကို ဦးစားပေး၍ ရက်သတ္တနှစ်ပတ် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် Lex-Dev မှ ခရီးသွားဝန်ဆောင်မှုကဏ္ဍတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အဆင့်မြင့်ပညာအဆင့်ရှိ ဒေသခံလူငယ်များအတွက်လည်း သုံးလနှင့်အထက် သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်၍ ပြည်ပနိုင်ငံများနှင့် ယှဉ်ပြိုင်ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးသွားရန် အစီအစဉ်များလည်းရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



# ထူးခြားသော သဘာဝရေထွက်များနှင့်ရွာ

**ကျောက်ဆည် အောက်တိုဘာ ၂**
မြန်မာနိုင်ငံတွင် ထူးခြားသောရေထွက်များရှိသည့်နေရာများစွာရှိသည်။ ထိုအထဲတွင် ရေအတွက်အနေမခက် အခြေမပျက်သောရွာဟုတင်စားညွှန်းဆိုထားသည့်ရွာများ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် တည်ရှိသည်။ ထိုရွာမှာကျောက်ဆည်မြို့နှင့်ဆယ်မိုင်ခန့်အကွာရှမ်းရိုးမတောင်တန်းနောက်ခံထားသည့်သပြေဝန်းရွာနှင့် ဓာတ်တော်ကတိုးရွာပင်ဖြစ်သည်။

ထိုရွာနှစ်ရွာမှာကျောက်ဆည်ဒေသတွင်နာမည်ကြီးသည့်အမြင့်ပေ ၁၁၂၉ တွင် ထူးခြားစွာတည်ရှိနေသော ဓာတ်တော်တောင်လှိုင်ဂူဘုရားတည်ရှိရာ ဓာတ်တော်တောင်ခြေတွင်တည်ရှိသည်။ ဓာတ်တော်တောင်ခြေတွင် တောင်ခြေစောင်းတန်းရှိပြီး ကတိုးရေထွက်မှာ စောင်းတန်းမြောက်ဘက်နှစ်ဖာလုံခန့် အကွာတွင် တည်ရှိပြီး ရေထွက်တွင်းသုံးနေရာမှ ရေများပွက်ထွက်လာသည်။ ထိုရေထွက်မှ ဓာတ်တော်တောင်သို့ရေပိုက်များဖြင့် ရေပေးဝေနိုင်သလို ကတိုးရွာအတွက်ပါ ရေများပေါများပြည့်လျှံလုံလောက်သည့်အတွက် ရေအတွက် အခြေမပျက်ဘဲကန်များဖြင့် ရယူသုံးစွဲလျက်ရှိသည်။ ထိုရေထွက်ကို ကတိုးရေထွက်ဟု ယနေ့တိုင်ခေါ်လျက်ရှိသည်။

ဓာတ်တော်တောင်အောက်ခြေတွင်သပြေဝန်းရွာတည်ရှိသည်။ ဓာတ်တော်တောင်သို့ ဘုရားဖူးလာသူများသည် တောင်ခြေရှိသာသနာမဏ္ဍိုင်ကျောင်းတွင် ကား၊ ဆိုင်ကယ်များထားကာ တောင်ပေါ်သို့ ဘုရားဖူးတက်ကြရသည်။ ထိုဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ သပြေရေထွက်စေတီအောက်မုခ်ဦးတည့်တည့်နေရာမှ သဘာဝအတိုင်းထွက်ရှိကာ စီးဆင်းနေသည်။ ထိုရေများကိုကန်များသို့ သွယ်ယူထားသည်။ ထိုကန်များကိုချိုးရေကန်၊ အဝတ်လျှော်သည့်ကန်နှင့် သောက်သုံးရေအတွက် သီးသန့်ကန်များအဖြစ်ထားရှိပြီး တစ်နှစ်ပတ်လုံးကန်များရေပြည့်လျှံပြီး သုံးမကုန်သောကန်များပင်ဖြစ်သည်။ မူလကသပြေပင်ခြေမှ ရေထွက်သည့်အတွက် သပြေရေထွက်ဟုခေါ်သည်။

ဓာတ်တော်တောင် ဘုရားဖူးလာသူများသည် သပြေရေထွက်ဘုရားမုခ်ဦးအောက်တည့်တည့်မှ သဘာဝအတိုင်းရေများထွက်လာခြင်းကို လေ့လာမှတ်တမ်းယူလေ့ရှိသည်။ သဘာဝအတိုင်းထွက်လာသောရေများကို ကန်များဖြင့် ရယူထားပြီး သပြေဝန်းရွာမှ သောက်သုံးရေခပ်ခြင်း၊ ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းများ ပြုလုပ်မှုသဘာဝဓလေ့ကို သဘောကျလျက်ရှိသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များအများစုလာရောက်လေ့လာသော နေရာပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်တွင်လည်း တောတောင်အလှများ၊ စိုက်ခင်းအလှများ၊ သဘာဝရေထွက်အလှများနှင့် ဓာတ်တော်တောင်လိုဏ်ဂူဘုရားကိုပါ ဖူးမြော်လေ့လာရင်းအလှရှုခင်းကြည့်လေ့ရှိကြောင်း သိရသည်။ လက်ရှိကာလတွင် ကျောက်ဆည်မြို့နယ် သပြေဝန်းရွာနှင့် ဓာတ်တော်ကတိုးရွာတို့မှာ ရေအတွက်အနေမခက် အမြဲပေါပြည့်လျှံလျက်ရှိသောရွာများအဖြစ် ထင်ရှားလျက်ရှိသည်။

**တိမ်တမန်**

# ကျေးရွာများသောက်သုံးရေဖူလုံရေး ရေကန်များတူးဖော်

**ကျောက်ဆည် အောက်တိုဘာ ၂**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိကျေးရွာများ သောက်သုံးရေဖူလုံစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဒွေးလှကျေးရွာနှင့်လက်ပန်ကျေးရွာများတွင် မြေသားကန်တူးဖော်ခြင်း လုပ်ငန်းများ၊ ကန်ခြံစည်းရိုး chain link ကာရံခြင်းနှင့် လက်နှိပ်တုန်ကင် လေးစုံတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းသိရပြီး စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းကဒွေးလှကျေးရွာအတွက် (၁၀၀×၁၀၀×၆)ပေအကျယ်ရှိ သောက်သုံးရေးကန်တူးဖော်မှုအခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူးဒေါ်ထိုက်ထိုက်စိုးတို့က ကွင်းဆင်းကြည့်ရှုပြီး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အချိန်တွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး ပြောကြားခဲ့ကြောင်းသိရသည်။



သောက်သုံးရေကန် တူးဖော်ခြင်းလုပ်ငန်းကို ရွှေကဆုန်ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းသိရပြီး ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာနှစ်ကလည်း အဆိုပါ ဒွေးလှကျေးရွာအားဦးစီးဌာနမှ သောက်သုံးရေ ဖူလုံရေးအတွက် လေးပေ အကျယ်၊ အနက်ပေ ၆၀၀ ရှိသောစက်ရေတွင်း တစ်တွင်းနှင့်ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် (၁၀×၈×၈)ပေရှိသော ရေစက်ရုံတစ်ရုံတည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

**သက်မောင်**

# မန္တလေးခရိုင် (Community Centre ) တွင် စာစီစာကုံး၊ ပန်းချီနှင့်ဆေးရောင်ခြယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂**
ကျောင်းသားလူငယ်များ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာပေဖတ်ရှုသည့်အလေ့အကျင့်များ ဖြစ်ပေါ်စေရန်ရည်ရွယ်၍ မန္တလေးခရိုင် (Community Centre) တွင် ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့်ဆေးရောင်ခြယ်ပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၆၂)လမ်းရှိ မန္တလေးခရိုင်(Community Centre) တွင် ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ပြိုင်ပွဲများကျင်းပရခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ပေးခဲ့ကြသောမြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ဆရာမများအား မန္တလေးခရိုင် စာကြည့်တိုက်မှူးက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်စာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ၊ နည်းပညာ

# တန်ဘောင်ယန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီရွေးချယ်

**အင်ဂျန်းယန် အောက်တိုဘာ ၂**

အင်ဂျန်းယန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် တန်ဘောင်ယန်ကျေးရွာအား မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းမိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို စက်တင်ဘာ ၂၉ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းခန်းမ၌ ကျင်းပသည်။

အင်ဂျန်းယန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ခင်မေညွန့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းမှာ နိုင်ငံတော်မှ အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးကာ ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည့် အစီအမံများ၊ ရရှိသည့် အတိုးငွေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ခွင့်ရမည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း လုပ်ဆောင်နိုင်ရေး ကျေးရွာကြီးကြပ်ရေးကော်မတီသို့ တက်ရောက်လာသည့် ကျေးရွာနေပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ပေး၍ ရွေးချယ်ခံရသူများအား သတ်မှတ်ရာထူးများဖြင့် ခွဲဝေသတ်မှတ်ကာ အခမ်းအနားသို့ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းပြီး အဆိုပါ မိတ်ဆက်ပွဲသို့ ဒေသခံပြည်သူ ၇၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ တောင်ကြီးတွင်ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကို တောင်ကြီးမြို့ အတုလမာရဇိန် မြို့လယ်ဓမ္မာရုံ၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက် ၂၂ ရပ်ကွက်မှ အသက်(၈၇)နှစ်နှင့်အထက် အဘိုးအဘွား ၅၉ ဦးကို ဂုဏ်ပြုပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အို ဘိုးဘွားမိဘများကို ထာဝစဉ် ကိုယ်စိတ်နှစ်ပါးချမ်းမြေ့သာယာအောင် ပြုစုစောင့်ရှောက်ပေးမြဲဖြစ်သည့် မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ဓလေ့စရိုက်ကောင်းများကို မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေပေးကြရန်၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ Older People Self Help Group က မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းနိုင်အောင် အားထုတ်ကြိုးပမ်းပေးကြရန်၊ ၂၀၁၇ ခုနှစ်အတွက် ဆောင်ပုဒ်ဖြစ်သည့် သက်ကြီးသူတို့စွမ်းဆောင်အား ရပ်ရွာအတွင်းအလေးထား အနာဂတ်အတွက် ခြေလှမ်းများ ဆိုသည့်အတိုင်း ရှမ်းပြည်နယ်အတွင်းရှိ သက်ကြီးရွယ်အိုဘိုးဘွားများကို ရေမြေသဘာဝနှင့် လိုက်လျောညီထွေဖြစ်မည့် ကျန်းမာရေး၊ လူမှုစောင့်ရှောက်မှုများကို မြှင့်တင်ပေးကြရန်၊ သက်ကြီးရွယ်အိုအားလုံး မိမိကိုယ်ကို စောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုအားလုံး လုံလောက်စွာရရှိနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ဘိုးဘွားရိပ်သာအသစ်ဖြစ်ထွန်းပေါ်ပေါက်လာရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က အဘိုးအဘွားများအား ပူဇော်ကန်တော့ပြီး ပူဇော်ကန်တော့ငွေနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းကာ အဘိုးအဘွားများ၏ ကိုယ်စားအဘွားဒေါ်သင်းကြိုင် (ရှမ်းရိုးမဘိုးဘွားရိပ်သာ)မှ ဆုတောင်းမေတ္တာပို့သပေး၍ ရှမ်းပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန အထူးကုဆရာဝန်ကြီးများမှ ဘိုးဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။



အဆိုပါ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့တွင် တောင်ကြီးမြို့ပေါ်ရှိ အသက် ၈၇ နှစ်အထက် အဘိုး ၉၂ ဦး၊ အဘွား ၂၀၁ ဦး စုစုပေါင်း ၂၉၃ ဦးရှိသည့်အနက် အဘိုးအဘွား ၅၉ ဦး တက်ရောက်ကန်တော့ခံ၍ တစ်ဦးလျှင် ကျပ် ၃၇၀၀၀ ပူဇော်ကန်တော့ပြီး လှူဒါန်းငွေ စုစုပေါင်း ကျပ် ၃၀၇၃၃၀၀ ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပခုက္ကူမြို့တွင် (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်

**ပခုက္ကူ အောက်တိုဘာ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ပခုက္ကူမြို့ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ မြို့ရှောင်လမ်း အဆိုပါ ဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့ (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံသစ်ကို မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြူကြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းဆေးရုံသစ် ကမ္ပည်းမော်ကွန်းကို နံ့သာရည် ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ ပခုက္ကူမြို့ (၂၅) ခုတင်ဆံ့ဆေးရုံသစ်အဆောက်အအုံအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က တိုင်းရင်းဆေးရုံ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့အပြင် ပခုက္ကူမြို့ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံအတွက်လိုအပ်သော ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံသစ်သည် အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေရှိပြီး အလျားပေ ၈၀၊ အနံ ပေ ၄၀ ရှိသော တိုင်းရင်းဆေးပညာဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ်ဆောင်ကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ တိုင်းရင်းဆေးရုံများကို ရေနံချောင်းမြို့နှင့် ပေါက်မြို့တို့တွင် ဖွင့်လှစ်ခဲ့ရာ ပခုက္ကူမြို့ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသည် တတိယမြောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းဆေးရုံ ၂၇ ရုံဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**



# ဒေါ်လာ၂သန်းဖြင့် Jetpack တီထွင်နိုင်သူကိုဖိတ်ခေါ်



မည်သူမဆိုပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့် တစ်ကိုယ်ရေသုံးပျံသန်းရေးဝတ်စုံ Jetpack ကို တီထွင်ပေးနိုင်သူများပေါ်ထွက်လာစေရန် GoFly အမည်ရ ပြိုင်ပွဲတစ်ခုအား လာမည့် ၂၀၁၈ ခုနှစ်တွင် ပြုလုပ်သွားမည်ဟု ကြေညာခဲ့သည်။ မည်သည့်ဒီဇိုင်းပုံစံမျိုးမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး တစ်နာရီလျှင်မိုင် ၂၀ နှုန်းဖြင့် လူတစ်ဦးကို ပျံသန်းသယ်ဆောင်သွားနိုင်စွမ်းရှိရမည်ဟု အဆိုပါပြိုင်ပွဲ ဖြစ်ပေါ်လာစေရန်စတင်ခဲ့သော Boeing လေယာဉ်ပျံများနှင့် အာကာသယာဉ်များစွာကို ဖန်တီးအောင်မြင်ခဲ့သောလုပ်ငန်းမှ နည်းပညာအရာရှိ Greg Hyslop က ပြောကြားထားကြောင်း သိရသည်။

အဆိုပါပျံသန်းရေးယာဉ်သည် ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်သူများက အဆင့် သုံးဆင့်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအဆင့်ကို ၂၀၁၈ ခုနှစ်တွင် ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်ကို ၂၀၁၉ ခုနှစ် နှစ်စပိုင်းတွင် ကျင်းပမည်ဖြစ်ကာ နောက်ဆုံးအဆင့်ကို ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်တွင် အကောင်းဆုံး ယှဉ်ပြိုင်နိုင်သူအား ဒေါ်လာ နှစ်သောင်း၊ ဒုတိယအဆင့် အကောင်းဆုံးယှဉ်ပြိုင်နိုင်သူအား ဒေါ်လာ ငါးသောင်းနှင့် နောက်ဆုံးအဆင့်နှင့် အကောင်းဆုံးနမူနာပုံစံပျံသန်းနိုင်သည့်ယာဉ်အား ဒေါ်လာ နှစ်သန်းအထိဆုချီးမြှင့်သွားဖွယ်ရှိသည်ဟု သိရသည်။

အဆိုပါပြိုင်ပွဲကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပပြုလုပ်သွားသော SAE 2017 Aero Tech Congress တွင် စတင်ကြေညာသွားခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ လူအများပျံသန်းနိုင်စေရန်နှင့် အနာဂတ်တွင် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းသွားနိုင်ရန်နှင့် သယ်ယူပို့ဆောင်ရေးနည်းပညာစနစ်များ ပိုမိုကောင်းမွန်လာစေရန် အဆိုပါပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း ပြိုင်ပွဲ၏ အကြီးအကဲဖြစ်သူ Gwen Lighter ကပြောကြားခဲ့သည်။

ALEX

# MPT မှ Mobile Money ဝန်ဆောင်မှုစတင်တော့မည်

နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စက်တင်ဘာလတွင် ကျင်းပခဲ့သော ငါးကြိမ်မြောက် Myanmar Connect 2017 ၏ မိုဘိုင်းငွေကြေးဝန်ဆောင်မှုဆိုင်ရာဆွေးနွေးမှုများတွင် MPT မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါဆွေးနွေးမှုများတွင် "ဘဏ်တွေ သွားရောက်မဖွင့်လှစ်နိုင်သေးတဲ့ မြန်မာပြည်တွင်းမှ ဒေသတွေနဲ့ သွားလာရေးခက်ခဲတဲ့ဒေသတွေက ပြည်သူတွေကို လုံခြုံစိတ်ချပြီးရိုးရှင်းလွယ်ကူစွာ အသုံးပြုနိုင်တဲ့မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို ထိရောက်တဲ့ လုပ်ဆောင်မှုတွေ ပေးအပ်နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု Head of MPT Mobile Money မှ Mr. Rozano Planta က ပြောကြားခဲ့သည်။



MPT Mobile Money သည် မြန်မာနိုင်ငံအတွင်းလိုအပ်လျက်ရှိသောဒေသများနှင့် ပြည်သူများအတွက် အကျိုးရှိသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို လုပ်ဆောင်သွားရန် မကြာမီအချိန်တွင်အကောင်အထည်ဖော်တော့မည်ဖြစ်သည်ဟု သိရသည်။ မြန်မာပြည်တွင်းနေထိုင်သူများအနေဖြင့် မိမိတို့၏မိုဘိုင်းဖုန်းများမှ တစ်ဆင့် အချိန်၊ နေရာမရွေး လွယ်ကူလျင်မြန်ပြီး လုံခြုံစိတ်ချရသော ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို ကိုယ်တိုင်ပြုလုပ်သွားနိုင်တော့မည်ဖြစ်သည်။ **ဇာဏီ**

# ရွှန်းမြအသရေထွန်းပစေဖို့ ဗျောက်အိုး၊ မီးရှူးလွှတ်ခြင်းကို ရှောင်ကြစို့

သိုက်စိုးထွန်း(နတ်ရှာ)

မကြာခင် သီတင်းကျွတ်တော့မှာဖြစ်ပါတယ်။ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဆိုတဲ့အတိုင်းပဲ တာဝတိံသာနတ်ပြည် ကသစ်ပင်ရင်းက ဗန္ဓုကမ္ဗလာမြကျောက်ဖျာထက်မှာ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးပြီး မယ်တော်ဟောင်း သန္တုသိတ နတ်သားအမှူးပြုတဲ့ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်တို့ကို အဘိဓမ္မာရေအေးတိုက်ကျွေးခဲ့ပြီး ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဆိုတဲ့ စောင်းတန်းသုံးသွယ်ကနေ နတ်ဗြဟ္မာ ပရိသတ်များစွာခြံရံပြီး သင်္ကဿနဂိုရ်ပြည်ကို ပြန်လည်ကြွချီတော်မူခဲ့တဲ့အချိန်ပါ။

### ရောင်စုံမီးထွန်းညို

ဘုရားရှင်ကိုယ်တော်မြတ်ကြီး နတ်ပြည်က ပြန်လည်ကြွချီတော်မူလာတာကို ရည်မျှော်မှန်းဆပြီး ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့က သီတင်းကျွတ်အခါသမယမှာ ရောင်စုံဆီမီးထိန်ထိန်ညီးအောင် ထွန်းညှိပူဇော်လာခဲ့ကြတာ၊ မီးပုံးပျံတွေလွှတ်တင်ပူဇော်ခဲ့ကြတာဟာ ဒီကနေ့ဒီအချိန်ထိဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်မှာလည်း သဗ္ဗညုတ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုရည်မှန်းပြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွေ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြတဲ့ရာသီပါ။ ဒီအချိန်ဟာ သံဃာတော်အရှင်သူမြတ်အပေါင်းတို့အတွက်လည်း ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်တော်မူခဲ့ကြရာက ဝါလကင်းလွတ်သီတင်းကျွတ်ပြီမို့ မဟာပဝါရဏာသဘင် ဆင်ယင်ကျင်းပတော်မူကြတဲ့ အလွန်ထူးမြတ်တဲ့ အချိန်အခါကြီးလည်းဖြစ်ပါတယ်။

### ဘိုးဘွားမိဘတွေကို ကန်တော့ကြ

အသက်မွေးမှုတစ်ခုအတွက် အနယ်နယ်အရပ်ရပ်မှာ ရေကြည်ရာ၊ မြက်နုရာသွားပြီး တစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်ကြိုးစားနေကြသူ အစိုးရဝန်ထမ်းတွေ၊ ပုဂ္ဂလိကဝန်ထမ်းတွေ၊ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုလျှောက်နေကြရသူတွေလည်း သီတင်းကျွတ်အခါသမယမှာတော့ တတ်နိုင်သမျှ ကိုယ့်ရပ်ဌာနေကို ပြန်လာကြပြီး ဘိုးဘွားမိဘတွေကို ကန်တော့ကြ၊ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်သူမြတ်တွေကို လှူဒါန်းပူဇော်ကြတဲ့အခါပါ။ ဒါ့အပြင်လည်း မိရိုးဖလာယုံကြည်လက်ခံထားတဲ့ အယူအစွဲလေးတွေကို ရင်ဝယ်ပိုက်ထားလေသူတို့ကလည်း တစ်နှစ်ပတ်လုံးဘယ်မှာပဲနေနေ မိဆိုင်ဖဆိုင်၊ ဘိုးဆိုင်ဘွားဆိုင်၊ နယ်တော်ရှင် ပယ်တော်ရှင် နတ်များကိုလည်း ဝါကျွတ်ကာလမှာ အုန်းပွဲ၊ ငှက်ပျောပွဲနှင့် တစ်နှစ်တစ်ခေါက် လာရောက် ပူဇော်ပသကြတာမို့ ရွာတိုင်းအိမ်တိုင်းမှာ မိသားစုတွေ၊ ဆွေမျိုးတွေ စုဝေးစုံညီကြရတဲ့အခါလို့ဆိုရင်လည်း မမှားပါဘူး။

အထက်အညာ ကျေးလက်ဒေသတွေမှာကတော့ ဒီလိုသီတင်းကျွတ်ကာလ ဗုဒ္ဓပူဇနိယ ဆွမ်းလောင်းပွဲတော်မျိုးက ကျောင်းတိုက်တွေမှာရှိသမျှ သံဃာကုန်ပင့်ကြသလို ရွာနီးချုပ်စပ်ကလည်း အိမ်ရှိလူကုန်နီးပါး ဆွမ်းလောင်းပွဲလာတတ်ကြတာမို့ နွားလှည်းတွေ တသီတတန်းကြီးနဲ့၊ ခြုံသံတွေ တချွင်ချွင်နဲ့၊ နောက်လှည်းကရှေ့လှည်းကို ကျော်တက်ဖို့ ညာသံပေးပြီး အပြိုင်မောင်းသလို ရှေ့လှည်းကလည်း နောက်လှည်းအကျော်မခံရဖို့ အသော့နှင်တတ်ကြတာမို့ လမ်းခရီးမှာကအစ ပျော်စရာ ကြည်နူးစရာအလွန်ကောင်းတဲ့အချိန်လည်းဖြစ်ပါတယ်။

ဘုရားပွဲတော်မှာ ရွာရပ်က တတ်နိုင်ရင်တတ်နိုင်သလို ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေ၊ ပွဲဈေးတန်းကြီးတွေနဲ့ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနိုင်တဲ့ဒေသတွေရှိသလို ရွာထဲရပ်ထဲက ဝါသနာကြီးသူတွေစုပေါင်းပြီး အရပ်ဇာတ်ကကြတဲ့နေရာတွေလည်းရှိပါတယ်။ ဘုရားပွဲတော်ကြောင့် ကုသိုလ်တွေရသလို ပျော်ပွဲရွှင်ပွဲအစီအစဉ်တွေကြောင့်လည်း ပျော်ကြရွှင်ကြရပြန်ပါတယ်။

### ကောင်းမြတ်တဲ့အစဉ်အလာ

ကုသိုလ်ပွဲကိုဆင်နွှဲရင်း ပျော်ကြရွှင်ကြ၊ ကြည်နူးကြတာဟာ အလွန်ကောင်းမြတ်တဲ့အစဉ်အလာ တစ်ခုပါ။ ဒါပေမယ့်လည်း ပြောစရာတစ်ခုရှိတာက ဘယ်အချိန်ဘယ်ကာလက စတင်အမြစ်တွယ်လာခဲ့မှန်း မသိရတဲ့ ဓလေ့တစ်ခုကတော့ မီးရှူးမီးပန်းလွှတ်ကြတာနှင့် ဗျောက်အိုးဖောက်ကြတဲ့ကိစ္စပါ။ တအုန်းအုန်း တဒိုင်းဒိုင်းနဲ့အသံတွေက အေးချမ်းငြိမ်သက်စွာ ကုသိုလ်ယူနေကြတဲ့သူတွေကို အထိတ်တလန့် ဖြစ်စေပါတယ်။ တချို့ဗျောက်အိုးကွဲသံတွေက တကယ့်ကို ဗုံးတစ်လုံးပေါက်ကွဲတဲ့အသံအလား ထင်မှားရလောက်အောင် ကျယ်လောင်မြည်ဟည်းကြပါတယ်။ ဒါတွေကတော့ သီတင်းကျွတ်အခါသမယမှာ အပေါင်းထဲကအနုတ်၊ အကောင်းထဲကအဆိုးလို့ ရည်ညွှန်းရမယ့်လက္ခဏာတွေပါ။

သီတင်းကျွတ်မှာ ဗျောက်အိုးဖောက်တဲ့ကိစ္စကို ဥပမာတင်ရရင်တော့ အလွန်အင်မတန် လက်ရာမြောက်လှတဲ့ ပန်းချီကျော်တစ်ဦးက သူ့ရဲ့ပန်းချီကားကို စိတ်ကူးစိတ်သန်းအပြည့်၊ ခံစားမှုအပြည့်နဲ့ အချိန်ယူခြယ်မှုန်းထားပြီးကာမှ ပန်းချီကားပေါ်ကို ဆေးတစ်ခွက်နဲ့ ဖြန်းခနဲသွန်ပစ်လိုက်သလို၊ စုတ်တံပြားကြီးတစ်ချက်နဲ့ ကြက်ခြေခတ်ပစ်လိုက်သလို ထင်မိပါတယ်။ အထက်အထက်က ဆင်ယင် ကျင်းပခဲ့သမျှ အယဉ်အခန့် အသန့်တွေချည်းပါဝင်ခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှုမဟာသဘင်ကြီးက အုန်းကနဲ ဒိုင်းကနဲ မြည်ဟည်းလိုက်နဲ့ ဗျောက်အိုးသံတစ်ချက်ကြောင့် အလှပျက်အကျည်းတန်သွားစေတာကတော့ အမှန်ပါပဲဗျာ

### ကောင်းကျိုးမပေး

ဗျောက်အိုးတွေက သူ့အသံကသာ အထိတ်တလန့်ဖြစ်စေတာမဟုတ်သေးပါဘူး၊ သူ့ပေါက်ကွဲမှုကြောင့် အနီးနားကလူတွေကိုလည်း ထိမှန်ပြီး အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ တချို့ သတင်းတွေကြားရပါတယ်။ ကိုယ့်ရှေ့မှာတင်ဖြစ်ပျက်သွားတာတွေလည်းရှိပါရဲ့။ ဗျောက်သေးသေးလေးတွေတောင်မှ လက်ထဲထည့်လျက်နဲ့ စနက်တံကိုမီးရှို့ပြီးကာမှ အချိန်မီမပစ်နိုင်လို့ လက်ဖဝါးကွဲကြရသူတွေရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ်သာမက ဗျောက်မှန်ခံရလို့ အင်္ကျီ၊ လုံချည် ပေါက်ပြဲရသူတွေလည်း ရှိပါတယ်။ အမှန်တကယ်တော့ ဒီဗျောက်အိုးတွေ၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)တွေဟာ ဘယ်ဘက်ကမှ ကောင်းကျိုးမပေးတဲ့အရာတွေပါ။

ဒီလိုမကောင်းတဲ့ ဗျောက်အိုးတွေ၊ မီးရှူး၊ မီးဒုံး (ရှူးဒိုင်း)တွေ မရောင်းကြ၊ မဝယ်ကြ၊ မဖောက်ကြဖို့ နှစ်စဉ်နီးပါးမှာ ဒေသဆိုင်ရာအာဏာပိုင်တွေက ဒေသန္တရအမိန့်တွေထုတ်ပြန်ပြီး တားဆီးကာကွယ်ခဲ့ကြပေမယ့် အများပြည်သူရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားနည်းတာကြောင့် ဒီနေ့ဒီအချိန်အထိ ပပျောက်မှုမရှိသေးတာကိုလည်း ဝမ်းနည်းဖွယ်ရာတွေ့မြင်နေရပါတယ်။ ဟိုအရင်က မလိုက်နာခဲ့ကြတာ ထားဦးတော့ ဒီနှစ်လိုမျိုးမှာတော့ အထူးလိုက်နာသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ဒီအချိန်မှာ ပဋိပက္ခတွေလည်း ရှိနေတဲ့အချိန်မို့ ထစ်ခနဲရှိ ဘာလိုလိုညာလိုလို ယုံထင်ကြောင်ထင်ဖြစ်ပြီး ဝုန်းခနဲ ဒိုင်းကနဲဆိုတာနဲ့ အထိတ်တလန့်ဖြစ်ကုန်နိုင်ပါတယ်။ ဒါ့ကြောင့် ဗျောက်အိုးတစ်လုံးဖောက်လိုက်တဲ့ကိစ္စဟာ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေနိုင်တယ်ဆိုတာကို သတိပြုကြစေချင်ပါတယ်။

### ပြည်သူလူထုပူးပေါင်းပါဝင်

နှစ်စဉ်နှစ်တိုင်းလည်း အရေးယူမှုတွေရှိခဲ့သလို ဒီနှစ်အတွက်လည်း အရေးယူမှုတွေစတင်နေပြီ ဆိုတာကို သတင်းစာတွေအရ သိနေရပါပြီ။ တကယ်တော့ ကောင်းမွန်သောအုပ်ချုပ်မှုဆိုတဲ့နေရာမှာ (က) ပွင့်လင်းမြင်သာမှု၊ (ခ) တာဝန်ယူ၊ တာဝန်ခံမှု၊ (ဂ) ကြိုတင်ခန့်မှန်းနိုင်မှု ဆိုတာတွေအပြင် (ဃ) ပြည်သူလူထုပူးပေါင်းပါဝင်မှု ဆိုတဲ့အချက်ကလည်း အလွန်အရေးကြီးတဲ့အချက်ပါ။ ပြည်သူလူထုပူးပေါင်းပါဝင်မှု အားကောင်းနေတဲ့အချိန်မှသာလျှင် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်လို့လွယ်ကူမှာ ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေကို တစ်ဦးချင်းစီက ကိုယ်စီအသိနှင့် လိုက်နာနေပြီဆိုမှတော့ ဘယ်သူ့ ဘယ်သူကိုမှ အပြစ်ပေးအရေးယူနေစရာမလိုတော့ဘူးပေါ့လေ။

အချုပ်အားဖြင့် တင်ပြလိုတာကတော့ မြန်မာတို့ရဲ့ သာလွန်ထူးမြတ်လှတဲ့ သီတင်းကျွတ်ကာလ အခါသမယကြီးမှာ ကိုယ့်ကြောင့် အများပြည်သူအထိတ်တလန့်မဖြစ်ရစေဖို့၊ ကိုယ့်ပြည်ကိုယ့်ရွာ ရွှန်းမြအသရေထွန်းပစေဖို့အတွက် ဗျောက်အိုးဖောက်ခြင်း၊ မီးရှူးလွှတ်ခြင်းတို့ကို ဝေရာမဏီ ဝေးစွာရှောင်ကြရအောင်ပါလို့ တိုက်တွန်းလိုက်ပါရစေခင်ဗျာ။ ။

# အစဉ်လာမပျက် သီတင်းကျွတ်လထူးခြားချက်နှင့် ယနေ့ခေတ်လူငယ်များ

ခ မျိုးသိန်း(ပဲခူး)

သီတင်းကျွတ်လသည် ဆယ့်နှစ်လရာသီတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်၏ ပွဲတော်မှာ ဆီမီးထွန်းပွဲတော်၊ မီးမြင့်မိုရ်ပွဲတော်၊ ဆီမီးဖောင်မျှောပွဲများ၊ သက်ကြီးရွယ်အိုမိဘဆရာကန်တော့ပွဲများနှင့် ပဝါရဏာပွဲတော်များပြုလုပ်ကြပြီး မြန်မာတို့မှာ သီတင်းကျွတ်လဟု ခေါ်ဝေါ်ကြပေသည်။

သီတင်းကျွတ်လကို ပါဠိဘာသာဖြင့် တူရာသီဖြစ်ပြီး ယှဉ်သောတာရာမှာ ကြီးတာရာ ရာသီပုံမှန်မှာ ချိန်ခွင်ကိုင်ကုန်သည်ရုပ်ဖြစ်သလို နဂါးဦးခေါင်းအရှေ့အရပ်သို့ နတ်တော်လထိလှည့်သောလဖြစ်သည်။ ရှေးရှေး သုံးနာရီအနေနှင့် နေ့၊ ညနာရီတူသောလဖြစ်သည်။ ရှေးခေတ်သုံးစံတော်ချိန် သတ်မှတ်ချက်အရ မွန်းတည့်သုံးဖဝါးရှိသော လဖြစ်ပြီး အင်္ဂါမှာ ရက်ရာဇာ၊ တနင်္ဂနွေ၊ တနင်္လာမှာ ပြဿဒါး၊ ရက်မစုံ ၂၉ ရက်သာရှိသည့်လဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ညတွင် တာဝတိံသာနတ်ပြည်ရှိ မယ်တော်မိနတ်သားအမှူးပြုသော ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလတာကာလ ပတ်လုံး မွေးကျေးဇူးဆပ်ဟောကြားချီးမြှင့်တော်မူခဲ့သည်။ မြတ်ဗုဒ္ဓအဘိဓမ္မာတရားတော်ဟောကြားချီးမြှင့်တော်မူရာ တရားတော်မြတ်ပြီးဆုံးသည့်နေ့မှာ အဘိဓမ္မာအခါတော်နေ့ရယ်လို့ သတ်မှတ်ခေါ်ဝေါ်ကြ၍ မြတ်ဗုဒ္ဓသာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ပြန်လည်ကြွချီဆင်းသက်လာသည့်အခါ မီးပူဇော်ထွန်းညှိခရီးဦးကြိုပြုကြရာမှ ယနေ့တိုင်မမေ့နိုင် ပူဇော်လှူဒါန်းနေကြခြင်းဖြစ်ပေသည်။

### ပဝါရဏာပွဲတော်ကျင်းပ

အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာပွဲတော်မှာ တစ်ရက်တည်းဖြစ်ပြီး သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်အရှင်သူမြတ်များနှင့်သာ သက်ဆိုင်သောပွဲတော်တစ်ခုဖြစ်ပေသည်။ ပဝါရဏာ၏အဓိပ္ပာယ်မှာ ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်းဖြစ်သည်။ ပဝါရဏာပွဲတော်ကျင်းပပုံမှာ သံဃာတော်များ သိမ်တော်မြတ်ကြီးထဲတွင် စုဝေးကြပြီး သိက္ခာဝါတော်အကြီးဆုံး မဟာထေရ်တစ်ပါးမှစတင်၍ ငါ့ရှင်တို့ တပည့်တော်သည် သံဃာတော်တို့ကိုဖိတ်ကြားပါ၏။ တပည့်တော်၏ အပြစ်ကိုမြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှုစား၍ ကုစားပါမည်ဟု အဓိပ္ပာယ်ရသော ပါဠိဘာသာစကားဖြင့် သုံးကြိမ်တိုင်တိုင်ရွတ်ဆို၍ သံဃာတော်များအား ဖိတ်ကြားတိုက်တွန်းပါသည်။ ထိုနည်းတူအခြားသံဃာများကလည်း ထေရ်စဉ်၊ ဝါတော်စဉ်အလိုက်ဖိတ်ကြားလျှောက်ထားကြပြီး ကျန်သံဃာတော်များက သာဓုသုံးကြိမ်ခေါ်ဆို၍ ဝိနည်းဓမ္မအရကျင်းပသည့် ပဝါရဏာပွဲတော်ပြီးဆုံးရုပ်သိမ်းကြသည်။

ဝါကျွတ်ဟူသည်ကား ဝါ တစ်ပုဒ်နှင့်ကျွတ် တစ်ပုဒ်နှစ်ခု ပေါင်းစပ်ထားခြင်းဖြစ်ပြီး ဝါမှာ ဝါသ ဟူသောပါဠိဘာသာမှ ဆင်းသက်လာသောအမည်ဖြစ်၍ နေခြင်းဟု အဓိပ္ပာယ်ရပြီး ကျွတ်မှာ ကျွတ်လွတ်ခြင်းဟု အဓိပ္ပာယ်ရသည်ကိုတွေ့ရသည်။ ဝါကျွတ်လ၏ အမည်ကို ပါဠိဘာသာအားဖြင့် ဝဿဝုတ္ထာဟုခေါ်၍ ဝဿနှင့်ဝုတ္ထာ စကားနှစ်လုံးပေါင်းစပ်ထားပြီး ဝဿသဒ္ဒါသည် ဝါသဟူသော ပါဠိစကားနှင့် သဘောအားဖြင့်တူညီသည်ဟုဆို၏။ နေခြင်းဟု အဓိပ္ပာယ်ရပြီး နေခြင်းဆိုသည်မှာ ရဟန်းသံဃာတော်များသည် ဝါဆိုဝါကပ်ပြုရာကျောင်းတိုက်အသီးသီး၌ ဝါတွင်းသုံးလပတ်လုံး သတင်းသုံးနေထိုင်ခြင်းကိုဆိုသည်။ ဝုတ္ထာသဒ္ဒါသည် ကျွတ်လွတ်ခြင်းဟု ပါဠိအသုံး အဓိပ္ပာယ်ရလေသည်။

### ထူးခြားမြင့်မြတ်လ

သီတင်းကျွတ်လကို ရှေးမြန်မာတို့က သန္တျုလ ဟုခေါ်ကြသည်။ ရှေးခေတ် ကျောက်စာများတွင်လည်းကောင်း၊ ရှေးဟောင်း ဆေးကျမ်းများတွင်လည်းကောင်း၊ ရှေးဟောင်း ဗေဒင်ကျမ်းများတွင်လည်းကောင်း သန္တျုလဟု ရေးသားထားသည်ကိုတွေ့ရသည်။ သန္တျုလဆိုသည်မှာ ကောက်စပါးပေါက်ပွား၊ ထောင်မတ်သောလဖြစ်သည်ဟု လေ့လာသိရှိရသည်။ ထိုနေ့ကိုဗုဒ္ဓဘာသာပြက္ခဒိန်များတွင် သီတင်းကျွတ်လပြည့်နေ့ဟု ဖော်ပြကြသည်။ ရဟန်းသံဃာအရှင်သူမြတ်များ ဝါဆိုဝါကပ်ခဲ့၍ ဝါကျွတ်သည်ဟုဆိုလိုခြင်းဖြစ်ကြောင်း သိရသည်။ သို့ရာတွင် နောင်အခါ သီတင်းကျွတ်လဟုခေါ်ဝေါ်လာခဲ့ကြပြီး ဝါတွင်းသုံးလ ကုန်ဆုံးသည့်ကာလသည် ထေရဝါဒဗုဒ္ဓဘာသာနွယ်ဝင်များအဖို့ ထူးခြားမြင့်မြတ်သော လတစ်လပင်ဖြစ်ပေသည်။

### ထိတ်လန့်မှုဖြစ်စေ

ထိုကဲ့သို့ ထူးခြားမြင့်မြတ်သည့် သီတင်းကျွတ်လ၌ မြတ်ဗုဒ္ဓအား ရည်မှန်းပူဇော်လှူဒါန်းနေကြခြင်းမှာလည်း ယနေ့ခေတ်လူငယ်အများတို့မှာ ရည်ရွယ်ချက်လွဲမှားကာ အပျော်ဦးစားပေးအားသာစွာဖြင့် အများပြည်သူတို့စိတ်အနှောင့်အယှက်ဖြစ်စေသော မီးရှူး၊ မီးပန်း၊ မီးပုံးပျံများလွှတ်နေခြင်း၊ ထိတ်လန့်မှုဖြစ်ပြီး အန္တရာယ်ရှိနိုင်သည့် ဗျောက်အိုးများအား အချိန်ခါနေရာဒေသရှောင်ရှားခြင်းမရှိ ပစ်ဖောက်ဆူညံနေကြခြင်းမှာ မြတ်ဗုဒ္ဓအား ပူဇော်လှူဒါန်းကြရာမရောက်ဘဲ မြန်မာ့ယဉ်ကျေးမှုနှင့်ပင် ဆန့်ကျင်နေကြပေသည်။ ထူးခြားမြင့်မြတ်သည့် သီတင်းကျွတ်လရာသီ၌ အထွဋ်အထိပ်ထားရာ မြတ်ဗုဒ္ဓအားပူဇော်လှူဒါန်းကြသည့်ပြည်သူအများ စိတ်အနှောင့်အယှက်ဖြစ်ကြပြီး ဘေးအန္တရာယ်ဆိုးကျိုးကို ရရှိစေနိုင်သော ပစ္စည်းများတီထွင်ရောင်းချပေးနေကြသည်ကို စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း ရှောင်ရှားခြင်းအားဖြင့် ကုသိုလ်ယူကြစေလိုပါသည်။

### ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိဂုံးချုပ်ဆိုရသော် မြန်မာတို့၏ သီတင်းကျွတ်လပြည့်နေ့တွင် အစဉ်လာမပျက်ကျင်းပလှူဒါန်းလျက်ရှိသော မီးထွန်းပွဲတော်၊ မီးမြင့်မိုရ်ပွဲ၊ သက်ကြီးရွယ်အို မိဘဆရာ ကန်တော့ပွဲ၊ ဆီမီးဖောင်မျှောပွဲ၊ ပဝါရဏာပွဲတော်စသောပွဲတော်များမှာ မြန်မာများတို့၏ အစဉ်လာမပျက် ရဟန်းရှင်လူ၊ မိဘပြည်သူတို့ လက်ဆင့်ကမ်း ဆက်လက်တည်တံ့နေမည့် ထူးခြားမြင့်မြတ်သော သီတင်းကျွတ်လအား ခေတ်လူငယ်များကြောင့် အကျည်းတန်တဲ့လရာသီရယ်လို့ အရောင်မဆိုးမိကြစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါသည်။



# ပြင်သစ်ဖက်ရှင်ပွဲမှာ ပါဝင်ခဲ့တဲ့ ချယ်ရီ

ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ချယ်ရီကိုးလ်ဟာ ပြီးခဲ့တဲ့အောက်တိုဘာ ၁ ရက်မှာ ပြင်သစ်နိုင်ငံ ပါရီမှာကျင်းပခဲ့တဲ့ ဖက်ရှင်ပြပွဲတစ်ခုမှာ ပြန်လည်ပါဝင်လျှောက်လှမ်းခဲ့တာတွေ့ရပါတယ်။ ချယ်ရီဟာ သူနဲ့အတူနေချစ်သူ လီယမ်ပိန်းတို့ရဲ့ ရင်သွေးလေးကို မွေးဖွားခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဖက်ရှင်ပြပွဲမှာ ပြန်လည်ပါဝင်ခဲ့တာဖြစ်ကြောင်းလည်း အိတ်ပရက်စ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ချယ်ရီနဲ့ ဗြိတိန်ပေ့ါပ်တေးဂီတအဖွဲ့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီယမ်ပိန်းတို့ဟာ ပြီးခဲ့တဲ့မေလအတွင်း သူတို့နှစ်ဦးရဲ့ ရင်သွေးလေးကိုမွေးဖွားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုမိခင်တစ်ဦးဖြစ်လာပြီးတဲ့နောက် ချယ်ရီက ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ကျင်းပခဲ့တဲ့ L’Oreal အမှတ်တံဆိပ်ကုန်ပစ္စည်းတွေရဲ့ ဖက်ရှင်ပြပွဲမှာ ပါဝင်လျှောက်လှမ်းခဲ့တာဖြစ်ပါတယ်။ ဒီလိုမော်ဒယ်လ်တစ်ဦးအဖြစ် ပြန်လည်စတင်ခဲ့တဲ့ချယ်ရီဟာ ကလေးမွေးခဲ့ရပေမယ့် ခန္ဓာကိုယ်အလှကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်တာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာ အသက်(၃၄)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ချယ်ရီဟာ ရင်သွေးလေးကို မွေးဖွားပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်လာတာကို မြင်တွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။ ယင်းပြင်သစ်ဖက်ရှင်ပွဲမှာတော့ ချယ်ရီက စင်မြင့်ပေါ်မှာ ယုံကြည်မှုရှိစွာလျှောက်လှမ်းခဲ့တာဖြစ်ပြီး ပရိသတ်တွေကိုလည်း ဆွဲဆောင်ထားနိုင်ဆဲဖြစ်တာတွေ့ရပါတယ်။ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls Aloud"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဗြိတိန်ရဲ့ကျော်ကြားတဲ့ သီချင်းဆိုပြိုင်ပွဲတစ်ခုဖြစ်တဲ့ "The X-Factor" ရဲ့ ဒိုင်တစ်ဦးအဖြစ်လည်း ပါဝင်ဆောင်ရွက်ခဲ့ဖူးတဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ချယ်ရီဟာ မော်ဒယ်လ်လောကမှာလည်း အောင်မြင်သူတစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပြင်သစ်ဖက်ရှင်ပွဲမှာလည်း ချယ်ရီက ခရမ်းရောင်နဲ့ ပန်းခရမ်းရောင်ရောစပ်ထားတဲ့ နှုတ်ခမ်းနီကို ဆိုးထားကာ ဆွဲဆောင်မှုပြင်းတဲ့မျက်ဝန်းညိုတွေနဲ့ မိတ်ကပ်ဖန်တီးလိမ်းခြယ်ထားတာကိုလည်း တွေ့ရပါတယ်။





# "Wrecking Ball"ကြောင့် အထင်သေးခံခဲ့ရကြောင်း ဖွင့်ဟလာတဲ့ မိုင်လီဆိုင်းရပ်စ်

ပေ့ါပ်တေးသံရှင်မိုင်လီဆိုင်းရပ်စ်က လတ်တလောပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ သူ့ရဲ့နာမည်ကျော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Wrecking Ball"ကြောင့် သူ့ရဲ့ပုံရိပ်တွေ ကျဆင်းခဲ့ရပြီး ကိုယ့်ကိုယ်ကိုယ်အထင်သေးမိသလိုခံစားရကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

"Wrecking Ball"ဟာ မိုင်လီဆိုင်းရပ်စ်ရဲ့ အောင်မြင်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ အင်တာဗျူးမှာ အတိတ်ကအကြောင်းတွေနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားခဲ့တဲ့ မိုင်လီဆိုင်းရပ်စ်က "ဒီတေးသီချင်းစာသားတွေဟာ အခုအချိန်မှာ ကိုယ့်ကိုယ်ကိုယ် အထင်သေးသလို ခံစားရပါတယ်။ ဒ့ါအပြင် အဲဒီသီချင်းဟာ လက်ရှိကျွန်မရဲ့ ပုံစံနဲ့ကိုက်ညီမှုမရှိတဲ့အပြင် ကျွန်မ ဘယ်လိုလူဖြစ်တယ်ဆိုတာကိုလည်း ကိုယ်စားပြုပေးနိုင်ခြင်းမရှိပါဘူး"လို့ ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။

လက်ရှိမှာလည်း မိုင်လီဆိုင်းရပ်စ်ဟာ ယင်းတေးသီချင်းကို သီဆိုတာမျိုးလို ပြန်လည်ဆက်စပ်တာမျိုး မလုပ်ဖြစ်သလောက်ဖြစ်ခဲ့ပြီး ဒီလိုဖြစ်ရတာဟာလည်း သူ့ရဲ့အနုပညာလုပ်ငန်းအပေါ် ပိုမိုတိုးတက်အောင်လုပ်ဆောင်ချင်တာကြောင့်နဲ့ အတိတ်မှာ လုပ်ခဲ့တဲ့အရာတွေအတွက် သူကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် လေးစားမှုမရှိသလို ခံစားခဲ့ရတာကြောင့် ဖြစ်တယ်လို့လည်း ဖွင့်ဟလာခဲ့တာဖြစ်ပါတယ်။

တစ်ချိန်က သူ့ရဲ့အပြုအမူတွေကြောင့် အများရဲ့ဝေဖန်ကဲ့ရဲ့မှုတွေခံခဲ့ရတဲ့ ပေ့ါပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်ဟာ လက်ရှိမှာတော့ အနုပညာလှုပ်ရှားမှုတွေအပေါ်မှာသာ အာရုံစိုက်ထားပြီး သူ့ရဲ့ဂီတလမ်းကြောင်းကို ပြန်လည်တည်ဆောက်နေတာလည်း ဖြစ်ပါတယ်။ ယခင်ကလည်း မိုင်လီဆိုင်းရပ်စ်က သူ့အနေနဲ့အတိတ်မှာ ဆိုးခဲ့တဲ့အဖြစ်တွေအပေါ် နောင်တရမိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။

ဒီလိုအနုပညာဘက်မှာ ပိုမိုကောင်းမွန်တဲ့အရည်အချင်းတွေနဲ့ တေးသီချင်းသစ်တွေ ရေးသားဖန်တီးနေတဲ့ မိုင်လီဆိုင်းရပ်စ်ဟာ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်အတွက်လည်း ပြင်ဆင်နေတာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ် "Younger Now" မှာ ပါဝင်မယ့်တေးသီချင်းတွေကို ထုတ်လွှင့်ပေးလျက်ရှိရာ နောက်ဆုံးထုတ်လွှင့်ပေးခဲ့တဲ့ တေးသီချင်းကတော့ "Younger Now" ဖြစ်ပါတယ်။ ဒီလို တေးဂီတလောကအတွင်း တစ်ကျော့ပြန်လာတဲ့ အသက်(၂၄)နှစ်အရွယ် ပေ့ါပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်က ပြောင်းလဲခြင်းဆိုတာ ဘဝမှာ လူတိုင်းလုပ်နိုင်တဲ့အရာဖြစ်ကြောင်းလည်း အင်တာဗျူးမှာ စကားလက်ဆောင်ပါးခဲ့ကြောင်း သိရပါတယ်။



ပြီးခဲ့သည့် အောက်တိုဘာ ၂၉ ရက်က ဆိုးလ်တွင် မင်္ဂလာပွဲဆင်နွှဲခဲ့ကြသော တောင်ကိုရီးယားကြယ်ပွင့်စုံတွဲ လီဒေါင်ဂန်းနှင့် ဂျိုယွန်ဟီးတို့က သူတို့၏ မင်္ဂလာဓာတ်ပုံများကို ပြီးခဲ့သည့် အောက်တိုဘာလကုန်တွင် ထုတ်ဖော်ပြသခဲ့ကြသည်။

# ဘရူနိုမားစ်ဆီက လက်ဆောင်ကို မမျှော်လင့်ဘဲ ရရှိခဲ့တဲ့ မီရှဲလ်အိုဘားမား





အမေရိကန်သမ္မတဟောင်း ဘာရက်အိုဘားမားရဲ့ ဇနီးဖြစ်သူ မီရှဲလ်အိုဘားမားဟာ တေးသံရှင်တစ်ဦးဖြစ်တဲ့ ဘရူနိုမားစ်ဆီက လက်ဆောင်တစ်ခုကို လတ်တလောမှာ မမျှော်လင့်ဘဲရရှိခဲ့တာဖြစ်ပြီး ဒီလိုလက်ဆောင်ရခဲ့တဲ့အတွက် သူ့အနေနဲ့ အလွန်အံ့အားသင့်ခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က ဝါရှင်တန်ဒီစီမှာ ကျင်းပခဲ့တဲ့ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "24K Magic" အတွက် ရည်ရွယ်ပြုလုပ်နေတဲ့ ဖျော်ဖြေပွဲမှာတော့ မီရှဲလ်အိုဘားမား လာရောက်အားပေးခဲ့တာဖြစ်ပါတယ်။ ဒီလိုပရိသတ်တစ်ဦးအဖြစ် လာရောက်ကြည့်ရှုခဲ့တဲ့ မီရှဲလ်ကို တေးသံရှင်ဘရူနိုမားစ်က ကိုယ်တိုင်သွားရောက်တွေ့ဆုံကာ အင်္ကျီတစ်ထည် လက်ဆောင်ပေးခဲ့တာလည်း ဖြစ်ပါတယ်။ အဆိုပါအင်္ကျီကတော့ မီရှဲလ်အိုဘားမားအတွက် သီးသန့်အထူးပြုလုပ် ပေးထားတာဖြစ်ပြီး အင်္ကျီပေါ်မှာ "Obama 24K" လို့ ရွှေရောင်စာလုံးတွေနဲ့ ရေးထိုးထားတာကိုလည်း တွေ့ရပါတယ်။

ဘရူနိုမားစ်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူ့ရဲ့တေးဂီတအဖွဲ့ "The Hooligans"နဲ့ မီရှဲလ်အိုဘားမားတို့ ဝါရှင်တန်ဖျော်ဖြေပွဲမှာ အတူရိုက်ကူးထားတဲ့ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံနဲ့အတူ ဘရူနိုမားစ်က ဖျော်ဖြေပွဲကို လာရောက် အားပေးချီးမြှင့်ခဲ့ကြောင်း ရေးသားဖော်ပြခဲ့တာလည်း တွေ့ရပါတယ်။

**အေးပြည့် - စုစည်းသည်**



# ဂွမ်နစတစ်ဖန်နီရဲ့ ခရစ္စမတ်တေးသီချင်းသစ် "Santa Baby"

ပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂွမ်နစတစ်ဖန်နီကတော့ လာမယ့်ခရစ္စမတ်ရာသီအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတွေကို ဆက်တိုက်ဆိုသလို ထုတ်လွှင့်နေတာတွေ့ရပါတယ်။ လတ်တလောမှာတော့ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်ဖြစ်တဲ့ "Santa Baby" ကို စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Santa Baby" ဟာ ယခုလအတွင်း ထုတ်လွှင့်သွားတော့မယ့် စတစ်ဖန်နီရဲ့ ခရစ္စမတ်တေးအယ်လ်ဘမ် "You Make It Feel Like Christmas" မှာ ပါဝင်မယ့်တေးသီချင်းဖြစ်ပြီး ယင်းတေးသီချင်းကို သူနဲ့ချစ်သူ ဘလိတ်ခ်ရှယ်လ်တန်တို့ရဲ့ စုံတွဲတေး "You Make It Feel Like Christmas"ကို စတင် ထုတ်လွှင့်ခဲ့ပြီးနောက် တစ်ပတ်ပြည့်ချိန်မှာ စတင်ထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။ လတ်တလောထုတ်လွှင့်လိုက်တဲ့တေးသီချင်းဟာ တေးသံရှင် အာသာကစ်ထ်ရဲ့ ၁၉၅၃ ခုနှစ်က ကျော်ကြားခဲ့တဲ့ ဂန္ထဝင်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Santa Baby" ကို ပြန်လည်ဆန်းသစ်သီဆိုထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂွမ်စတစ်ဖန်နီက ပြန်လည် ဆန်းသစ်သီဆိုထားရာမှာတော့ တေးဂီတအပြင် စာသားအချို့ကိုပါ ပြောင်းလဲထည့်သွင်းသီဆိုထားတာဖြစ်ပြီး ယင်းတေးသီချင်းဟာ သူ့ရဲ့အဆိုစွမ်းရည်ပိုင်နိုင်မှုကို ပေါ်လွင်အောင်ပြသနိုင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဂွမ်နစတစ်ဖန်နီရဲ့ တေးအယ်လ်ဘမ်သစ် "You Make It Feel Like Christmas" မှာ ပါဝင်တဲ့ တေးသီချင်းတွေအနက် လတ်တလောအချိန်အထိ နှစ်ပုဒ်ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ကာ လာမယ့် အောက်တိုဘာ ၆ ရက်မှာတော့ တေးအယ်လ်ဘမ်တစ်ခုလုံးကို စတင်ဖြန့်ချိသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ပဲခူးမြို့တွင်အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနားကျင်းပ



**ပဲခူး အောက်တိုဘာ ၂**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်က လူ့အဖွဲ့အစည်းအတွင်းကသက်ကြီးရွယ်အိုများ၏ အခန်းကဏ္ဍနှင့်အခွင့်အရေးများ ပိုမိုခိုင်မာအောင် ဆောင်ရွက်ရာတွင်အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာ့ရေမြေသဘာဝနှင့် လိုက်လျောညီထွေဖြစ်စေမည့် ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှု၊ မိမိကိုယ်မိမိစောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု ရပ်ရွာစောင့်ရှောက်မှုအားလုံး လုံလောက်စွာရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်၊ မိမိတို့အစိုးရအနေဖြင့်လည်း သက်ကြီးရွယ်အိုများ ကျန်းမာတက်ကြွပြီး ဂုဏ်သိက္ခာရှိစွာ ပါဝင်ဆောင်ရွက်ခွင့်ရသည့် မြန်မာ့လူ့အဖွဲ့အစည်းဖြစ်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများက အဘိုးအဘွားများအား ကန်တော့ချီးဖြင့်ကန်တော့ပြီး အခမ်းအနား တက်ရောက်လာသော အသက်(၉၀)နှင့်အထက် အဘိုး ၁၈ ဦး၊ အဘွား ၂၇ ဦး ပေါင်း ၄၅ ဦးတို့အား ဂုဏ်ပြုလှူဒါန်းငွေများနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ကန်တော့ခံအဘိုးတစ်ဦးက ဆုပေးစကားပြန်လည်ပြောကြားသည်။

**တင်စိုး(ပဲခူး)**



## ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူး ကျောင်းသား ကျောင်းသူများ သီတင်းကျွတ်ပွဲတော် ဆီမီးပူဇော်ပွဲ နှင့် မီးပုံးပျံ ၁၀၀၀ လွှတ်တင်ပူဇော်ပွဲကျင်းပမည်

**ကော့သောင်း အောက်တိုဘာ ၂**

ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်း၏ ဓမ္မစကူးကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်ကာလ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၆ ရက်) ညပိုင်းတွင် ကော့သောင်းမြို့ ကျက်သရေဆောင် ရွှေပြည်သာအာနန္ဒာစေတီတော် ရင်ပြင်ပေါ်၌ ဆီမီး ၃၀၀၀ ပူဇော်မီးထွန်းပွဲနှင့် မီးပုံးပျံ ၁၀၀၀ လွှတ်တင်ပူဇော်ပွဲကို ရိုးရာအစဉ်အလာမပျက် ဒုတိယအကြိမ်မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

မြို့နယ်လုံးဆိုင်ရာဓမ္မစကူးဖောင်ဒေးရှင်းနှင့် ထိုင်းနိုင်ငံ Dhama kaya foundation တို့ပူးပေါင်းပါဝင်မှုဖြင့် မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညနေပိုင်းတွင် စုရပ်အသီးသီးမှ တစ်မြို့နယ်လုံးရှိ ဓမ္မစကူးကျောင်းသား ကျောင်းသူ ၃၀၀၀ကျော်ခန့် သက်ဆိုင်ရာစုရပ်အသီးသီးမှ ဆီမီးကြာခွက်ငယ်များကိုင်ဆောင်စီတန်း လှည့်လည်၍ မြို့ကျက်သရေဆောင် ရွှေပြည်သာအာနန္ဒာစေတီတော် ရင်ပြင်ပေါ်၌ စုရုံးကာ ရင်ပြင်တော်တစ်ခွင်လုံး စနစ်တကျ ဆီမီးပူဇော်ကြပြီး မီးပုံးပျံအလုံး ၁၀၀၀ ကို လွှတ်တင်ပူဇော်၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသီတင်းကျွတ်မီးထွန်းပွဲတော်ကို ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ စတုဒိသာနိဗ္ဗာန်ဈေးအလှူတော်များဖြင့် စည်ကားသိုက်မြိုက်စွာဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကြို့ကုန်းကျေးရွာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး NEP တစ်အိမ်သုံး ဆိုလာမီးလင်းရေးစနစ်ဖွင့်လှစ်

**အိမ်မဲ အောက်တိုဘာ ၂**

အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electricfication Project - NEP) ဖြင့် ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာတွင် NEP အစီအစဉ်ဖြင့် တစ်အိမ်သုံးဆိုလာမီးလင်းရေး စနစ်ဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်နံနက် ၁၀ နာရီက အထက ကြို့ကုန်းကျောင်းရှေ့မုခ်ဦး၌ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသင်းဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မြင့်ထွေးနှင့်ကြို့ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်တင်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် အထက ကြို့ကုန်းမြတ်လေးရတနာခန်းမ၌ မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူးဦးသင်းဦးကအဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကမ္ဘာ့မြေပြန်လည်ဆန်းသစ်ကုမ္ပဏီမှ စီမံကိန်းတာဝန်ခံဦးတေဇာက တစ်အိမ်သုံးဆိုလာမီးလင်းရေးနှင့်ပတ်သက်၍ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာမီးလင်းရေးကော်မတီကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်တင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါ NEP တစ်အိမ်သုံးဆိုလာမီးလင်းရေးကို ကြို့ကုန်းကျေးရွာအုပ်စုနှင့်သဖန်းပင်ဆိပ်ကျေးရွာ အုပ်စုများရှိ ကျေးရွာ ၁၀ ရွာတွင် နိုင်ငံတော်မှ ၁၇၉ ဒသမ ၃၅ သန်း၊ ပြည်သူများထည့်ဝင်ငွေ ၂၁ ဒသမ ၇၈၇သန်းကုန်ကျခံ၍ 30W ၄၇ လုံး၊ 45W ၄၈ လုံး၊ 60 W ၄၃၄ လုံး ၃မျိုးခွဲခြား၍စုစုပေါင်း ၅၂၉ လုံးနှင့် ကျန်းမာရေးဌာန တစ်ခု၊ ပညာရေးကျောင်းများ လေးခု၊ ဘာသာရေးအဆောက်အအုံ ၁၃ ခု၊ လမ်းမီးတိုင် ၅၀ တို့တွင်တပ်ဆင်ပေးခဲ့ကြောင်းသိရသည်။

တစ်အိမ်သုံးဆိုလာမီးလင်းရေးဆောင်ရွက်ပေးမှုကြောင့် ကျေးရွာနေ ပြည်သူများ၏ လူမှုစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ဝမ်းသာပီတိစကားသံများကိုကြားသိခဲ့ရသည်။

**ဒေါ်ဒွေးဒွေးလှိုင်(ပြန်/ဆက်)**

## သုံးခွမြို့နယ် နံ့ယောကျေးရွာ ရေကန်ပတ်လည် သံဆန့်ခါများကာရံ

**သုံးခွ အောက်တိုဘာ ၂**

သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နံ့ယောကျေးရွာရှိ အများပြည်သူသောက်သုံး အားထားရသော စုစုပေါင်း ပေ၂၄၀၀ ရှိ ရေကန်ကို သန့်ရှင်းသော သောက်သုံးရေရရှိစေရေး၊ တိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရေးအတွက် ရေကန်ပတ်လည်အား ကွန်ကရစ်အုတ်တိုင်များစိုက်ထူ၍ အမြင့်ငါးပေ သံဆန့်ခါများ ကာရံခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့်ဝန်ထမ်းများက အောက်တိုဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်ရက်အတွင်းပြီးစီးစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး မှာကြားခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**



ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ပြည်မြို့ ခေတ္တရာမြို့သစ် (၃)လမ်းနှင့် (၅)လမ်းထောင့်တွင် ရပ်ကွက်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့် ထရန်စဖော်မာ၌ သစ်ပင်ချုံနွယ်များ ပိတ်ဖုံးလျက်ရှိသည်ကို အောက်တိုဘာ ၂ ရက်ကတွေ့ရှိရပြီး ဗို့အားများကျဆင်းကာ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေနိုင်သဖြင့် အမြန်ဆုံးရှင်းလင်းပေးစေလိုကြောင်း ဒေသခံများက ပြောကြားသည်။

**(၅၉၇)**

## ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ပြင်သင်တန်း ဖွင့်လှစ်ပို့ချ

**ဝါးခယ်မ အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ပြင်သင်တန်း ဖွင့်လှစ်ပို့ချမှုကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက ထော်ကန္တတ်ကျေးရွာ၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းဦးနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ သင်ကြားပို့ချမည့် လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း သင်တန်းသားများအနေဖြင့် တစိုက်မတ်မတ် လေ့လာသင်ယူပြီး မိမိတို့၏ လူမှုပတ်ဝန်းကျင်၌ သင်ယူတတ်မြောက်ပြီးသော ပညာရပ်ဖြင့် အကျိုးရှိရှိ အသုံးချစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ အခြေခံစက်ပြင်သင်တန်းကို မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ သင်တန်းသားများအပြင် အနီးအနားရှိ ထော်ကန္တတ်ကျေးရွာ၊ ဦးကြီးတော် ကျေးရွာများမှ သင်တန်းသား ၃၀ အား ဒီဇယ်အင်ဂျင်အမျိုးမျိုး၊ ဓာတ်ဆီအင်ဂျင်အမျိုးမျိုး ပြုပြင်ထိန်းသိမ်းမှုများနှင့် ပတ်သက်၍ အောက်တိုဘာ ၂ ရက်မှစတင်ကာ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**


Ovaltine
အရေအတွက်
ကန့်သတ်ထားပါသည်
အိုဗာတင်း သီတင်းကျွတ်
အထူးထုပ်ပိုးမှုပုံစံအသစ်
ချစ်ခင်ရသူတွေအတွက် အကောင်းဆုံးလက်ဆောင်
ကျန်းမာရေးအတွက် အကောင်းဆုံး
လက်ဆောင်မွန်
Ovaltine
Ovaltine
Malted
ကျန်းမာချမ်းသာ သီတင်းကျွတ်ချိန်ခါ


ကျွန်တော် SCG ကို ယုံကြည်တယ်။
ဘာလို့လဲဆိုတော့ SCG က ကျွန်တော်တို့နဲ့အတူ
ပိုမိုကောင်းမွန်သော လူမှုအဖွဲ့အစည်းနှင့်
ဘဝအရည်အသွေးတွေကို မြှင့်တင်ပေးနေလို့ပဲ ဖြစ်ပါတယ်။
SCG Sharing the Dream
ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနား
SCG Sharing the Dream
မျိုးဆက်သစ်လူငယ်တွေအတွက်
အနာဂတ်နေ့သစ်များကို
တည်ဆောက်ပေးရန်
ပညာသင်ဆုများကို
2012 ခုနှစ်ကတည်းက
ချီးမြှင့်ပေးအပ်ခဲ့ရာ ယခုဆိုရင်
လူငယ်အယောက်ပေါင်း
1,300 ကျော်ရှိခဲ့ပါပြီ။
Sharing a Brighter Vision
မျက်စိအတွင်းတိမ်
ကုသပေးမှုအစီအစဉ်အနေဖြင့်
2015 ခုနှစ်မှ စတင်ကာ
မွန်ပြည်နယ်အတွင်းရှိ အတွင်းတိမ်
မျက်စိဝေဒနာရှင်များအား
အခကြေးငွေမယူပဲ
အမြင်အာရုံပြန်လည်ရရှိအောင်
ပံ့ပိုးကူညီပေးပြီး စိတ်ချမ်းသာမှုတွေကို
ပြန်ပေးနိုင်ခဲ့ပါတယ်။
SCG ကို ယုံကြည်ပြီး ပိုမိုကောင်းမွန်တဲ့
အနာဂတ်နေ့ရက်များကို ကျွန်တော်တို့နဲ့အတူ
တည်ဆောက်လိုက်ပါ။
SCG PORTLAND CEMENT
www.scg.com/mm
SCG

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်
# GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower)များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

**DEVELOPER-**
**GA MONE PWINT CO.,LTD.**
အမှတ်(၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL : 01- 524 963, 01- 526 928**
**01- 516 533~6**

## ကြော်ငြာ


**ရွှေအိုးကြီး** သီတင်းကျွတ် အထူးလျှော့ဈေး
မြဝတီ၊ မဲဆောက်၊ ဘားအံ
Hotel တည်း (Visa) စား/ငြိမ်း (70000)
Sep -29, Oct-4,6,13,20,27 ထွက်
ပုဂံ၊ ပုပ္ပါးခရီးစဉ် Hotelတည်း (80000)
09421073634, 777636630

**Holiday**
Car Rental Service
ရန်ကုန်မြို့တွင်း/နယ်ဝေး ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
Ph: 09-5111235, 09-420077975

**ကား** မျိုးစုံ
Alphard, Hiace ၉/၁၃ဝယာက်စီး၊၂၄/၂၉/၃၃/၄၅ဝယာက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249, 095418126
09-795546884

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ကျောင်းသားအများဆောင်
**ရွှေလက်ဆောင်**
**စေတနာပါသောလက်ဆောင်သည်တန်ဖိုးမဖြတ်နိုင်**

သင်ထောက်ကူပြုရောင်စုံပုံပြသင်ရိုးကုန်စာအုပ်များ




ရွှေလက်ဆောင်စာပေသည် ပညာရေးအထောက်အကူပြုစာအုပ်များကိုပညာနှင့်စေတနာပေါင်းစပ်၍ အစဉ်အမြဲ ကောင်းသည်ထက် ကောင်းအောင်စီမံထုတ်ဝေလျက်ရှိပါသည်။ယခု အခြေခံပညာသင် ဆရာ၊ ဆရာမများမှ သင်ကြားမှု၊ သင်ယူမှု ပိုမိုထိရောက်စေရန် ပေးပို့သော အကြံဉာဏ်များအရ

**၄ တန်း၊ ၅ တန်း၊ ၆ တန်း၊ ၇ တန်း များ၏ မြန်မာစာ/ပထဝီဝင်/သမိုင်း/ အထွေထွေသိပ္ပံ**

ဘာသာရပ် (၄) ခုကို ပြဋ္ဌာန်းသင်ရိုးသစ်နှင့်အညီ ပြုစုထားသော သင်ရိုးကုန် အမေးစုံ၊အဖြေစုံ စာအုပ်များတွင်

**မှတ်စုပါ သင်ထောက်ကူပုံများ အမေးအဖြေတွင်ပါသည့်ပုံများအား အရောင်စုံဖြင့်ဖော်ပြထားပါသည်၊**

*တတ်သိနားလည်မှုကို စစ်ဆေးသည့်အမေးအဖြေများ၊* ပြည့်စုံလုံလောက်သည့် အခန်းလိုက် လေ့ကျင့်ခန်းများ၊

***စာမေးပွဲတွင် မေးလေ့မေးထရှိသည့် အမေးများ မေးနိုင်သည့် အမေးပုံစံများစွာနှင့် အမှတ်ပြည့်ရ ဖြေဆိုချက်များ**

တို့ဖြင့် လုပ်ဟာမှုမရှိ ထောင့်စုံ လမ်းညွှန်ပေးထားပါသည်။

လေ့လာလေ့ကျင့်မှုများသူတို့သည် ထူးချွန်အောင်မြင်ကြ၏

**ထွက်နေပါပြီ**




GARTEN FLOOR
Specialize of Vinyl & Laminate Floor



**သီတင်းကျွတ် အထူး ပရိုမိုးရှင်း**

ယခင်ဈေး - ~~230,000/-~~
ယခုဈေး - 190,000/-



**Vinyl Floor**
- 100% ရေစိုခံနိုင်ခြင်း။
- 100% Vergin Materials
- Negative Ion Technology ပါဝင်သောကြောင့်ကျန်းမာရေးနှင့်ညီညွတ်ခြင်း။
- အလွယ်တကူခြစ်ရာပွန်းရာမထင်ခြင်း။
- မီးအားခါက်ခံနိုင်ခြင်း။
- ဖြတ်တပ်ရလွယ်ခြင်း။
- ရာသီဥတုကြောင့်ဖြစ်ပေါ်သော စိုထိုင်းမှုကို (၁၀၀%) ကာကွယ်နိုင်ပါသည်။

**Laminate Floor**
- အလွယ်တကူခြစ်ရာပွန်းရာမထင်ခြင်း။
- မီးအားခါက်ခံနိုင်ခြင်း။
- ဖြတ်တပ်ရလွယ်ကူပြီး အခြားနေရာတွင် ပျက်စီးမှုမရှိဘဲ ပြန်ခင်းနိုင်ခြင်း။
- Double Clip System ကို အသုံးပြုထားသောကြောင့် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ရာတွင် ခိုင်မြဲခြင်း။
- မတော်တဆ ညစ်ပေသွားလျှင်လည်း အလွယ်တကူ သန့်စင်နိုင်ခြင်း။
- မီးဖက်ကို သာမန်ထက် ပိုမိုခံနိုင်ရည်ရှိခြင်း။
- Polish တင်ရန်မလိုဘဲ အမြဲတမ်းတောက်ပအရောင်မှိန်ခြင်း။

HOT 09 459 177778
LINE 09 240 0988

PRO 1 ဆိုင်ခွဲတိုင်းတွင်လည်း Garten Floor ကိုဝယ်ယူရရှိနိုင်ပါသည်။

အမှတ်(၂၂၄)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | : garten.sh@gmail.com
09-459177775, 09-790177706, 09-790177708, 09-790177709 | : https://www.facebook.com/gartenmaterials/


**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ အဆောက်အအုံအမှတ်(A-2)၊ အခန်းအမှတ်( 709 ) Type(E) River View အကျယ်အဝန်း(၁၅၅၂)စတုရန်းပေရှိသည့်တိုက်ခန်းကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းကို Thanlyin Estate Development Ltd ၏ တိုက်ခန်းအမည်ပေါက် အရောင်းအဝယ်ကတိစာချုပ်တွင် ဒေါ်လှလှမြင့်(၁၂/ပဘတ(နိုင်)၀၂၁၉၉၂)ကတရားဝင်အမည်ပေါက်လျှက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

| | |
|---|---|
| ဦးသန့်ဇင် (LL-B) | ဒေါ်ဟန်နွေနိုင် (LL-B) |
| အထက်တန်းရှေ့နေ(စဥ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဥ်-၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀) ပ-ထပ်၊ အခန်း(D-2)၊ ဘက်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်




**IGCSE** Primary Classes & Secondary Classes

*Eng, Maths, Phy, Chem, Bio, ICT, Business, Accounting* ဘာသာရပ်များကို ဝါရင့်ကျွမ်းကျင်သော ဆရာ၊ ဆရာမများမှ နေအိမ်သို့လာရောက်သင်ကြားပေးပါသည်။ Study Guide များလိုအပ်လျှင် ဆက်သွယ်နိုင်ပါသည်။

ဆရာ ဦးလှမြင့်ဦး(ပိုင်ဇေ) 09 73177816, 09 795888783

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၄၁)၏ တိုက်ခန်းအမည်ပေါက် ဒေါ်မြင့်မြင့်စန်း [၆/မအရ(နိုင်)၀၆၁၇၈၆]မှ စုပေါင်းပိုင် အဆောက်အအုံ ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် အခန်းပိုင်ဆိုင်မှုအတွက် (Owner Book) မိတ္တူမှန် ပြန်လည်ထုတ်ပေးနိုင်ရေး လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂) နေပြည်တော်သို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းပိုင်ဆိုင်မှု မိတ္တူမှန် (Owner Book) ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အိမ်ရာ(၂)**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

ရွှေမြင့်မိုရ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
Ph:09-450093119
09-263119919
09-777565619

ဝန်ထမ်းအလိုရှိသည်
Cashier မ (၂) ဦး
beauty saloon မ (၂) ဦး
မျက်နှာပေါင်းတင်
Spa ကျွမ်းကျင်သူ မ (၃) ဦး
နေစားငြိမ်း/နယ်တွင် တာဝန်ထမ်းဆောင်ရန်
Ph - 09 5052383
09 792231235

မြရတနာ ASIA KING
+ချောင်းသာ (နေ့စဉ်) 12000
+ငွေဆောင် (သောကြာ) 15000
+ကျိုက်ထီးရိုး (နေ့စဉ်) 10000
အိမ်အရောက်လက်မှတ်ပို့ဝန်ဆောင်မှု
09-77 85 85 912, 09-43 11 43 01

ဟိန်း 01,2330054
095160048
09-782470755
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
www.heincarrental.com

DM TRAVELS
ချောင်းသာ – ၁၀၀၀၀ ကျပ်
ငွေဆောင် – ၁၃၀၀၀ ကျပ်
09- 25710 3030
09- 25254 5050

ချောင်းသာ
OASIS
ကား + စား + တည်း (ငြိမ်း)
"အိမ်အရောက်လက်မှတ်ဖြတ်ပေးသည်"
Ph: 095038616, 09254197844

တာဝတိံသာ
အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့လိုပါက ၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊ ၁၀ ဘီး၊ ၁၂ ဘီးကားများနှင့် အလုပ်သမားများ အပါပြောင်းရွှေ့ပေးသည်။ (မြို့တွင်း / နယ်ဝေး)
09-32152526
09-421024222
09-31483218
09-49344288



## ဒေါ်စန်းစန်းချို
## အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်ဟောင်း(၁)၊ အခန်း (၂၀)၊ ဖဆပလရပ်ကွက်နေ (ဦးကျော်အေး-ဒေါ်သန်းကြည်)တို့၏ သမီးကြီး၊ ဗိုလ်မှူးစိုးညွန့်(ငြိမ်း) (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)-ဒေါ်အေးအေးဝ (အထက-၁၊ ဒဂုံ)၊ ဦးသက်လွင်၊ ဦးကျော်စိုး-ဒေါ်မီးမီး၊ ဒေါ်ငွေငွေဦး(အမက-၆၊ ကျောက်တံတား)တို့၏ အစ်မ၊ မောင်ဇော်ထွန်းအောင်-မသက်သက်နွယ်၊ မောင်အောင်စိုးဝင်းတို့၏ မိခင်သည် ၂-၁၀-၂၀၁၇(တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နိုင်းပျံ့နှံ့ကောင်း
## အသက် (၈၇)နှစ်

တုံ့ပူရီဟိုတယ်ပိုင်ရှင် ဦးစိုင်းတစ်အောင် (နောင်တုံ့ကမ္ဘာ)နှင့် ဒေါ်နန်းယုံတို့၏မိခင်ကြီး ဒေါ်နိုင်းပျံ့နှံ့ကောင်း အသက် (၈၇)နှစ်သည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းစိန်(M.D)

Asia Express Group of Companies

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကြာဦး(ခ) ရင်မိုရင်
(တံ့ပွာ စက်ရှုပ်းဆိုင်၊ တောင်ကြီးမြို့)
## အသက်(၉၀)နှစ်

တောင်ကြီးမြို့ ကန်အရှေ့ရပ်ကွက်၊ ကုန်သည်လမ်း၊ အိမ်အမှတ်(၁၄၃)နေ ဒေါ်သန်းဝေ၏ ခင်ပွန်း ဦးကြာဦး(ခ)ရင်မိုရင် အသက် (၉၀)နှစ်သည် (၂၉-၉-၂၀၁၇) (သောကြာနေ့)၊ မွန်းတည့် (၁၂း၃၀) နာရီ အချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Good Brothers' Co.,Ltd မိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းအောင်
## အသက် (၆၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်သန်းသန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ငြိမ်းငြိမ်းခိုင်၊ မရွှန်းလဲ့ဝေတို့၏ဖခင်သည် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းအောင်
## အသက် (၆၁) နှစ်
MUEG Co.,Ltd (Director)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၁၃)လမ်း၊ အမှတ်(၁၈၄)နေ ဒေါ်သန်းသန်းရီ(သူနာပြု-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မခင်ငြိမ်းငြိမ်းခိုင် (MUEG Co., Ltd)၊ မရွှန်းလဲ့ဝေ (Pukyoung National University, South Korea)၏ချစ်လှစွာသောဖခင်ကြီး ဦးသန်းအောင် အသက်(၆၁)နှစ်သည် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

MUEG Co., Ltd
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

## ကျေးဇူးအထူးတင်ရှိပါကြောင်း

ဒိုက်ဦးမြို့၊ ကျောင်းကြီးလမ်းနေ ဖခင်ကြီး ဦးမျိုးထိန်(ခ)ဦးဘွန်ကြူး နာမကျန်းဖြစ်စဉ်က ကုသပေးခဲ့သော ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးအားလည်းကောင်း၊ နာရေးကိစ္စတွင် အစစအရာရာ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေအပေါင်းအသင်းအားလုံးနှင့် လိုက်ပါပို့ဆောင်ပေးကြသော မော်တော်ယာဉ်အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူ ကြူကြူမွေး မိသားစု

## ဦးကျော်ဇော
## အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၁၀၉/၃)၊ ဓမ္မစေတီလမ်းနေ (ဒေါ်ခင်ခင်အေး)၏ခင်ပွန်း၊ ဦးသိန်းမြင့်-ဒေါ်ခင်သန်းနု၊ ဦးကျော်သိန်း-ဒေါ်ယုဇန၊ ဒေါ်ခင်မျိုးဇော်တို့၏မွေးသဖခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးကျော်ဇောသည် ၂-၁၀-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မေမေခင်(ညောင်ပင်ဆိပ်)
## အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ သမ္မတကွန်ဒိုနေ (ဦးစံညွန့်-ဒေါ်ရွှေညာ)တို့၏ သမီး၊ (ဦးကျော်ရှိန်)၏ဇနီး၊ ဦးဖေဖေကျော်-ဒေါ်ခင်မျိုးတင့်၊ ဦးကိုကိုကျော်၊ ဒေါ်မေမေကျော်၊ ဒေါက်တာတင်မောင်ကျော်-ဒေါ်ဆန်းဆန်းဖြူ၊ ဦးအောင်မျိုးကျော်-ဒေါ်တင်တင်ကျော်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ (အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၇ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
## ဒေါ်ရီရီမြင့်(ခ)ဒေါ်ရိုစီဖေရင်(မိတ္ထီလာ)
## အသက် (၇၄)နှစ်

မိတ္ထီလာမြို့နေ (ဦးဖေရင်-ဒေါ်မေကြိုင်)တို့၏ သမီးကြီး၊ (ဦးညိုလှ-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၆)လမ်းသွယ်၊ သုခလမ်း၊ အမှတ်(၄၂)နေ [ဗိုလ်မှူးဖေသိန်း (စည်သူ-၃၅၊ အားကစားကလောင်ရှင်]၏ ချစ်လှစွာသောဇနီး၊ ဦးဆန်းဝင်းညို-ဒေါ်စုစုလှိုင်၊ ဦးမျိုးအေးသိန်း (ရေကြောင်းပြမှူးကြီး-မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ချောချောစု၊ Capt. ဇော်မြင့်နိုင် (ES Shipping Co.,Ltd Singapore)-ဒေါ်ခင်မိုးသူ၊ ဦးဝေဇင်ဦး (C/O, St.JOHNS Shipmanagement Ltd.)-ဒေါ်သဥ္ဇာဦးတို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းခန့်ကျော်၊ မောင်စိုင်းလင်းသန့်မောင်၊ မသုမွန်ဟန်၊ မဖြူစင်ဝင်းသန့်၊ မစောခမ်းဟွမ်၊ မစုမြတ်ဝင်းထက်တို့၏ အဘွားသည် ၂၉-၉-၂၀၁၇ (သောကြာနေ့) ညနေ ၃း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၇(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း (နေပြည်တော်)
## အသက် (၅၉)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ကြည်)-ဒေါ်ယဉ်သိန်းတို့၏သား၊ (ဦးအောင်စိန်)-ဒေါ်မြကြူတို့၏သားသမက်၊ ဒေါ်တင်တင်ရီ(လ/ထ ညွှန်မှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန)၏ခင်ပွန်း၊ ဦးမောင်မြင့်-(ဒေါ်မြင့်မြင့်သန်း)၊ (ဦးကျော်စိုး)တို့၏ညီ၊ ဦးဖြိုးသူရဝင်း-ဒေါ်အိဝေနှင်းတို့၏ ချစ်လှစွာသောဖခင်၊ ကိုကျော်ဇေယျာမြင့်၊ မခိုင်စန္ဒာမြင့်၊ မောင်နှင်းဆီကိုကို၊ မောင်ညဏ်လင်းနိုင်တို့၏ဦးလေး၊ ခွန်းဆင့်သံသာ(ခ)ဂျူးဂျူး၏ ဘိုးဘိုးသည် နေပြည်တော်(ကောင်းသစ်)ဆေးရုံ၌ ၁-၁၀-၂၀၁၇ရက် ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၇ (စနေနေ့)တွင် တိုက်အမှတ်(၅၃၂၁) အခန်း (၀၁)၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ဆွေ (၄၇)နှစ်
### (အငယ်တန်းအင်ဂျင်နီယာ-၂၊ သံလမ်း၊ တိုင်းအမှတ်-၇၊ ရန်ကုန် မြန်မာ့မီးရထား)

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ်နေ (ဦးသံချောင်း)-ဒေါ်ပု တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နေ (ဦးတင်အုန်း)-ဒေါ်တင်နုတို့၏သားသမက်၊ ကလောမြို့နေ ဒေါ်ခင်မာအေး၊ လေးမျက်နှာမြို့နေ ဦးငွေးလွင်-ဒေါ်ခင်မျိုးလွင်တို့၏ ညီ/မောင်၊ ဦးမင်းအောင်-ဒေါ်တင်မာမိုး၊ ကလောမြို့နေ ဒေါ်စိုးစိုးဝင်း (တိုင်းအမှတ်-၄၊ ကလော၊ မြို့ပြအင်ဂျင်နီယာဌာန)၊ ဦးဝင်းကျော်မိုး (တိုင်းအမှတ်-၄၊ ကလော၊ သွားလာပို့ဆောင်ရေးဌာန)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ တိုက်အမှတ်(၂)၊ အခန်း(၂)၊ ဗိုလ်တထောင်မီးရထားဝင်းနေ ဒေါ်သင်းသင်းနု (ဌာနခွဲစာရေး၊ တိုင်းအမှတ်-၆၊ ရန်ကုန်၊ မြို့ပြအင်ဂျင်နီယာဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်ဖြိုးပိုင်(Grade-9)၏ ကျေးဇူးရှင်ဖခင်သည် ၁-၁၀-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၂း၃၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်အေး
## အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက်အမှတ်(၁၃၀)၊ အခန်း(၁၀၄)၊ (၅၁)လမ်း၊ အလယ်နေ (ဗိုလ်မှူးကြီး ခင်မောင်ထိန်)၏ဇနီး၊ ဦးစိန်မင်း-ဒေါ်ခင်ဝင်းအေး၊ ဦးဝင်းထိန်-ဒေါ်ဝါဝါဘုန်းတို့၏မိခင်၊ ဦးသန်းထွေး-ဒေါ်ခင်စန်းနွဲ့တို့၏အစ်မ၊ မမိုးစုထိန်၊ ကိုရဲမင်းထွန်း-စုမွန်လွင်၊ မသီရိထိန်၊ ကိုဒဲရစ်ထက်ဒိုး-မစောမာလာဝင်း၊ ကိုသူရိန်ကိုကို-ဒေါက်တာသီရိဝင်းထိန်တို့၏ အဘွား၊ ဦးရဲမျိုးအောင်-ဒေါ်စိမ်းခက်လယ်၊ ဦးဇော်ဝင်း-ဒေါ်ချောစုထွေး၊ ဗိုလ်မှူးဖြိုးစည်သူဝင်း - ဒေါ်စုဖြိုးမွန်တို့၏ ကြီးကြီး၊ မောင်စွမ်းထက်တိုး၊ မမေကြည်ဖြူထက်၊ မောင်ဘုန်းပြည့်စုံတို့၏ ဘွားဘွားကြီး ဒေါ်ခင်အေးသည် ၂-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

### ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ဖွားအေး(ကော့သောင်း)
## အသက် (၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်းနေ (ဦးကျော်သောင်း)၏ဇနီး၊ ဒေါ်ခင်နွဲ့၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်သန်းသန်းဝင်း(အလကခွဲ၊ အင်္ဂပူ)၊ ဒေါ်ရွှေရွှေဝင်း၊ (ဦးဗိုလ်မျိုး)၊ ဦးကျော်မျိုး၊ ဒေါ်ညိုညိုဝင်း၊ ဒေါ်ဝါဝါဝင်း၊ ဒေါ်ခိုမာဝင်းတို့၏မိခင် ဒေါ်ဖွားအေးသည် ၂၉-၉-၂၀၁၇(သောကြာနေ့) ည ၈း၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကော့သောင်းမြို့ ရွှေပြည်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယကာကြီး
## ဦးမောင်မောင်(ခ)ချန်ကော့ကျန်
## အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၇၇/၈၉)၊ အခန်း(၁၀၄)၊ (၁၈)လမ်းနေ (ဦးမောင်ဟန်-ဒေါ်ကျင်ရွှေ)၊ (ဦးစွန်ဝှက်-ဒေါ်ကျင်အေး)တို့၏သားသမက်၊ ဒေါ်ခင်သူဇာ၏ချစ်ခင်ပွန်း၊ ကိုအောင်ဝင်း-မကေသွယ်နိုင်၊ ကိုကျော်မိုးဟိန်း၊ မောင်နေဇော်ထက်၊ မဖြူဖြူခိုင်တို့၏ ကျေးဇူးရှင်ဖခင်သည် ၂-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းအောင် (၆၁)နှစ်
### (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဥက္ကဋ္ဌ)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၁၃)လမ်း၊ အမှတ်(၁၈၄)နေ (ဦးငထီး)-ဒေါ်မခင်တို့၏သား၊ ဦးစောအေး-(ဒေါ်မစော)တို့၏သားသမက်၊ ဦးစိန်အေး-ဒေါ်သန်းခင်၊ ဒေါ်သန်းမြင့်၊ ဦးသန်းဝင်း-ဒေါ်တင်ရွှေတို့၏ အစ်ကို/မောင်၊ ဒေါ်သန်းသန်းရီ(သူနာပြု-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ငြိမ်းငြိမ်းခိုင် (MUEG Co., Ltd)၊ မရွှန်းလဲ့ဝေ (Pukyoung National University, South Korea)တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁-၁၀-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

## ဒေါ်သက်သက်မော်(ခ)မမိုး
## အသက်(၄၇)နှစ်

မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာနေ ဦးစံဝင်း-(ဒေါ်သောင်းရင်)တို့၏ သမီး၊ ဦးသောင်းစိန်-(ဒေါ်လှရှင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၄၂)၊ သုံးလွှာ၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ မဖူးပွင့်အောင်၊ မမူမူအောင်၊ မောင်အောင်ပိုင်ဖြိုးတို့၏မိခင်၊ ဦးမျိုးအောင်(ခ)ဦးညွန့်ဝင်း၏ဇနီး ဒေါ်သက်သက်မော်(ခ)မမိုးသည် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၆း၀၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၇(ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ သံဝရ
## သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်
### [စိန်ရတနာ ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်]

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ချောင်းကြီးကျေးရွာနေ ခမည်းတော် ဦးတိုက်သိမ်း၊ မယ်တော်ဒေါ်ပုတို့၏ဒုတိယမြောက်သား၊ ဦးထွန်းကြည်၏ညီ၊ ဆရာလေး ဒေါ်သုစိတ္တာ၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၇)လမ်း၊ ရန်အောင်ကျောင်းတိုက်၊ စိန်ရတနာကျောင်းတိုက်၏ ပဓာနနာယကဆရာတော်သည် (၁၃၇၉၊ သီတင်းကျွတ်လဆန်း ၁၁ ရက်) ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၅-၁၀-၂၀၁၇(ကြာသပတေးနေ့) ညနေ ၄နာရီတွင် စိန်ရတနာကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမဈာပနကျင်းပပူဇော်မည်ဖြစ်ပါကြောင်း။ [ဆရာတော်အားရည်စူး၍ (စနေနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။] စိန်ရတနာကျောင်းတိုက်

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ထားရင်
### (မြိတ်-အရှေ့မော်တုန်း)
## အသက် (၈၇)နှစ်

မြိတ်မြို့နယ်၊ အရှေ့မော်တုန်းရွာနေ (ဦးဖိုးချွန်း-ဒေါ်သိန်းမေ)တို့၏ သမီး၊ (ဦးကြီးညွန့်-ဒေါ်ကြီးမြင်)တို့၏ သမီးချွေးမ၊ (ဦးခင်လှ)၏ ဇနီး၊ မြိတ်မြို့၊ ဘုရားငါးဆူ-စာသင်တိုက် အရှင်ကုန္ဒောဘာသ၏ မယ်တော်၊ မြိတ်မြို့၊ ကန်စွန်းအင်းရပ်ကွက်နေ (ဦးမောင်ဝင်း)-ဒေါ်ရီတင်၊ ဦးလွန်းရီ (ပညာရေးမှူး-ငြိမ်း)-ဒေါ်နုကြည်၊ ဗိုလ်မှူး ကြီးရင်(ငြိမ်း)-ဒေါ်ထွေးထွေးလှ၊ ဦးမောင်လွင်-ဒေါ်အေးကြူ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ နေပြည်တော်ကောင်စီလမ်းနေ ဗိုလ်ကြီးလှညွန့်(ငြိမ်း)-ဒေါ်မြတ်သီတာကို (ရွှေထိုက်တန်ကုမ္ပဏီ)၊ မြိတ်မြို့၊ ကန်စွန်းအင်းရပ်ကွက်နေ ဦးသန်းထွန်းအောင်-ဒေါ်လေးတင်၊ ဦးဇော်ဇော်လင်း-ဒေါ်စိုးစိုးနွယ်(မြိတ်-တက္ကသိုလ်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၅ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်ထားရင်သည် ၁-၁၀-၂၀၁၇ရက် ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် မြိတ်မြို့၊ ကလွင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Anselm ဦးမောင်မောင်ခင်
## အသက် (၈၇) နှစ်
### (၁၆)လမ်း ကြေးအိုးဘုရင်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၇)လမ်း၊ အမှတ်(၁၃၆)နေ (ဦးရှင်-ဒေါ်ကြည်ရင်)တို့၏သား၊ Anna Khoo ဒေါ်အမာ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ဦး-ဒေါ်စီစီဝင်း (ဗိုလ်မြတ်ထွန်းလမ်း-ကြေးအိုးဘုရင်)၊ ဦးတင်ထွန်း-ဒေါက်တာမွန်မြတ်အေး(စဉ့်အိုးတန်း-ကြေးအိုးဘုရင်)၊ ဦးတင်မြင့်-ဒေါ်လှလှနွယ်(၂၇-လမ်း၊ ကြေးအိုးဘုရင်)၊ ဒေါက်တာတိုးနိုင်-ဒေါ်ခင်မာချို (ခေတ္တ-USA)၊ ဒေါ်ခင်မာလာ(၁၆-လမ်း၊ ကြေးအိုးဘုရင်)တို့၏ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇း၅၉ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဗိုလ်အောင်ကျော်လမ်းရှိ စိန်မေရီဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်ထွဋ် (ပဲခူး)
## အသက် (၇၆)နှစ်
### အထက(၂)ရန်ကင်း (စိန်မိုင်ကယ်)၊ အလက(၂)ရန်ကင်း ကန်တော့ခံဆရာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးသင်း-ဒေါ်သိန်း)တို့၏သား၊ (ဦးစံဖြူ-ဒေါ်အုံးရင်)တို့၏သားသမက်၊ (ဒေါ်လှအေး)၏ခင်ပွန်း၊ (ဦးစိုးညွန့်-ဒေါ်တင်နွဲ့)၊ (ဦးကြီးညွန့်)-ဒေါ်နယ်လီ၊ (ဦးကျင်ငွေ-ဒေါ်ခင်မြမြ)၊ (ဒေါ်ခင်လှသင်း)၊ ဦးသိန်းသန်း-(ဒေါ်အမာနီ)တို့၏ညီ၊ ဦးရဲညွန့်-ဒေါ်ခင်စန်းသင်း၊ ဦးနေထွန်း-ဒေါ်ခင်နှင်းနွယ်တို့၏အစ်ကို၊ ဒုဗိုလ်မှူးကြီးဖြိုးမင်းစိုး(ခ)ဖြိုးဇင်ဦး-ဒေါ်အေးစန္ဒာကျော်တို့၏ဖခင်သည် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ညွန့်ကျင် (ခ) ဒေါ်မွေး
## အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၃၉)၊ မြေညီထပ်နေ (ဦးကျောင်ဟုတ်-ဒေါ်သန်းကြည်)တို့၏ သမီးကြီး၊ အမှတ်(၁၀၈-၁၁၀)၊ (၂၃)လမ်းနေ ဦးမြင့်လွင်-ဒေါ်ညွန့်လှိုင် (ဦးကျောင်ဟုတ် ပလတ်စတစ်လုပ်ငန်း)တို့၏ညီမ၊ (ဦးအင်းတ္တာ)၊ ဒေါ်ညွန့်ရီ၊ ကိုကျော်မြင့်-[ဒေါ်ညွန့်ကြည် (ရွှေဟင်္သာ ပရိဘောဂ)]၊ ဦးဝင်းကြည်၊ ဦးဝင်းမြိုင်-ဒေါ်ယဉ်ယဉ်ဝင်းတို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ် ဒေါ်ညွန့်ကျင်(ခ)ဒေါ်မွေးသည် ၂-၁၀-၂၀၁၇ ရက် နံနက် ၇း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဟန်ဝင်းအောင်(အလုပ်အမှုဆောင်)
### မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း
## အသက် (၅၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာဝင်း၊ အမှတ်(၆၄)နေ ဒေါ်နှင်းဥမ္မာထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မပြည့်ပြည့်မြတ်ဘုန်းဟန်(ခေတ္တ-စင်ကာပူ)၏ဖခင် ဦးဟန်ဝင်းအောင် (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း)သည် ၂၉-၉-၂၀၁၇ ရက် ဘန်ကောက်စံတော်ချိန် ညနေ ၄း၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းရုံးမှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) အလုပ်အမှုဆောင်အဖွဲ့

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားတက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ သွားရောက်မည်

**နေပြည်တော်　အောက်တိုဘာ　၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒူလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဘုရင်၏ နန်းမွေဆက်ခံသည့်နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆာရီဘီဂါဝန်မြို့သို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)




## Yangon Water Bus ၏ ပိုလ်တထောင်-အင်းစိန် ခရီးစဉ် အောက်တိုဘာ ၇ ရက်တွင် စတင်ပြေးဆွဲမည်

**ရန်ကုန်　အောက်တိုဘာ　၂**

ရန်ကုန်မြို့၏ မြစ်ချောင်းများအတွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း Yangon Water Bus ၏ ပထမဦးဆုံးခရီးစဉ်ဖြစ်သည့် ပိုလ်တထောင်-အင်းစိန် ခရီးစဉ်ကို အောက်တိုဘာ ၇ ရက်တွင် စတင်ပြေးဆွဲသွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

Yangon Water Bus စတင်ပြေးဆွဲခြင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၇ ရက်တွင် ပိုလ်တထောင်နှင့် အင်းစိန် အောင်ဇေယျတံတားအောက်ဂိတ်ကို စတင်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

"Yangon Water Bus ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက်မှ ပြုလုပ်မှာဖြစ်ပါတယ်။ အောက်တိုဘာ ၇ ရက်ကစပြီးတော့ ပိုလ်တထောင်-အင်းစိန်ခရီးစဉ်ကို စတင်ပြေးဆွဲမှာဖြစ်ပါတယ်။ ကျန်တဲ့ခရီးစဉ်တွေကိုလည်း ဆက်လက်တိုးချဲ့သွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖

## အိမ်နီးချင်းနိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသည့် ကိစ္စရပ်များကို နှစ်နိုင်ငံအကျိုးစီးပွား စဉ်းစား၍ ဖြေရှင်းနိုင်မည်ဟု ယုံကြည်

**နေပြည်တော်　အောက်တိုဘာ　၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Abdul Hassan Mahmood Ali ၏ဖိတ်ကြားချက်အရ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ သွားရောက်လျက်ရှိပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျလည်း လိုက်ပါသွားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳


ရန်ကုန်မြို့ ပိုလ်ချုပ်အောင်ဆန်းဈေးနှင့် Junction City အကြား ပိုလ်ချုပ်လမ်းမပေါ်တွင် သီတင်းကျွတ်အထိမ်းအမှတ် ရောင်စုံမီးများဖြင့် အလှဆင်ထားစဉ်။ (ဓာတ်ပုံ-ဇာဏီ)



## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)17/MR1 (ISN) | စက်ခေါင်းသုံး Filter (၁၁)မျိုး ဝယ်ယူရန် |
| ၂ | ၅၃/မမ/CME (MIT) | တွဲတည်ဆောက်ရန်ပစ္စည်းများ (၂၉၆)မျိုး ဝယ်ယူရန် (Pin, တွဲအရန်ပစ္စည်းများ၊သံထည်ပစ္စည်းများ၊ဂဟေပစ္စည်း၊Bolt, Nut, Washer ၊ ပိုက်နှင့်ပိုက်ဆက်၊ လက်သုံးကိရိယာ၊ Roller Bearing နှင့် အထွေထွေပစ္စည်းများ) |
| ၃ | ၅၄/မမ/CME | အလုံပိတ်ကုန်တွဲ GBHV (AAR)(၅၀)တွဲ တည်ဆောက်ရန် |
| ၄ | ၅၅/မမ/CME | စက်ခေါင်းသုံး Traction Motor (၄၈)လုံး ပြုပြင်ရန် |

တင်ဒါပိတ်မည့် နေ့/အချိန် အမှတ်စဉ်-(၁)(၂) ၃၀.၁၀.၂၀၁၇ (တနင်္လာနေ့) (၁၄ : ၃၀)နာရီ
အမှတ်စဉ်-(၃)(၄) ၉.၁၁.၂၀၁၇ (ကြာသပတေးနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၂.၁၀.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994




City Mark ဆိုင်များတွင် မေးဝယ်ပါ မယ်နဲ့မောင်စာပေ၊
အမှတ်(၁၇၈)၊ (၄)လွှာ၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉ ၄၄၃၀၄၅၈၃၅

## ဂိုဒေါင်ငှားမည်

ပုဇွန်တောင်မြို့နယ်ရှိ ပေ(၂၅×၆၀) အမြင့်(၂၅)ပေရှိ ထပ်ခိုးပါ RC ဂိုဒေါင် နှစ်ချုပ်ဖြင့် ငှားရန်ရှိသည်။

**၅၇ လမ်း၊ ကိုထွန်း (ကားရေဆေး) ဘေး**

**ဖုန်း-၀၉-၅၁၁၆၈၄၇၊ ၀၉-၄၂၈၁၈၉၇၁၂၊ ၀၉-၄၂၀၀၀၈၂၀၉**

## အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက်၊ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

ဆက်သွယ်ရန်

၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁(ရုံးအချိန်အတွင်းသာ)

ဗုဒ္ဓ ဓမ္မ သံဃ

# LUCKY HOME

**ဆေးသုတ်ဝန်ဆောင်မှုလုပ်ငန်း**



Unitex = 90, 170, 220
Orient = 150, 250, 300
Premier= 220, 350, 400
ICI = 300, 400, 650

(၁)ပေ ပတ်လည် ပစ္စည်းလက်ခ **အပြီးအစီး**

ဆေးသုတ်ခြင်း၊ ပေါလစ်တင်ခြင်းတို့ကို စိတ်တိုင်းကျဝန်ဆောင်မှုပေးနေပါသည်။

**Ph: 09-425305837, 09-250161966**

## စိုးခံ (လင်း) ကုမ္ပဏီ

(open daily) (ဗဟန်းရုံး) မှ အမြန်ရောင်း/ငှါးမည်

| | | | |
|---|---|---|---|
| ၁၊ရန်ကင်း၊ ပြည်သာယာလမ်းမ | (60x155) | မြေ | 20500L |
| ၂၊မင်္ဂလာဒုံ၊ အမှတ်(၃)လမ်းမ | (180x420) | မြေ | 13900L |
| ၃၊မရမ်းကုန်း၊ ရွှေနှင်းဆီလမ်း | (0.38ဧက) | 1RC | 11500L |
| ၄၊လှိုင်သာယာစက်မှုဇုန် | (1.9ဧက) | မြေ | 11400L |
| ၅၊ကမရ၊ အောင်မြေသာစည်အိမ်ရာ | (60x80) | 3RC | 11000L |
| ၆၊မရမ်းကုန်း၊ ပါရမီရိပ်သာ | (90x90) | မြေ | 8650L |
| ၇၊မရက၊ (၉)မိုင်လမ်းသန့် M1,B2 | (70x140) | 1RC | 7700L |
| ၈၊သင်္ဃန်းကျွန်း၊ သုဝဏ္ဏ - VIP | (65x90) | မြေ | 3450L |
| ၉၊တာမွေ၊ မေတ္တာညွန့် | (60x60) | မြေ | 2950L |
| ၁၀၊အစ၊ အောင်ဇေယျအိမ်ရာ | (70x70) | 2RC | 2500L |
| ၁၁၊ရန်ကင်း၊ ကံဘဲ့လမ်းသွယ် | (45x80) | မြေ | 2200L |
| ၁၂၊သာကေတ၊ရတနာအိမ်ရာ | (70x75) | မြေ | 1900L |
| ၁၃၊ ကမာရွတ်၊သံလွင်လမ်းမ | (140x130) | 3RC | U$4500 |
| ၁၄၊လှိုင်၊ ကန်လမ်းမ | (45x90) | မြေ | 27L |
| ၁၅၊တ/ဥ၊ မေတ္တာလမ်းမ | (40x60) | မြေ | 10L |

**01- 552742, 09 5060938 ,09 5060940,09 73500535**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်း၊ တိုက်အမှတ် (၆၁၇) ၊ အခန်းအမှတ်-မှန်ခန်း၊ ခေါင်းရင်းဘက်ခန်း၊ အကျယ်အဝန်း (၁၁.၅ပေ × ၄၇ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းနိုင် (၁၀/မလမ (နိုင်) ၀၉၅၂၈၇) ထံမှ ကျွန်ုပ်မိတ်ဆွေ က ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၈၂) |

**Hein Htet San Law Firm**

ဖုန်း– ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နှယ်နီ(၈)လမ်း၊ အမှတ်(၃၅၆)၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)ပေါ်ရှိ (၆)ထပ်တိုက် အဆောက်အအုံ၏ (မြေညီထပ်) တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့သည် ဒေါ်ဇင်ဇင်မြင့်မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းမှ မရှိကြောင်းဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါ သည့်နေ့မှ (၇)ရက်အတွင်းခိုင်မာသော စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်း မူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး (စဉ်-၆၆၀၅)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံး- (ဃ/၃၀၄)၊ (ပထမထပ်)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာ၊**
**ဖုန်း-၀၉ ၅၄၀၇၂၂၉**

# MNL Myat Noe Lay Co.,Ltd.

Fire Services Department
Inspection Certificate

# SMILE

GIC UKAS QUALITY MANAGEMENT 045
ISO 9001:2015 Cert.No.685942




**ABC Dry Chemical Powder Type**

**SMILE မီးသတ်ဆေးဗူး အသုံးပြု၍**
**မီးငြိမ်းသတ်ရေး**
**သရုပ်ပြပွဲကိုရန်ကုန်မြို့တွင်**
**အခမဲ့ဆောင်ရွက်ပေးပါသည်။**

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

**၃ နှစ် အာမခံ**

ဗူး ၁၀၀ နှင့်အထက် (15%)Discount

| 1Kg | 2Kg | 3Kg | 3Kg (Pipe) | 25Kg | 50Kg |
|---|---|---|---|---|---|
| 10000Ks | 12000Ks | 15000Ks | 16000Ks | 180000Ks | 220000Ks |

(ရန်ကုန်) Hot Line: 01 556577,09 5028000, 01 548157

အမှတ်(၄၁)၊ဦးချစ်မောင်လမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်။

